# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၀)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး **H.E. Mr. Huang Kunming** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၈**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာန ဝန်ကြီး H.E. Mr. Huang Kunming ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကူညီပေးနေမှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**အာဏာနည်အောင်ဆန်း စိတ်ဓာတ်ဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုကြ** *စာမျက်နှာ - ၆*

**ပြောင်းရွှေ့ဖွင့်လှစ်မည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြင်ဆင်မွမ်းမံလျက်ရှိ** *စာမျက်နှာ - ၉*

**ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ဂျပန်နိုင်ငံတွင် သေဆုံးသူဦးရေ ၆၈ ဦးအထိ ရှိလာ** *စာမျက်နှာ - ၁၄*




# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့တွင်း ကတ္တရာလမ်းသစ်များ ဖွင့်လှစ်ပေး

မြစ်ကြီးနား ဇူလိုင် ၈

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ စည်ပင်-ပြည်သူ ပူးပေါင်းဆောင်ရွက်ပြီးစီးသည့် ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးပြီး မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ပင်မရေနုတ်မြောင်း ဆောင်ရွက်နေမှုတို့ကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။**




ထို့နောက် နံနက် ၉ နာရီတွင် လယ်ကုန်းရပ်ကွက်အတွင်း အ.ထ.က ဇီးလွန်ကျောင်းဘေးလမ်း အရှည်ပေ ၈၀၀၊ အကျဉ်းထောင်သွားလမ်း အရှည်ပေ ၁၄၀၀၊ ဓမ္မပါလဘုန်းကြီးကျောင်းလမ်း အရှည် ၅၄၇၅ ပေနှင့် အကျဉ်းဦးစီး- အနောက်လယ်ကုန်းလမ်းမကြီး ဆက်စပ်လမ်းအရှည်ပေ ၂၄၀၀ တို့ကို စည်ပင်-ပြည်သူပူးပေါင်း၍ စုစုပေါင်းကုန်ကျငွေ ကျပ် ၂၀၆၅ ဒသမ ၀၈၈ သိန်းဖြင့် ခင်းကျင်းဆောင်ရွက်ပြီးစီးသည့် ကတ္တရာလမ်းသစ်များကို အ.ထ.က ဇီးလွန်ကျောင်းဘေး ကတ္တရာလမ်းသစ်၌ ပြည်နယ်ဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခေမာသီရိရပ်ကွက်၊ ရမ်ပူရပ်ကွက်နှင့် အောင်နန်းရပ်ကွက်ချင်းဆက်လမ်းဖြစ်သည့် အနော်ရထာလမ်းကို လမ်းတိုးချဲ့၍ ကတ္တရာခင်းကျင်းဆောင်ရွက်နေမှု၊ ကြက်ပေါင်ခြံရပ်ကွက်ရှိ အမှတ် (၄) ပင်မရေနုတ်မြောင်းမကြီးကို ကျောက်စီရေနုတ်မြောင်းအဖြစ် ဆောင်ရွက်နေမှု၊ မြစ်ကြီးနားမြို့ ရွှေလမ်းမကြီးအား အေးမြသာယာရပ်ကွက်အတွင်း လမ်းဘေးတစ်ဖက် ခြောက်ပေစီတိုးချဲ့၍ ခင်းကျင်းဆောင်ရွက်မည့် အခြေအနေနှင့် ဒူကထောင်ရပ်ကွက်အတွင်း အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်းသွား လမ်းပေါ်ရှိ ရေဝပ်နေရာ၌ မြေသားဖို့၍ တံတားတည်ဆောက်ပေးနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်း၊ တံတားများ တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေရှည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ်တရားလွှတ်တော်ရုံးအတွင်း ခရိုင်၊ မြို့နယ်များမှ တရားရေးအရာရှိများနှင့် ဝန်ထမ်းများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် USAID တို့ ပူးပေါင်းဖွင့်လှစ်သည့် နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဆောင်ရွက်ခြင်းသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

# နိုင်ငံတကာကင်းထောက်လူငယ်များနှင့် မြန်မာနိုင်ငံ ကင်းထောက်လူငယ်များအတွက် ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း နေပြည်တော်တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၈**

နိုင်ငံတကာကင်းထောက်လူငယ်များ၊ မြန်မာနိုင်ငံ ကင်းထောက်လူငယ်များ ငြိမ်းချမ်းရေးအတွက် အတွေးအမြင်များ အပြန်အလှန်ဆွေးနွေးကြရန် ရည်ရွယ်၍ အာရှပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်းပြီး "ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း" (Dialogue for Peace Training) ကို နေပြည်တော် အားကစားရွာ (Gold Camp) ၌ ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

"ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း" ကို ဇူလိုင် ၂၂ ရက်မှ ၂၆ ရက်အထိ နိုင်ငံတကာမှ ကင်းထောက်လူငယ်များ အချင်းချင်း ရင်းနှီးမှု ရရှိစေရေးနှင့် လူငယ်ထုအတွင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် တန်ဖိုးများကို စူးစမ်းရှာဖွေခံစားကာ ပြည်သူများသို့ အသိပညာများ မျှဝေနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး နိုင်ငံတကာကင်းထောက်အဖွဲ့ဝင် နိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်(စ်)တေ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ အသက် ၁၈ နှစ်မှ ၂၆ နှစ်ရှိ ကင်းထောက်လူငယ် အမျိုးသား အမျိုးသမီး ၃၅ ဦးနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ တက္ကသိုလ်ကောလိပ်များမှ ကင်းထောက်လူငယ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်များအပါအဝင် ၃၅ ဦးတို့ အတူတကွ တက်ရောက်ကြမည်ဖြစ်သည်။

သင်တန်းတွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ကော်မတီဝင်များ၊ နိုင်ငံတကာ အတွေ့အကြုံရှိ ကင်းထောက်သင်တန်းနည်းပြများက ငြိမ်းချမ်းရေးနှင့် ဆက်နွှယ်သည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာ စသည့်အပိုင်းတွင် ငြိမ်းချမ်းရေးစကားဝိုင်းများ ပြုလုပ်ခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော ကမ္ဘာကြီးဖြစ်ပေါ်လာစေရန် အပြုသဘောဆောင်သော ငြိမ်းချမ်းရေးစကားဝိုင်းဖြင့် လူသားအချင်းချင်း လေးစားလိုက်နာစေရန် ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးစကားဝိုင်းဆိုင်ရာ နည်းပညာများကို သင်တန်းသားတစ်ဦးချင်းက တန်ဖိုးအဖြစ် အသုံးချလာတတ်စေမည့် နည်းစနစ်များ၊ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငြိမ်းချမ်းခြင်း လိုအပ်ချက်နှင့် ငြိမ်းချမ်းရေးစကားဝိုင်းတန်ဖိုး တိုးတက်လာစေရန် ဆောင်ရွက်မည့် အစီအစဉ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသားများ၏ လေ့လာရေးခရီးစဉ်အဖြစ် နေပြည်တော်ရှိ အမျိုးသားပြတိုက်နှင့် ကျောက်မျက်ရတနာပြတိုက်တို့ကို ကြည့်ရှုလေ့လာကြမည် ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာမှ ကင်းထောက်လူငယ်များနှင့် မြန်မာကင်းထောက်လူငယ်များ၏ "ငြိမ်းချမ်းရေးစကားဝိုင်းသင်တန်း" ဂုဏ်ပြုညစာစားပွဲကို ဇူလိုင် ၂၂ ရက် ညပိုင်း၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံအလိုက် ရိုးရာတေးသီချင်းများ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် သရုပ်ဖော်အဆိုအကများ၊ နိုင်ငံအလိုက် ရိုးရာတိုင်းရင်းသားဝတ်စုံများ၊ ရိုးရာအသုံးအဆောင်များ ခင်းကျင်းပြသရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

*ထင်သာမြင်သာပြုပြင်စရာ*

# ရွှေကူမြို့နယ် မိုးစစ်ကျေးရွာအနီးရှိ တံတားကို အမြန်ပြုပြင်ပေးစေလို

ရွှေကူမြို့နယ် မိုးစစ်ကျေးရွာနှင့် မြို့ကုန်းကျေးရွာချင်းဆက်လမ်းသည် ခုနစ်မိုင်ကျော်ခန့်သာရှိပြီး အများပြည်သူ နေ့စဉ်သွားလာအသုံးပြုနေသော လမ်းဖြစ်ပါသည်။

အဆိုပါလမ်းကို အသုံးပြု၍ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အချိန်တိုအတွင်း ခရီးပေါက်၍ အဆင်ပြေလျက်ရှိသည်။ အဆိုပါကျေးရွာလမ်းမှ တံတားလေးစင်း တည်ဆောက်နေပြီး သုံးစင်းမှာ ဖြတ်သန်း၍ရပြီဖြစ်သော်လည်း မိုးစစ်ကျေးရွာအနီးရှိ တံတားပေါက်သည် ပြီးစီးမှုမရှိသေးပါ။ ယခုအချိန် ဧရာဝတီမြစ်ရေကြီး၍ ရေတိုးဝင်လာပြီး လမ်းလွှဲပေးထားသော လမ်းသည် မြစ်ရေများဝင်ရောက်လျက်ရှိရာ လယ်များ၊ အခင်းများသို့ နွားလှည်းများနှင့် သွားလာသူ တောင်သူများ အခက်အခဲဖြစ်နေရသည်။

ထိုတံတားပြီးစီးမှသာ လမ်းအသုံးပြုသူများ အဆင်ပြေမည်ဖြစ်သဖြင့် ထိုတံတားကို အမြန်ဆုံးပြီးစီးအောင် သက်ဆိုင်ရာမှ ပြုလုပ်ပေးစေလိုကြောင်း ခရီးသွားပြည်သူများထံမှ သိရသည်။

**လဘန်အောင် (ကချင်မြေ)**





# ကိုယ်ကျင့်တရားနှင့် အမှန်တရားကို မြတ်နိုးမှုတို့၏ စံပြုပုဂ္ဂိုလ်

**Idol** (အိုင်းဒေါလ်)ဟုဆိုလျှင် အဆိုပြိုင်ပွဲတစ်ခုကို အကြောင်းပြုကာ နိုင်ငံတစ်ဝန်းမှ ကလေးပါမကျန် သိနေကြပြီ ဖြစ်သည်။ ဝေါဟာရ၏ အနက်အဓိပ္ပာယ်အနေဖြင့်မူ လွန်စွာချစ်ခင်ခြင်း၊ လေးစားခြင်း၊ ရိုသေလေးမြတ်ခြင်းခံရသူ လူပုဂ္ဂိုလ် သို့မဟုတ် ရုပ်တု၊ ဆင်းတု၊ အရာဝတ္ထုတို့ကို ဆိုသည်။ ကိုယ်ကျင့်သီလဖြူစင်သူ၊ ပကတိရိုးသားသူ၊ ဖြောင့်မတ်သူ၊ ရဲရင့်သူ၊ ဉာဏ်ပညာကြီးမားသူ၊ ရောင့်ရဲတင်းတိမ်သူ၊ ခွင့်လွှတ်သည်းခံသူ၊ စွန့်လွှတ်အနစ်နာခံသူတို့ကို လူအများက ချစ်ခင်လေးစားကြသည်။ ယုံကြည်အားထားကြသည်။ အတုယူအားကျကြသည်။ လူပုဂ္ဂိုလ်တစ်ဦးတည်းတွင် ဆိုခဲ့ပါအရည်အချင်းအားလုံးတို့ ရှိနေပြီဆိုလျှင်မူ ထိုပုဂ္ဂိုလ်သည် လူတိုင်းက စံနမူနာယူစရာ စံပြုပုဂ္ဂိုလ်ဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သက်ရှိထင်ရှားရှိစဉ်ကတည်းက ထိုကဲ့သို့သောပုဂ္ဂိုလ်မျိုးဖြစ်သည်။

ဖြူစင်ဖြောင့်မတ်ခြင်းနှင့် ပကတိရိုးသားခြင်းတို့သည် ဗိုလ်ချုပ်၏ အထင်ရှားဆုံးသောစရိုက်လက္ခဏာများဖြစ်ကြောင်းကို သူနှင့်ထိတွေ့ဆက်ဆံခဲ့ရသူတိုင်းက အသိအမှတ်ပြုထုတ်ဖော်ကြသည်။ ဂျပန်တပ်မတော်မှ ကာနယ် ဆူဇူကီး၊ ဗြိတိသျှတပ်မတော်မှ ဗိုလ်ချုပ်ဆာဝီလျံဆလင်း၊ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် စသည့် စစ်မက်ဖက်ပြိုင်ရင်ဆိုင်နေကြသည့် ဘက်နှစ်ဖက်စလုံးမှ ပုဂ္ဂိုလ်များ၊ ကမ္ဘာကျော်ဗြိတိသျှစာရေးဆရာ ဘောဂဗေဒနှင့် နိုင်ငံရေးသိပ္ပံပါရဂူပါမောက္ခလက်စကီး၊ မောရစ်ကောလစ်၊ အိန္ဒိယအမျိုးသားခေါင်းဆောင်ပန်ဒစ်ဂျဝါဟာလာနေရူးစသည့် ပုဂ္ဂိုလ်များ၏ ဗိုလ်ချုပ်အပေါ်အမြင်နှင့် သဘောထားတို့ကို စာအုပ်စာတမ်း မှတ်တမ်းမှတ်ရာများတွင် တွေ့ရှိနိုင်သည်။

"အောင်ဆန်းသည် အထူးရိုးသားဖြောင့်မတ်တည်ကြည်သူတစ်ယောက်ဖြစ်သည်။ စစ်ခေါင်းဆောင်တစ်ဦးအနေဖြင့်လည်း သူသည် သတ္တိကောင်းသလောက် စစ်မှုရေးရာကျွမ်းကျင်သူဖြစ်သည်။ အောင်ဆန်းသည် မျိုးချစ်စိတ်အပြည့်အဝရှိသူတစ်ဦးဖြစ်၍ ကျွန်ုပ်တို့အားလုံးက ဂျပန်ပြည်တွင်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဘီအိုင်အေတပ်ဖြင့် ချီတက်ဝင်ရောက်ခဲ့ချိန်ကလည်းကောင်း သူ့အပေါ်အထူးပင် လေးစားမိခဲ့ကြသည်" ဟု ကာနယ်ဆူဇူကီးခေါ် ဗိုလ်မိုးကြိုးက ပြောကြားခဲ့ဖူးကြောင်း ဒေါက်တာမောင်မောင်ကမှတ်တမ်းတင်ခဲ့ဖူးသည်။ ဒုတိယကမ္ဘာစစ်အပြီး နယ်ချဲ့လက်အောက်မှ လွတ်မြောက်လုဆဲ အာရှနိုင်ငံများအား မှန်ကန်သောခေါင်းဆောင်မှုပေးနိုင်သူမှာ မြန်မာပြည်မှ အောင်ဆန်းသာဖြစ်သည်ဟု အိန္ဒိယအမျိုးသား ခေါင်းဆောင်ကြီး မစ္စတာ နေရူးက ယုံကြည်ခဲ့သည်။ မသမာသူတို့လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်ကျဆုံးသွားကြောင်း ကြားသိရချိန်တွင် အိန္ဒိယခေါင်းဆောင်ကြီး နေရူးသည် ယူကျုံးမရဝမ်းနည်းစွာဖြင့် "မြန်မာနိုင်ငံအတွက်သာမဟုတ်၊ အာရှနိုင်ငံများအတွက်ပါ ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်တစ်ဦးကျဆုံးရခြင်းဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ကိုယ်ကျင့်တရားနှင့် အမှန်တရားကို မြတ်နိုးမှု **(Love of Truth)** သည် ဗိုလ်ချုပ်ခံယူခဲ့သည့် လူတစ်ဦးတွင် ရှိထားရမည့် စံနှစ်ရပ် ဖြစ်သည်။ ယင်းစံနှစ်ရပ်ကို အမှန်တကယ်လည်း ကျင့်သုံးခဲ့ခြင်းကြောင့် ခေတ်ပြိုင် ပြည်တွင်းမှ နိုင်ငံရေးခေါင်းဆောင်များထက် ရှေ့တန်းရောက်ကာ ဗိုလ်ချုပ်၏ ဦးဆောင်မှုနောက်တွင် နိုင်ငံတစ်ဝန်းလုံးမှ တိုင်းရင်းသားပြည်သူအားလုံးက တစ်စည်းတစ်လုံးတည်း လိုက်ပါခဲ့ကြခြင်းဖြစ်သည်။ အဆုံးစွန်သော စွန့်လွှတ်မှု၊ ကိုယ်ကျင့်တရားနှင့် အမှန်တရားကို မြတ်နိုးမှုတို့၏ ကိုယ်စားပြုမှုအဖြစ် ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးဆက်သစ်တို့အတွက် စံနမူနာယူဖွယ်ရာ ထာဝရတည်ရှိနေပါမည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ညှော်သည်တော် တရုတ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရွှေစံအိမ်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။**

သတင်းစဉ်

## ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတဂေဟာများသို့ သွားရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၈**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်း အတွင်းရေးမှူးပါမောက္ခ ဒေါက်တာမြသီတာဦးဆောင်သည့် အဖွဲ့ဝင်ငါးဦးပါဝင်သည့်အဖွဲ့သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ အောင်ဇေယျာမင်း မိဘမဲ့ပရဟိတဂေဟာ၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ရွှေကျင်ကျောင်းပရိယတ္တိစာသင်တိုက်နှင့် ဝိဇယမင်္ဂလာပရိယတ္တိ စာသင်တိုက်များသို့ သွားရောက်လေ့လာခဲ့ပြီး အဆိုပါပရဟိတဂေဟာများမှ ဦးစီးပဓာနနာယက ဆရာတော်များ၊ ကျောင်းအကျိုးဆောင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ မူဝါဒ၊ ဆောင်ရွက်ချက်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်သည့် ကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများကို ဆွေးနွေးပြောကြားကာ ပရဟိတဂေဟာများအသင်းအဖွဲ့ မှတ်ပုံတင်ပြုလုပ်ရာတွင် ကြန့်ကြာမှုမရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အောင်ဇေယျာမင်းမိဘမဲ့ပရဟိတဂေဟာမှ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇေယျာနန္ဒက "အခုလို ဘုန်းကြီးတို့လိုအပ်ချက်တွေကို လာရောက်မေးမြန်းပြီး သက်သာရာ သက်သာကြောင်းနည်းလမ်းတွေပေးတဲ့အတွက် ဘုန်းကြီးမှာအားဆေးရသလို ဖြစ်သွားတာပေါ့။ ဘုန်းကြီးရဲ့အခက်အခဲတွေ ဒီနေ့ကစပြီး ကျော်လွှားသွားပြီ၊ စိတ်တွေလေးတာတွေလည်းပေါ့သွားပြီဆိုတော့ ဝမ်းသာတာပေါ့ "ဟု ပြောသည်။

အောင်ဇေယျာမင်း မိဘမဲ့ပရဟိတဂေဟာကို ၂၀၀၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ယခုအချိန်တွင် မိဘမဲ့ကလေးသူငယ်များအပါအဝင် ကျောင်းသားကျောင်းသူစုစုပေါင်း ၂၇၀၀ ကျော်ရှိသည်။ ရွှေကျင်ကျောင်းပရိယတ္တိစာသင်တိုက်တွင် မိဘမဲ့ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၂၃ ဦးနှင့် ဝိဇယမင်္ဂလာပရိယတ္တိစာသင်တိုက်တွင် မိဘမဲ့ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၇၀ ကျော်ရှိကြောင်း သိရသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့် ၂၀၁၇ ခုနှစ် ဧပြီလက စတင်ဖွဲ့စည်းခဲ့ပြီး အသိပညာပေးလုပ်ငန်းစဉ်များ၊ ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေမိခင်များအား ပြုစုစောင့်ရှောက်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-လှမိုး**



## သတင်းမီဒီယာကောင်စီဝင်အသစ် ရွေးကောက်ပွဲကို လာမည့် ဩဂုတ်လလယ်တွင် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၈**

သတင်းမီဒီယာကောင်စီ ဒုတိယသက်တမ်းတွင် တာဝန်ထမ်းဆောင်ရန် သတင်းမီဒီယာကောင်စီဝင်အသစ်ရွေးကောက်ပွဲကို လာမည့်ဩဂုတ်လလယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ Summit Parkview ဟိုတယ်၌ ကျင်းပသည့် သတင်းမီဒီယာကောင်စီ ရွေးချယ်တင်မြှောက်ခြင်းနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေအရ ကောင်စီသက်တမ်းကို သုံးနှစ်ခွင့်ပြုထားရာ လာမည့် နိုဝင်ဘာ ၁၁ ရက်တွင် သက်တမ်းပြီးဆုံးမည်ဖြစ်သည့်အတွက် တာဝန်ပေးရန် ကောင်စီဝင်အသစ်များကို ရွေးချယ်ခြင်းဖြစ်သည်။

သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးကိုမျိုးက "သတင်းမီဒီယာကောင်စီဝင်အရေအတွက်ကို အနည်းဆုံး ၁၅ ဦးမှ ၃၀ အထိ ရွေးချယ်တင်မြှောက်ခွင့်ရှိပါတယ်။ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေအရ သတင်းမီဒီယာအဖွဲ့အစည်းတွေ၊ တစ်ဦးချင်း သတင်းစာဆရာတွေ၊ စာရေးဆရာအသင်းအဖွဲ့တွေ၊ ကဗျာဆရာအသင်းအဖွဲ့တွေ၊ ကာတွန်းဆရာအသင်းအဖွဲ့တွေက ၂၂ ဦး၊ အခြားပညာရှင်တွေ၊ ဥပဒေပညာရှင်တွေစသည်ဖြင့် ပညာရှင်တွေက ငါးဦးအထိ ရွေးချယ်ခွင့်ရှိပါတယ်။ နောက်ပြီး နိုင်ငံတော်သမ္မတက အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပြုတဲ့ ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ၃၀ ဦးအထိ တင်မြှောက်ခွင့် ရှိပါတယ်"ဟု ပြောသည်။

အဖွဲ့အစည်းများ၏ အမည်စာရင်းတင်သွင်းခြင်းနှင့် သတင်းမီဒီယာကောင်စီဝင် ကိုယ်စားလှယ်လောင်း အဆိုပြုလွှာပုံစံကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝက်ဘ်ဆိုက်နှင့် Mm.presscouncil ကွန်ရက်စာမျက်နှာတွင် ကူးယူရရှိနိုင်ပြီး ကာယကံရှင်ကိုယ်တိုင် ကောင်စီရုံးသို့ လာရောက်၍ လည်းကောင်း၊ mmpresscouncil@gmail.com အီးမေးလ်ဖြင့်လည်းကောင်း ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်သည်။

ကောင်စီဝင်ရွေးချယ်ရာတွင် အဖွဲ့သို့တင်ပြလာသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ အရေအတွက်သည် သတ်မှတ်အချိုးအစားထက် ပိုလွန်နေပါက အဆိုပြုလာသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်လောင်းအားလုံးက စုပေါင်း၍ မဲပေးရွေးချယ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၈-** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၈**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း၊ တပ်မတော်ပညာရေးကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း(မင်္ဂလာဒုံ) အောင်ဆန်းသူရိယလှသောင်းကျောင်း၊ ဒုတိယဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်)၊ တတိယဆုရရှိသည့် အမှတ် (၁၈)အခြေခံပညာအထက်တန်းကျောင်း (မန္တလေး) တို့မှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများကိုလည်းကောင်း၊ အောင်ချက်အကောင်းဆုံးပထမဆုရရှိသော အမှတ် (၂) တပ်မတော်ပညာရေးကျောင်း (မိတ္ထီလာ)၊ အမှတ် (၁၁) တပ်မတော်ပညာရေးကျောင်း(မုံရွာ)နှင့် တတိယဆုရရှိသော အမှတ် (၃) တပ်မတော်ပညာရေးကျောင်း (အောင်ပန်း)တို့မှ ကျောင်းအုပ်ကြီးများကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ခြောက်ဘာသာဂုဏ်ထူးရှင်များနှင့် (၇၂) ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် နိုင်ငံတော်အဆင့် (ပထမဆု)၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိမ်(၂၀)မြောက် ပိုစတာပြိုင်ပွဲ၊ နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် (ဒုတိယဆု)၊ ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဗဟိုအဆင့်ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာနှင့် ပိုစတာပြိုင်ပွဲတွင် (ဒုတိယဆု)၊ နိုင်ငံတော်အဆင့် Singapore and Asia Schools Math Olympiads (Bronze Award) 2018 ပြိုင်ပွဲတွင် (တတိယဆု) ရရှိခဲ့သူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီးတို့က ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦးအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**အဝေးရောက်ချီးမြှင့်**

ယနေ့ကျင်းပပြုလုပ်သော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းသုံးကျောင်း၊ တပ်မတော်ပညာရေးကျောင်းသုံးကျောင်း၊ တစ်ဘာသာနှင့်နှစ်ဘာသာဂုဏ်ထူးရရှိခဲ့သူ စစ်သည် ၃၂ ဦး၊ တပ်မတော်သားမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများနှင့် စစ်သည်အစားခန့် အရပ်သား အမှုထမ်းများ၏ သားသမီးများဖြစ်ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် ၅၀၊ ငါးဘာသာဂုဏ်ထူးရှင် ၁၁၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၆ ဦး၊ နိုင်ငံတော် အဆင့် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၄ ဦးကိုလည်းကောင်း၊ နိုင်ငံတော်အဆင့်ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲဆုရရှိသူလေးဦး၊ အဆင့်မြင့်ပညာအဆင့်အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော်သားမိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီး ၈၄ ဦး စုစုပေါင်း ၄၇၉ ဦးတို့အား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အတူ ပညာဒါနစေတနာရှင်အလှူရှင်များက လှူဒါန်းငွေများဖြင့်တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီး များမှ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၁၃၈ ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူ ၃၀၅ ဦး စုစုပေါင်း ၁၄၄၃ ဦးတို့အား ဂုဏ်ထူးတစ်ဘာသာလျှင်ဂုဏ်ပြုငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၂၀ ဦးအား ရွှေပြားဆုများကိုလည်းကောင်း အဝေးရောက်ချီးမြှင့်ခဲ့သည်။

**ပြည်ပလေ့လာရေးခရီး**

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သားသမီးများအားဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ခုနှစ်မှစတင်ပေးအပ်ခဲ့ရာ ယခုအကြိမ်သည် သတ္တမအကြိမ်မြောက်ဖြစ်ပြီး စုစုပေါင်းခြောက်ဘာသာဂုဏ်ထူးရှင် ၂၇၃ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၅၅၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၁၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၆၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃၅၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၄၇၁၀ တို့အား ဂုဏ်ပြုရွှေသားဆုနှင့် ငွေသားဆုများချီးမြှင့်ပေးခဲ့သည်။ ထို့ပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာသင်ဆုများကိုလည်းချီးမြှင့်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် ၇၂ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၈၆ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၈၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၈၁ ဦးနှင့် ယခုနှစ်တွင် ၈၄ ဦး ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် စုစုပေါင်း ၄၀၅ ဦးအား လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်းနှင့် ဆုရရှိသူများအနက် ထူးချွန်စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကို ၂၀၁၃ ခုနှစ်မှစတင်၍ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ပြီး ယခုနှစ်တွင်လည်းထပ်မံ၍ ပြည်ပလေ့လာရေးခရီးစီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ဓာတ်အားခွဲရုံများ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ဇူလိုင် ၆ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နှင့် ဖယ်ခုံမြို့တို့ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံများသို့ ရောက်ရှိစစ်ဆေးခဲ့ပြီး လျှပ်စစ်ဓာတ်အားများ ဗို့အားပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားခွဲရုံ Main Transformer များ၏ ဗို့အားအဝင်အထွက်များကိုစိစစ်တွက်ချက်၍ Tapping အဆင့်မြှင့်ခြင်းလုပ်ငန်းများအား ကျွမ်းကျင်ဝန်ထမ်းများနှင့် ဆောင်ရွက်ပေးသည်။

ထို့နောက် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ၃၃/၁၁ကေဗွီ၅အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Switchyard အတွင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လွိုင်ကော်မြို့အတွင်းရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကေ၅၀၀ ဓာတ်အားခွဲရုံ၊ ၃၃/၁၁ကေဗွီ၁၀အမ်ဗွီအေ ရွာတန်းရှည်ဓာတ်အားခွဲရုံနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆီဆိုင်မြို့ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ၁၃၂ ကေဗွီ တောင်ကြီးပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားလက်ခံ၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စစ်တွေကမ်းခြေ၌ အနားယူ အပန်းဖြေသူများဖြင့် စည်ကား

**စစ်တွေ ဇူလိုင် ၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ကမ်းခြေတွင်အနားယူအပန်းဖြေသူများ၊ ဘောလုံးအားကစားပြုလုပ်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

တနင်္ဂနွေ ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ စစ်တွေမြို့ပေါ်မှ လာရောက်အပန်းဖြေအနားယူသူများ၊ အနီးအနားမြို့နယ်များမှ လာရောက်အပန်းဖြေသူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိသည်။

"ကျွန်တော်က ရန်ကုန်ဇာတိပါ။ စစ်တွေကို လုပ်ငန်းတာဝန်နဲ့ လာရောက်နေထိုင်တဲ့ အစိုးရဝန်ထမ်းတစ်ဦးပါ။ ရုံးပိတ်ရက်ဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့တိုင်း ဒီသောင်ပြင်မှာလာပြီး အပေါင်းအသင်းတွေနဲ့ ဘောလုံးကစားပါတယ်။ ဒီနေရာမှာ ကန်ရတာက ပင်လယ်ကိုဖြတ်ပြီး တိုက်လာတဲ့ လေကောင်းလေသန့်လည်းရတယ်။ သဲသောင်ပြင်ပေါ်မှာ ဖိနပ်မပါခြေဗလာနဲ့ ဘောလုံးကစားရတာကိုလည်း သဘောကျပါတယ်။ ဒါမျိုးက အခြားမြို့တွေမှာမရနိုင်ပါဘူး"ဟု ကိုကောင်းမြတ်က ပြောသည်။

စစ်တွေကမ်းခြေတွင် အနားယူ အပန်းဖြေရန်ရောက်ရှိလာသူ စစ်တွေ မြို့ဒေသခံ မအေးအေးခိုင်က "ဒီကမ်းနားလမ်းတစ်လျှောက်က လေကောင်း လေသန့်လည်းရတယ်။ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေလည်း လုပ်လို့ကောင်းတယ်။ ပေါ့ပေါ့ပါးပါးအစားအစာတွေလည်း ဝယ်စားလို့ရလို့ ကျွန်မတို့မြို့ကိုလာတဲ့ပြည်တွင်းကဧည့်သည်တွေရော၊ ပြည်ပကဧည့်သည်တွေရော၊ မြို့ခံတွေပါ အများအပြားလာကြတဲ့နေရာဖြစ်ပါတယ်။ လူများတဲ့အခါကျတော့ လူတွေစွန့်ပစ်တဲ့အမှိုက်တွေကို သက်ဆိုင်ရာဌာနတွေနဲ့ တခြားလူမှုအဖွဲ့အစည်းတွေက ရံဖန်ရံခါလာရှင်းပေးကြပါတယ်။ အကောင်းဆုံးကတော့ ကိုယ်တိုင်အမှိုက်ကို စနစ်တကျစွန့်ပစ်စေချင်ပါတယ်။ ဒါမှလည်း ဒီကမ်းခြေသာယာမှုကို ရေရှည်ထိန်းထားနိုင်မှာပါ"ဟု ပြောသည်။

စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် ကမ်းခြေတို့တွင် နံနက်ပိုင်းအချိန်များ၌ ကျန်းမာရေးအတွက် လမ်းလျှောက်သူများ၊ အပြေးလေ့ကျင့်သူများ လာရောက်လေ့ရှိပြီး ညနေပိုင်းအချိန်များတွင် ဘောလုံးကန်ခြင်း၊ အုပ်စုဖွဲ့၍ ကစားနည်းများကစားခြင်းနှင့် လေကောင်းလေသန့် ရှူရှိုက်ခြင်းတို့လာရောက်လုပ်ဆောင်လေ့ရှိသည်။ စနေ၊ တနင်္ဂနွေနှင့် အခါကြီးရက်ကြီးများတွင် ပိုမိုလာရောက်လေ့ရှိကာ လူဦးရေထောင်နှင့်ချီ၍ လာရောက်ကြကြောင်းလည်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ **မိုး/ဇလ**

# တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၈**

တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming နှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီက ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။



ရှေးဦးစွာ ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရွှေတိဂုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ရွှေတိဂုံစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဝင်းတည်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ကျောက်စိမ်းဘုရားနှင့် ဗုဒ္ဓစွယ်တော်ပွားတို့အား ဖူးမြော်ကြည်ညို ပြီး ရွှေတိဂုံစေတီတော် ဓာတ်ပုံပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ ရွှေတိဂုံစေတီ တော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး သာသနိကဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ **(ဝဲပုံ)**

ထို့နောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗိုလ်တထောင်မြို့နယ်ရှိ ရွှေသံလွင် မီဒီယာရုံးချုပ်သို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းက ရွှေသံလွင်နှင့် တရုတ်မီဒီယာတို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်တို့ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင် အတွင်းရေးမှူးချုပ်ရုံး၏ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီ၏ ပြန်ကြားရေးဌာနဝန်ကြီး H.E. Mr. Huang Kunming က တရုတ်နိုင်ငံနှင့်လည်း ပြန်ကြားရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရန်တိုက်တွန်းပြောကြားသည်။ ယင်းနောက် ရွှေသံလွင်မီဒီယာရုံးချုပ်အတွင်းရှိ စတူဒီယိုခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် Myanmar International Radio (MIR) သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရေဒီယိုထုတ်လွှင့်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်ပြီး ဈေးအတွင်းလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဧည့်သည်တော် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် လွိုင်ကော်စက်မှုဇုန်တို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။ **(ယာပုံ)**

ညနေပိုင်းတွင် လွိုင်ကော်စက်မှုဇုန်ရှိ စက်မှုသင်တန်းကျောင်းအသစ်တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်နှင့် လက်တွေ့အသုံးကျသော သင်တန်းအသစ်များကို အမြန်ဆုံး ဖော်ထုတ်၍ အကောင်အထည်ဖော်တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်စက်မှုဇုန်ရှိ မျိုးမြန်မာ သီးနှံအခြောက်ခံစက်ရုံနှင့် သီးနှံအခြောက်ခံစက်များ ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး နည်းပညာလိုအပ်ချက်များကို ချိတ်ဆက်ညှိနှိုင်းပေးသည်။ ဆက်လက်၍ Globa Geo သစ်ချောထည်စက်ရုံတို့သို့ ရောက်ရှိပြီး ပြည်တွင်းဖြစ်စက်ပစ္စည်းများကို ကမ္ဘာ့အဆင့်မီစေရန်အတွက် ကူညီဖြေရှင်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးမူဝါဒတွင် SME လုပ်ငန်းများအမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် အတိအလင်းလမ်းညွှန်ထားပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြ၍ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ PPP ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ခေတ်နှင့်အညီဖန်တီးပေးထားပါကြောင်း၊ SME လုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး လုပ်ငန်းရှင်များ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။



ထို့နောက် လွိုင်ကော်ဒေသရှိ သယံဇာတကျောက်တောင်များမှ ခေတ်မီကျောက်ပြားအမျိုးမျိုးထုတ်လုပ်နိုင်ရန် ပြည်ပ ပညာရှင်များမှ ဒေသဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ မာဘယ်၊ ဂရင်းနိုက်နှင့်အလှဆင်ကျောက်ပြားအမျိုးမျိုးထုတ်လုပ်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးပြီး ယခင်ကျောက်ပြားစက်ရုံဟောင်းဝင်းအတွင်း၌ ဖွင့်လှစ်ထားသော စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးရုံးနှင့် SME အေဂျင်စီရုံးများ၊ ဝန်ထမ်းနေအိမ်များကို လှည့်လည်စစ်ဆေးပြီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ (၁/၂၀၁၈) ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ကနဦးလျှောက်ထားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၌လည်း လျှောက်ထားနိုင်မှုနှင့် လက်ရှိလျှောက်ထားမှု အခြေအနေ၊ စတင်ဆောင်ရွက်ချိန်မှ ယခုအထိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်လျှောက်ထားမှု၊ စိစစ်ခွင့်ပြုမှု၊ ငြင်းပယ်မှုနှင့် ခွင့်ပြုပြီးသူများအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများထုတ်ပေးပြီးစီးမှု၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီမှ စိစစ်တင်ပြလာသူများအား ဗဟိုကော်မတီအဖွဲ့ဝင်များက ထပ်မံစိစစ်အတည်ပြုဆောင်ရွက်ပေးနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုပ်ငန်းတာဝန်ခံအရာရှိက နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်လုပ်ငန်းဆောင်ရွက်မှု၊ အမှတ်ပေးစနစ်နှင့်လျှောက်ထားမှုအခြေအနေ၊ နေထိုင်ခွင့်လက်မှတ်နှစ်စဉ်သက်တမ်းအတည်ပြုဆောင်ရွက်မှု၊ လက်မှတ်များပျောက်ဆုံး၊ ပျက်စီးမှုအပေါ် မိတ္တူ ထုတ်ပေးပြီးစီးမှုနှင့် ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲလျှောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီဝင်များက နိုင်ငံခြားသားအမြဲနေထိုင် ခွင့်ပြုနိုင်ရေးအတွက် လျှောက်ထားသူတစ်ဦးချင်းအား သုံးသပ်ချက်များဖြင့် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြောင်းလဲလာသည့်ခေတ်စနစ်ကို မျက်ခြည်မပြတ်ဘဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး ဂရုပြုဆောင်ရွက်ကြရန်နှင့် အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြနိုင်ရေး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်မှ စတင်၍ ကျွမ်းကျင်ပညာရှင်၊ ရင်းနှီးမြှုပ်နှံသူ၊ မြန်မာနိုင်ငံသားဟောင်းနှင့် ယင်းတို့နှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားဟူ၍ အမျိုးအစားလေးမျိုးခွဲခြားသတ်မှတ်ကာ လျှောက်လွှာများလက်ခံဆောင်ရွက်ခဲ့သည်။ စတင်ဆောင်ရွက်ချိန်မှ ယခုနှစ် ဇူလိုင် ၅ ရက်အထိ လျှောက်ထားသူ စုစုပေါင်း ၅၂၄ ဦးရှိပြီး ၄၁၈ ဦး ခွင့်ပြုပေးခဲ့ရာ ၄၀၅ ဦးအား အမြဲနေထိုင်ခွင့်လက်မှတ်နှင့် ကတ်ပြားများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန် ၁၃ ဦးမှာ လက်မှတ်နှင့်ကတ်ပြား လာရောက်ထုတ်ယူခြင်း မရှိသေးကြောင်းသိရသည်။ လျှောက်ထားသူများအနက် နည်းဥပဒေနှင့် ကိုက်ညီမှု မရှိသူရှစ်ဦးအား ငြင်းပယ်ခဲ့ပြီး ယခုအချိန်အထိ ဗဟိုကော်မတီသို့ လာရောက်၍ လူတွေ့စစ်ဆေး အကဲဖြတ်ရန် လေးဦးကျန်ရှိသည်။ ယခုအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူလေးဦး၊ ပြည်ပရှိ စင်ကာပူနိုင်ငံသံရုံးမှ လျှောက်ထားသူလေးဦးအပါအဝင် မြန်မာနိုင်ငံသားဟောင်း ၄၆ ဦး၊ ဆက်စပ်နိုင်ငံခြားသားသုံးဦး၊ စုစုပေါင်း ၅၃ ဦးလျှောက်ထားပြီး လျှောက်ထားသူများ၏ မိသားစုဝင် ၁၂ ဦး အပါအဝင် စုစုပေါင်း ၆၅ ဦးအား စိစစ်အတည်ပြုနိုင်ရေးဆောင်ရွက်ခဲ့ကြောင်းနှင့် ယခုကာလအတွင်း ထပ်မံလျှောက်ထားသူ ၂၉ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်ရှိ ပဲတီစိမ်းစိုက်တောင်သူများအား GAP အသိအမှတ်ပြုလက်မှတ်ပေးအပ်

**တပ်ကုန်း ဇူလိုင် ၈**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဘက်စုံ အဆင့်မြင့်နည်းပညာသုံး ရေအေးကျေးရွာ (IHTDV)၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစီမံကိန်း (ADSP) ကျေးရွာများရှိ တောင်သူများအား စီးပွားဖြစ်မျိုးစေ့မျိုးသန့်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ရှောက်ကုန်းကျေးရွာ မိုးကြိုပဲတီစိမ်းဇကေ ၅၀၀ စိုက်တောင်သူများအား GAP အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဇူလိုင် ၈ ရက်က တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှညိမ်း၊ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးထိန်လင်းဟန်နှင့် တပ်ကုန်းမြို့နယ်ဦးစီးမှူး ဦးထွန်းညွန့်တို့က မျိုးစေ့မျိုးသန့်များထောက်ပံ့ပေးအပ်ရခြင်းနှင့် GAP အသိအမှတ်ပြု လက်မှတ်ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တပ်ကုန်းမြို့နယ် ကျေးရွာအုပ်စုခုနစ်အုပ်စုတို့မှ တောင်သူ ၁၀၆ ဦးတို့အား မျိုးသန့်မျိုးစေ့၅၆၅ အိတ်ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# အာဇာနည်အောင်ဆန်းစိတ်ဓာတ်ဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုကြ

**စောကျော်အေး-ပန်းဘဲတန်း**

၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးသွားခဲ့သည်မှာ (၇၁) နှစ်ပင် ရှိခဲ့ပြီးဖြစ်သည်။ သို့ကြောင့် ထိုနေ့အား **"အာဇာနည်နေ့"** ဟု သတ်မှတ်ခဲ့ကြပြီး မြန်မာတစ်ပြည်လုံးတွင် အမှတ်တရဖြင့် လွမ်းသူ့ပန်းခွေများကို အာဇာနည်ပုဂ္ဂိုလ်ကြီးများအတွက် ရည်စူးလျက် ချခဲ့ကြသည်။ အာဇာနည်ဟူ၍ အဘယ့်ကြောင့် ခေါ်သနည်းဟုဆိုလျှင် တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြ၍ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အာဇာနည်ပုဂ္ဂိုလ်မျိုးသည် ငယ်စဉ်ကဘယ်လိုနေသည်၊ မည်သို့ပညာသင်ယူခဲ့သည်၊ စိတ်ထားကမည်သို့ရှိသည်တို့ကို မျိုးဆက်သစ်လူငယ်တိုင်း လေ့လာသိရှိထားသင့်ကြသည်။

### အံ့သြသွားခဲ့ရသည့်ဖြစ်ရပ်

ထို့ကြောင့် လက်လှမ်းမီသရွေ့တင်ပြရလျှင် အာဇာနည်ပုဂ္ဂိုလ်ကြီး ဗိုလ်ချုပ်အောင်ဆန်းမဖြစ်မီ အောင်ဆန်းလေးကို မကွေးခရိုင် နတ်မောက်မြို့နယ်တွင် ရှေ့နေ ဦးဖာ-ဒေါ်စုတို့၏ ကိုးယောက်မြောက်သားထွေးလေးအဖြစ် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက် စနေနေ့တွင် မွေးဖွားခဲ့သည်။ အောင်ဆန်းလေးသည် တခြားသောကလေးနှင့် မတူဘဲ တစ်မူထူးခြားသည့် အကျင့်များရှိပြီး လူကြီးတွေအဖို့ အံ့သြဖွယ်ရာအဖြစ်များ ကြုံရတတ်သည်ဟု သိရသည်။ အခြားသောကလေးများသည် သုံးနှစ်သားအရွယ်ရောက်လျှင် စကားအနည်းငယ် ပြောတတ်ကြသော်လည်း အောင်ဆန်းလေးမှာ အင်းမလုပ်၊ အဲမလုပ်နှင့် စကားမပြောဘဲနေလေ့ရှိပြီး မိဘများထားသည့် နေရာတွင်သာ ကစားနေတတ်သည်ဟု သိရသည်။

တစ်နေ့သ၌ သူ၏ ဖခင်မိခင်တို့ စာရင်းများတွက်နေကြစဉ်တောမှ ငွေချေးထားသည့်လူများ ရောက်လာကြသည်။ ထိုအခါ မိခင်ဖြစ်သူက ရောက်ရှိလာသည့် ငွေချေးသူများကို ယူထားသည့် ကြွေးများပြန်ဆပ်ရန် အကယ်၍ မပေးဆပ်လျှင် တစ်ယောက်နှင့် တစ်ယောက် မိတ်ပျက်မည်ဖြစ်ကြောင်း ပြောဆိုဆွေးနွေးသည့်အခါ ပိတ်ဖြူအင်္ကျီကလေးဝတ်ပြီး တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေသည့် အောင်ဆန်းလေးက **"အမရာ ရှိမှပေးနိုင်မှာပေါ့ဗျာ"** ဟု တစ်လုံးချင်း ပီပီသသဝင်ပြောသဖြင့် လူကြီးများအားလုံး အံ့သြသွားခဲ့ရသည့်ဖြစ်ရပ်ကိုလည်း တွေ့ခဲ့ကြရကြောင်း သိရပေသည်။

### မဖြစ်ဖြစ်အောင်လုပ်တတ်သည့် ဉာဉ်

အောင်ဆန်းလေးမှာ စကားပြောလေ့ ပြောထမရှိ။ သူသည် တစ်နေရာမှာထိုင်ပြီး လေးလေးနက်နက် စဉ်းစားနေတတ်သည်။ အခြားသူများက သူ့အား ချစ်စနိုးချော့မြှူကြသော်လည်း မကြားသလိုလုပ်ပြီး နေရာမှ ထသွားတတ်သည်။ ငယ်စဉ်ကပင် မဟုတ်မမှန်သည့် စကားများ ပြောလေ့မရှိ။ သူများပြောနေလျှင်လည်း သူမကြိုက်မနှစ်သက်သည့်အပြင် မိမိပြုလုပ်ခဲ့သည့် အပြစ်အတွက် ရဲဝံ့စွာဝန်ခံရဲသည့် သတ္တိလည်း ရှိသူဖြစ်သည်။ တစ်နေ့တွင် အိမ်အောက်မှာရှိသည့် ရက်ကန်းစင်တွင် ရက်လုပ်ထားသည့် ပိုးရောလုံချည်စကို ဓားနှင့်ထိုးပြီး ကစားလိုက်ရာ သုံးလို့မရအောင်ဖြစ်သွားခဲ့သည်။ ထို့ကြောင့် မိခင်ဖြစ်သူက ခေါ်၍ ရိုက်သည့်အခါ ကြောက်ပါပြီဟူ၍လည်း မအော်၊ ငိုလည်း မငိုဘဲ ကြိတ်၍ခံနေခဲ့သည်။ အတော်ကြာမှ မိခင်က **"အောင်ဆန်း မင်းရက်ကန်းစင်ကလုံချည်ကို ဖျက်ဆီးတယ် မဟုတ်လား"** ဟုမေးတော့ အောင်ဆန်းလေးက ဟုတ်တယ်၊ လုပ်တယ်လို့ ရဲရဲပဲပြန်ပြောသည်လည်း သိရသည်။

အောင်ဆန်းလေး ခုနစ်နှစ်သားအရွယ်ရောက်သည့်အခါ နတ်မောက်မြို့မှ ဘုန်းတော်ကြီး ဦးသောဘိတကျောင်းတွင် ပညာသင်ကြားစေသည်။ ဉာဏ်ကလည်းကောင်း၊ စာကိုလည်း ကြိုးစားခဲ့သည်။ မုန့်စားချိန်၊ ကစားချိန်တွင် အခြားကလေးများ ကစားနေသော်လည်း သူကတော့ မကစားဘဲ ကျောက်သင်ပုန်းပေါ်တွင် လက်ရေးကျင့်ရင်းနှင့် အချိန်ကုန်စေခဲ့သည်။ အောင်ဆန်းလေး လေးတန်းရောက်သောအခါ အင်္ဂလိပ်စာကို သင်လို၍ စကောလားရှစ်ဝင်ဖြေခဲ့သည်။ သို့သော် ပညာအုပ်က အသက်ငယ်သည်ဆိုပြီး ပယ်ချခဲ့သဖြင့် စိတ်ဆိုးပြီး အိမ်သို့ ပြန်လာခဲ့ရသည်မှစ၍ အင်္ဂလိပ်စာသင်လိုစိတ်များ ကိန်းအောင်းလာခဲ့သည်ဟုလည်း သိရသည်။ အောင်ဆန်းလေးမှာ ဉာဉ်တစ်ခုရှိသည်။ သူများက **"ဒါတော့မဖြစ်ပါဘူး"** ဟူ၍ ပြောလျှင် သူက မဖြစ်ဖြစ်အောင်လုပ်တတ်သည့် ဉာဉ်ပင်ဖြစ်သည်။



"ကျဆုံးသွားရှာသည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းခြင်း၊ လွမ်းသူ့ပန်းခွေချအလေးပြုခြင်းတို့ဖြင့် ကျေနပ်နှစ်သိမ့်ခြင်းမရှိကြဘဲ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးတို့၏ ရည်မှန်းခဲ့သော အများအကျိုးပြု ပြည်သူ့ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် "အပြောကောင်းခြင်းထက် အလုပ်ကောင်းခြင်းများ" ဖြစ်ပေါ်လာစေရန် အာဇာနည်အောင်ဆန်းစိတ်ဓာတ်ဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်ကြပါစေကြောင်း"

### စာကိုသာ ကြိုးစားသင်ယူ

သည့်နောက်တော့ အောင်ဆန်းလေးသည် သူ၏အစ်ကိုများနှင့်အတူ ရေနံချောင်းမြို့ အထက်တန်းကျောင်း၌ ဆက်လက်ပညာသင်ကြားရင်း အတန်းတိုင်းလိုလိုအောင်မြင်ပြီး ခုနစ်တန်းအရောက်တွင် ကျောင်းစာမေးပွဲ၌ အမှတ်အများဆုံးဖြင့် အောင်မြင်သည့်အတွက် (မောင်အောင်ဆန်း ခုနစ်တန်း အမျိုးသားအထက်တန်းကျောင်း ချောက်မြို့) ဟု ရေးထားသည့် မိုးကြိုးငွေပတ်လည်ဆုတံဆိပ်ကို ရရှိခဲ့သည်။ အောင်ဆန်းကလေးမဟုတ်တော့ဘဲ ကိုအောင်ဆန်း ခုနစ်တန်းရောက်ချိန်တွင် သူ၏ဖခင် ဦးဖာမှာ ကွယ်လွန်ခဲ့သည်။ ကိုအောင်ဆန်းသည် နောက်ပိုင်းတွင် စာများကို အလွန်ကြိုးစားလျက် လမ်းလျှောက်သွားလျှင်ပင် စာအုပ်နှင့်မျက်နှာ မခွာဘဲ ကြည့်သွားလေ့ရှိခဲ့သည်။ သူ့ကိုလှမ်းကြည့်ပြီး နောက်ပြောင်ကြပေသည့် ဂရုမစိုက်။ အပျော်အပါးနှင့် ပွဲလမ်းသဘင်ကိုလည်း ဝါသနာမပါခဲ့။ စာကိုသာ ကြိုးစားသင်ယူခဲ့သည်။

ကိုအောင်ဆန်း တက္ကသိုလ်ရောက်၍ ခြောက်နှစ်ခန့် နေပြီး နိုင်ငံလွတ်မြောက်ရေးအတွက်သာ စိတ်အားထက်သန်ခဲ့ရာ (ဘီအေ) အောင်ရုံအောင်ပြီး (ဘီအယ်လ်) မှာ ကျရှုံးခဲ့သည်။ တက္ကသိုလ်မှာတော့ သမဂ္ဂဒုတိယဥက္ကဋ္ဌ လုပ်ခဲ့သည်။ အိုးဝေမဂ္ဂဇင်းတွင် အယ်ဒီတာလည်း လုပ်ခဲ့သည်။ ထို့နောက် တို့ဗမာအစည်းအရုံးတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရာမှ သခင်အောင်ဆန်းဖြစ်လာသည်။ အောင်ဆန်းဖြစ်ပြီးသည့်နောက် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့တွင် (ဟိုင်လီ) ခေါ် သင်္ဘောဖြင့် လွတ်လပ်ရေးအတွက် နိုင်ငံခြားမှ အကူအညီရယူရန် အရှေ့ဘက်တိုင်းပြည်များသို့ ထွက်ခဲ့ရာ နောက်ဆုံးဂျပန်ပြည်သို့ ရောက်ရှိသွားခဲ့သည်။ သခင်အောင်ဆန်းသည် မြန်မာပြည်မှ ရဲဘော်သုံးကျိပ်ကို လာခေါ်၍ ဂျပန်နိုင်ငံ၌ စစ်ပညာသင်ကြားကြလျက် ဗိုလ်တေဇအမည်ခံကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးစီးပြီး နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့သည်။ ထို့နောက် ဖက်ဆစ်ဂျပန်များကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တော်လှန်တိုက်ခိုက်ခဲ့သည်။

### အာဇာနည်အောင်ဆန်းစိတ်ဓာတ်

ထို့နောက် ဂျပန်များလက်နက်ချပြီး အင်္ဂလိပ်ကပေးသော ဗိုလ်မှူးရာထူးကို စွန့်လွှတ်၍ နိုင်ငံရေးလုပ်ငန်းများကို ဦးစီးပေးလျက် ဖဆပလအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ယာယီအစိုးရအဖွဲ့တွင် အကြီးအကဲတစ်ဦးဖြစ်လာခဲ့သည်။ ဤကဲ့သို့ ဆောင်ရွက်နေရာမှ လွတ်လပ်ရေးရမည့်ဆဲဆဲ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့၌ မသမာသူနယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံမှုကြောင့် ကွယ်လွန်ကျဆုံးသွားရရှာတော့သည်။ ဗိုလ်ချုပ်နှင့်အတူ ကျဆုံးသွားရရှာသူတို့မှာ သခင်မြ၊ ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွား၊ မန်းဘခိုင်၊ ဦးရာဇတ်နှင့် အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့် မောင်ထွေးတို့ဖြစ်ကြသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ ဤလိုနေ့မျိုးတွင် ကျဆုံးသွားရှာသည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းခြင်း၊ လွမ်းသူ့ပန်းခွေချအလေးပြုခြင်းတို့ဖြင့် ကျေနပ်နှစ်သိမ့်ခြင်းမရှိကြဘဲ ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးတို့၏ ရည်မှန်းခဲ့သော အများအကျိုးပြု ပြည်သူ့ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် **"အပြောကောင်းခြင်းထက် အလုပ်ကောင်းခြင်းများ"** ဖြစ်ပေါ်လာစေရန် အာဇာနည်အောင်ဆန်းစိတ်ဓာတ်ဖြင့် တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်ကြပါစေကြောင်း ဆန္ဒပြုတင်ပြရေးသားရပါသတည်း။ ။

# (၇၁) နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းများဖြတ်သန်းမှု ယာယီပိတ်ထားမည်

၁။ (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီ၌ စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-

(က) ဦးဝိစာရလမ်းနှင့် အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း လင့်လမ်းနှင့် ဆုံရာအထိ။

(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့မုခ် စောင်းတန်းအထိ။

(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်ဓမ္မာရုံဘေး လမ်းကြားများ။

၂။ အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက် ဂိတ် (၂) မှ ဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ် (၃) မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

၃။ ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူ လာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့်ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည် လမ်းဆုံရှိ ဂိတ် (၁) မှ ဝင်ရောက်၍ ဂိတ် (၂) မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

၄။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး(အတွင်းဝန်များရုံးဟောင်း) သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်/ သံပိုက်/ ကော်ပိုက်နှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော လုံခြုံရေးကိုထိခိုက်စေနိုင်မည့် ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

၅။ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် ဝန်ကြီးများရုံး(အတွင်းဝန်များရုံးဟောင်း) သို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့် ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေး ခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျ ဝင်ရောက်ထွက်ခွာ ကြပါရန် မေတ္တာရပ်ခံပါသည်။

## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် မိဘပြည်သူများ အနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး
- ❖ မီးခြစ်အမျိုးမျိုး

၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# ဖိလစ်ပိုင်၊ ထိုင်း၊ ကိုရီးယားနိုင်ငံတို့တွင်ကျင်းပခဲ့သည့် ကင်းထောက်လုပ်ငန်းများတိုးတက်ရေး လုပ်ငန်းဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ တက်ရောက်

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့နှင့် နိုင်ငံတကာ ကင်းထောက်အဖွဲ့များ ရင်းနှီးချစ်ကြည်ရေး၊ ကင်းထောက်လုပ်ငန်း အတွေ့အကြုံနှင့် အလေ့အကျင့်များ ရရှိပြီး ကင်းထောက်လုပ်ငန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေး အတွက် ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ အမျိုးသား ကင်းထောက်ချုပ်ဒေါက်တာ တင်ညိုနှင့် ကိုယ်စားလှယ်များ သွားရောက်ခဲ့ကြသည်။



(၁၀၇)နှစ်မြောက် ထိုင်းနိုင်ငံအမျိုးသားကင်းထောက်နေ့အခမ်းအနား တက်ရောက်ခဲ့သော မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အမျိုးသား ကင်းထောက်ချုပ် ဒေါက်တာတင်ညိုအား နိုင်ငံတကာမှ ကင်းထောက်ကိုယ်စားလှယ်များနှင့်အတူ တွေ့ရစဉ်။ (မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်)

အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဇွန် ၂၂ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ သည့် (APR- Workshop on Diversity and Inclusin) အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကင်းထောက်ကိုယ်စားလှယ်များ နှင့် အတူ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ကင်းထောက်ကြီး ဦးမင်းထင်တို့ တက်ရောက်ခဲ့ပြီး မိမိတို့ နိုင်ငံအတွင်း ကင်းထောက်အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရာတွင် လူမျိုး၊ ကိုးကွယ်မှု၊ ဘာသာစကား၊ လူမှုရေးအခြေအနေ၊ အမျိုးသား အမျိုးသမီး ခွဲခြားမှုမရှိဘဲ ပါဝင်ဆောင်ရွက်နိုင်ရေး အခြေခံမူ သဘောတရား လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဇူလိုင် ၁ရက်တွင် ကျရောက်ခဲ့သည့် (၁၀၇)နှစ်မြောက် ထိုင်းနိုင်ငံ အမျိုးသားကင်းထောက်နေ့ အခမ်းအနားသို့ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီး၊ အခြားနိုင်ငံတကာမှ ကင်းထောက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ကမ္ဘာ့ကင်းထောက် အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့တို့ကျင်းပသည့် (APR-Seminor on Disater Management) ဆွေးနွေးပွဲကို ကိုရီးယားနိုင်ငံ ဘူအန်တွင် ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် လူငယ့်ရေးရာ ညှိနှိုင်းရေးမှူး ကိုဖြိုးသူရဝင်းသည် အာရှပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများမှ ကင်းထောက်ကိုယ်စားလှယ် ၃၅ ဦးနှင့် အတူ တက်ရောက်ခဲ့ပြီး ဒေသတွင်း ကင်းထောက်များ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ရန် ဆောင်ရွက်မှု အစီအစဉ်များ၊ ကင်းထောက်လုပ်ငန်းများသည် အရပ်ဘက်လူမှုရေးလုပ်ငန်းများ၌ အရေးပါမှုများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သီတဂူဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်တု ပညာရှင်ငါးဦးက ထုဆစ်လှူဒါန်းမည်

**မန္တလေး ဇူလိုင် ၈**

စစ်ကိုင်းတောင်ရိုး ပတ္တမြားစေတီတောင်ခြေတွင် အပြည်ပြည်ဆိုင်ရာ သီတဂူဝိပဿနာ အကယ်ဒမီကိုတည်ထောင်ခဲ့သည့် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရအား ကြည်ညိုဂုဏ်ပြုသောအားဖြင့် မြန်မာမှုပညာရှင်ငါးဦးက ဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်တုကို ထုဆစ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**စုပေါင်း၍ လှူဒါန်းသွားမည်**

နိုင်ငံတကာမှ ဗုဒ္ဓဘာသာကို စိတ်ဝင်တစား လာရောက်လေ့လာလိုသူများနှင့် ဝိပဿနာတရားအားထုတ်လိုသူများ အေးချမ်းသာယာစွာ လေ့လာဆောင်ရွက်နိုင်စေရန်နှင့် ကမ္ဘာသူ ကမ္ဘာသားများ၏ ဘာသာရေးအသိပညာဆိုင်ရာ နှလုံးသား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် သီတဂူဝိပဿနာ အကယ်ဒမီကို တည်ထောင်ခဲ့သည့် ဆရာတော်ကြီး၏ရည်ရွယ်ချက်ကို ဂုဏ်ပြုသောအားဖြင့် ဆရာတော်ကြီး၏ပုံတူ ကြေးသွန်းရုပ်ထုကို မြန်မာမှုဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ကဦးဆောင်ကာ ကြေးသွန်းပညာရှင်၊ ကျောက်ဆစ်ပညာရှင်၊ သံပန်းပညာရှင်၊ ပန်းပုပညာရှင်နှင့် စတီးပညာရှင်ငါးဦးတို့က စုပေါင်း၍ လှူဒါန်းသွားမည် ဖြစ်ပြီး ပုံစံတူရုပ်တုအား သီတဂူဝိပဿနာအကယ်ဒမီရှိ ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိများပြသမည့် မော်ကွန်းတိုက်တွင် ထားရှိသွားမည်ဖြစ်ကြောင်း ဆရာကြီးတမ္ပဝတီ ဦးဝင်းမောင်က ပြောသည်။

**အရည်အသွေးကောင်းတဲ့ပုံတူ**

“ ငွေကျပ် ၅၅ သိန်းလောက်ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ ဆရာတော်ကြီး ကုလားထိုင်ပေါ်မှာထိုင်လျက် သီတင်းသုံးနေတဲ့ ပုံတူရုပ်တုကို အမြင့် ခုနစ်ပေလောက် ထုဆစ်မှာဖြစ်ပြီး လက်ရှိမှာတော့ မျက်နှာတော်အပိုင်းကို ရွှံ့ပုံကြမ်းလောင်းနေပါပြီ။ အရည်အသွေးကောင်းတဲ့ ပုံတူရုပ်တုဖြစ်လာဖို့ အချိန်ယူပြီး လုပ်ဆောင်သွားမှာပါ။ တည်ဆောက်နေဆဲဖြစ်တဲ့ မော်ကွန်းတိုက်အပြီးမှာထားရှိနိုင်ဖို့ ဆောင်ရွက်သွားမှာပါ ”ဟု ၎င်းက ပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆောက်လုပ်ရေးဆိုင်ရာပြပွဲ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပ

**မန္တလေး ဇူလိုင် ၈**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေးတိုင်းဒေသကြီး)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် C&D Group of Co.Ltd တို့ပူးပေါင်းပြီး နိုင်ငံပေါင်း ၁၂ နိုင်ငံမှ တင်သွင်းဖြန့်ချိသော ဆောက်လုပ်ရေးဆိုင်ရာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက်က မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

ပြပွဲကို MRCCI မှ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ထွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** အဆိုပါ ပြပွဲကို ဇူလိုင် ၁၀ ရက်အထိ ကုမ္ပဏီ ၆၀ ကျော်မှ ပြခန်းပေါင်း ၉၀ ကျော်တွင် အထူးအစီအစဉ်များနှင့်အတူ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကိစ္စနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထား မှတ်ချက်များ အပေါ်အခြေခံကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန်၊

၂။ စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နှင့် မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းမြေများအပေါ် ကော်မတီအဆင့်ဆင့်က ထိထိရောက်ရောက် အမြန်ဆုံး စိစစ် ပေးကြရန်၊

၃။ ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်သည်ထက် အချိန်ဆွဲ ဖြေရှင်းခြင်း မပြုကြဘဲ အမြန်ဆုံး ပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန်၊

၄။ သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာတွင် အဆင်ပြေချောမွေ့မှု မရှိစေရန် အဟန့်အတားဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲလုပ်နေသည့်၊ အသုံးချပိုင်ခွင့် အမည်ပေါက် ရရှိစေရန် အကျပ်အတည်း ဖြစ်စေသည့်၊ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန်၊

၅။ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များဝင်ရောက်နေမှုအားဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဇူလိုင် ၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၅ ဒသမ ၆၃ လက်မ၊ ဘီးလင်းမြို့တွင် ၅ ဒသမ ၅၁ လက်မ ၊ မော်လမြိုင်မြို့တွင် ၅ ဒသမ ၁၅လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၄ ဒသမ ၁၇ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၉၇ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ မဒေါက်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ ညောင်လေးပင်မြို့နှင့် ရှမ်းရွာသစ်တို့တွင် ၃ ဒသမ ၁၁ လက်မစီ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ဝ၃ လက်မနှင့်ကျောက်ဖြူမြို့တွင် ၂ ဒသမ ၉၉ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော် ဝယ်ယူသူများနှင့် စည်ကားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၈**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမ ဦးစီးဌာန ရုံးအမှတ်(၁၆)၌ ကျင်းပရာ နေပြည်တော် ဝန်းကျင်ရှိ ပြည်သူများနှင့် ဝန်ထမ်းများလာရောက် အားပေးသဖြင့် အထူးစည်ကားလျက်ရှိသည်။

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်အမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ လူသုံး၊ အိမ်သုံးပစ္စည်းအမျိုးမျိုးကို ဇူလိုင် ၅ ရက်မှစ၍ ရောင်းချပေးခဲ့ရာ ယနေ့အထိ ကျပ်သိန်းပေါင်း ၁၂၁၄ သိန်း ရောင်းချနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဇူလိုင် ၉ ရက်ထိ ရောင်းချသွားမည်ဖြစ်ရာအများပြည်သူများအနေဖြင့် တစ်နေရာတည်းတွင် ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် လာရောက်ဝယ်ယူအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အမျိုးသမီးများဘဝလုံခြုံဖို့ အကြမ်းဖက်မှုကာကွယ်စို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ လှိုင်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

"အမျိုးသမီးများဘဝလုံခြုံဖို့ အကြမ်းဖက်မှုကာကွယ်စို့" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့ ညနေ ၃ နာရီ က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပရာ စိတ်ပါဝင်စားသူ ပြည်သူများ တက်ရောက်ကြသည်။ **(ယာပုံ)**




အခမ်းအနားတွင် လှိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး) ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်မာဌေး၊ တရားလွှတ်တော်ရှေ့နေ ဒေါ်လှမျိုးစုတို့က အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်း ဖြစ်ပွားရသည့် အကြောင်းအရာများနှင့် မဖြစ်ပွားစေရန် သတိပြုဆင်ခြင်နေထိုင်နည်းတို့နှင့် လက်တွေ့ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အခြေခံကာ ပြည်သူများ ဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးမှုများ ပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ယနေ့ စကားဝိုင်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးက "အခုလောလောဆယ် လွှတ်တော်ကနေလုပ်တဲ့ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဥပဒေ ဘယ်အဆင့်အထိ ရောက်နေပြီဆိုတာတွေအပြင် ကျွန်မတို့ လိုက်လံကူညီတဲ့အမှုတွေမှာ ဘာတွေ အခက်အခဲရှိတယ်ဆိုတာတွေကို ပြောခဲ့တယ်။ အဲဒီ အခက်အခဲတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာတွေကို အဓိကထားပြီးပြောခဲ့တာပါ။ ဒီလိုပွဲတွေလုပ်ခြင်းအားဖြင့် အမျိုးသမီးတွေ အကြမ်းဖက်ခံရမှုတွေနဲ့ပတ်သက်ပြီး ပြည်သူတွေအနေနဲ့ ဥပဒေတွေကို ပိုပြီးသိလာမယ်။ အမျိုးသမီးတွေအနေနဲ့ တစ်ခုခုဖြစ်ရင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ချိတ်ဆက်ဖို့တွေအပြင် ဆက်သွယ်လုပ်ဆောင်ရမယ့် လမ်းကြောင်းတွေကိုပါ ပြောခဲ့ပါတယ်။ ဒီလိုပွဲတွေကို ကျောင်းတွေမှာလည်း လုပ်ပေးဖို့ တက်ရောက်လာကြတဲ့ ပြည်သူတွေက တင်ပြကြပါတယ်" ဟု ပြောသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ လှိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ အဆိုပါ စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်နေ ဒေါ်လှလှနွယ်က "ကလေးတွေကို အကြမ်းဖက်မှုကနေ ကာကွယ်ရမယ်။ ကိုယ့်သားသမီးလေးတွေကို ညဘက်မှာဆိုရင် မှောင်တဲ့နေရာတွေ၊ ချုံနွယ်တွေရှိတဲ့နေရာတွေနဲ့ သူတို့အတွက် အန္တရာယ်ဖြစ်နိုင်တဲ့ နေရာတွေကို မသွားရဘူးဆိုတာမျိုးတွေအပြင် မိဘတွေ ကိုယ်တိုင်ကလည်း ထိန်းကျောင်းပေးဖို့ အရေးကြီးတယ်ဆိုတာတွေကို သိခွင့်ရခဲ့ပါတယ်။ ကိုယ်သိထားသလောက်နဲ့ ပတ်ဝန်းကျင်မှာလည်း အကြမ်းဖက်မှုတွေ မဖြစ်အောင် လုပ်ဆောင်ရမယ်ဆိုတဲ့ အသိတွေရခဲ့ပါတယ်။ အခုလိုပွဲတွေ များများလုပ်ခြင်းအားဖြင့် အကြမ်းဖက်မှုတွေ၊ သက်ငယ်မုဒိမ်း ဖြစ်ပွားမှုတွေ လျော့နည်းသွားလိမ့်မယ်လို့ မြင်ပါတယ်"ဟု ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူ ပြည်သူများ တက်ရောက်ကြသည်။

အလားတူ ယင်းကဲ့သို့ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ကျင်းပလျက်ရှိရာ လာရောက်လေ့လာဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# အမြို့မြို့အနယ်နယ်တွင် ပြည်သူ့စကားဝိုင်းများ ကျင်းပ

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ပြည်မြို့ မူယာပင်ရပ် သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲအထိ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့ ကျင်းပသော "လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးရေး" ပြည်သူ့စကားဝိုင်းသို့ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ပြီး အဆိုပါပြည်သူ့စကားဝိုင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

**လမ်းမတော်**

လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းကို ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ညောင်ပင်လေး ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါ်အေးအေးမာ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးကျော်ထွန်း၊ မြို့နယ်ကျန်းမာရေးဌာနမှူး ဒေါက်တာသန်းသန်းချစ်၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဇင်မာလွင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သိင်္ဂီလွင်တို့က ရှင်းလင်းဆွေးနွေးပြီး အခမ်းအနား တက်ရောက်လာသူများက သိရှိလိုမှုများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။ အဆိုပါအခမ်းအနားကို မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အထက(၂)ကျောင်းခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီက မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ကျင်းပသည့် "ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးတာဝန်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ကဏ္ဍအလိုက် အသီးသီးရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက် လာကြသည့် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**ပုဏ္ဏားကျွန်း**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၈ ရက်က ယိုးတရုပ်ကျေးရွာ အထကကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲ တက်ရောက်လာကြသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ယိုးတရုပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာငါးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူ ၂၅၀ ကျော်တက်ရောက်ကြပြီး ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ပေးနိုင်ရေး၊ ကျေးရွာဝင်လမ်းများ ကောင်းမွန်ပြီး ရေစီးရေလာကောင်းမွန်လာစေရေး၊ စိုက်ပျိုးရေးဈေးကွက်စနစ် ဖြစ်ထွန်းလာစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို ကျေးရွာကိုယ်စားလှယ် ကိုးဦးတို့က မေးမြန်းဆွေးနွေးတင်ပြကြရာ ဦးဆောင်ဆွေးနွေးသူများက ရှင်းလင်းဖြေကြားသည်။ **နီထွန်းအောင်(ပြန်/ဆက်)**

# သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းသား သင်တန်းသူများ မြန်မာ့အလင်းသတင်းစာတိုက်နှင့် MRTV တို့သို့ လေ့လာရေးသွားရောက်

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဦးစီးအရာရှိ ၃၅ ဦးတို့ကို သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း အမှတ်စဉ်(၂)အဖြစ် ဇူလိုင် ၂ ရက်မှ စတင်၍ ရက်သတ္တ နှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အဆိုပါ သင်တန်းသား သင်တန်းသူများသည် ယနေ့ နံနက် ၉ နာရီတွင် ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်းနှင့် သင်တန်းမှူးတို့ ဦးဆောင်လျက် နေပြည်တော် မြန်မာ့အလင်း သတင်းစာတိုက်သို့ လေ့လာရေး သွားရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အလင်းသတင်းစာ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက သတင်းစာတိုက်ခန်းမဆောင်၌ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး သတင်းခန်းအတွင်း အင်တာနက်လိုင်းများ ချိတ်ဆက်ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြသသည်။ **(ယာပုံ)**



ထို့နောက် သင်တန်းသား သင်တန်းသူများသည် သတင်းစာတိုက်ဝင်း အတွင်းရှိ သတင်းစာပုံနှိပ်စက်ရုံသို့ သွားရောက်၍ လေ့လာကြရာ စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများက သတင်းစာ ပုံနှိပ်စက်ကြီးမှ သတင်းစာ ရိုက်နှိပ်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် နေ့စဉ်လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို ရှင်းလင်းပြသပေးကြသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) သို့ ရောက်ရှိလေ့လာကြရာ ညွှန်ကြားရေးမှူး (စီမံ) ဦးစောမြင့်ဇော်နှင့် တာဝန်ရှိသူများက ရိုက်ကူးရေးခန်းမများ၊ ရေဒီယိုအသံလွှင့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ Radio Tape Library တွင် ရှားပါးမှတ်တမ်းများ ထိန်းသိမ်းထားရှိမှုအခြေအနေနှင့် ရုပ်မြင်သံကြားခန်းမများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များ ရှာဖွေခြင်း၊ သတင်းအခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်သူ၏ ရှုမြင်ပုံ၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ အွန်လိုင်းအသုံးပြု၍ သတင်းများ ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းဓာတ်ပုံ ပညာ စသည့် ဘာသာရပ်များကို စာတွေ့ လက်တွေ့ ဆွေးနွေးသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ရွှေကုက္ကို**

# ပြောင်းရွှေ့ဖွင့်လှစ်မည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြင်ဆင်မွမ်းမံလျက်ရှိ

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်မြို့ကုန်သည်လမ်းနှင့် ၃၂ လမ်းထောင့်တွင် ပြောင်းရွှေ့ဖွင့်လှစ်မည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြင်ဆင်ဆောင်ရွက်နေမှုများကို ဇူလိုင် ၆ ရက်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လာရောက်ကြည့်ရှုရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြင်ဆင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး) ဦးမြင့်ဇော်က အမျိုးသားစာကြည့်တိုက် အကြီးစားပြင်ဆင်ခြင်း စီမံဆောင်ရွက် နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် IT ပညာရှင်များက e-Library လုပ်ငန်းများနှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားစာကြည့်တိုက်နှင့် ပတ်သက်၍ မှတ်တမ်းမှတ်ရာများ၊ စာအုပ်စာတမ်းများနှင့် ပေ၊ ပုရပိုက်များသည် အစားပြန်လည်မရနိုင်သော ပစ္စည်းများဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံမှုကို အထူးပြုလုပ်စေလိုကြောင်း၊ အမျိုးသားစာကြည့်တိုက်တွင်လည်း လျှပ်စစ်ဓာတ်အား ကောင်းမွန်တည်ငြိမ်စွာရရှိရန်နှင့် လျှပ်စစ်ပစ္စည်းများ အသုံးပြုရာတွင် အရည်အသွေးပြည့်မီသောပစ္စည်းများကိုသာ အသုံးပြုရန် မှာကြားသည်။



အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

"ဒီနေရာက သွားလာရေးအဆင်ပြေချောမွေ့တဲ့အတွက် စာကြည့်တိုက်နဲ့ ပြည်သူအတွက် အဆင်ပြေပါတယ်။ အမျိုးသားစာကြည့်တိုက်ဆိုတာ နိုင်ငံတော်အဆင့်ရှိတဲ့ စာကြည့်တိုက်လည်းဖြစ်ပါတယ်။ ဒီမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ စာအုပ်စာတမ်းတွေကို စုဆောင်းထားပါတယ်။ လိုချင်တဲ့ စာအုပ်စာတမ်းတွေအားလုံး အမျိုးသားစာကြည့်တိုက်မှာ ရှိနေရမှာပေါ့။ နိုင်ငံတော်အတွင်းထုတ်ဝေတဲ့စာအုပ်စာတမ်းတွေကို စုတယ်။ အာဆီယံနိုင်ငံက စာအုပ်စာတမ်းတွေကို စုတယ်။ အာရှဒေသက စာအုပ်စာတမ်းတွေကို စုဆောင်းတယ်။ သုတေသီတွေလိုအပ်တဲ့ စာအုပ်တွေကို စုတယ်။ နိုင်ငံတော်ရဲ့ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်တဲ့ ပေ၊ ပုရပိုက်တွေကိုလည်း စုဆောင်းပါတယ်။ အမျိုးသားစာကြည့်တိုက်ဟာ ဗဟုသုတရတနာသိုက်ကြီးဆိုရင်လည်း မမှားပါဘူး။ လိုအပ်တဲ့စာအုပ်တွေကို အွန်လိုင်းကနေ ဝန်ဆောင်မှုပေးဖို့လည်း စီမံထားတယ်။ ပြည်သူတွေ စာကြည့်တိုက်ကို တကူးတကလာစရာမလိုဘဲ အွန်လိုင်းကနေ ဖတ်ရှုနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ကလည်း စာကြည့်တိုက်ကို ပံ့ပိုးပေးထားပါတယ်။ ဝန်ထမ်းတွေကလည်း နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးဖို့ စီမံထားပါတယ်"ဟု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာ ကေသီထွေးက ပြောကြားသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အဆောက်အဦ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းအတွက် ၂၀၁၇-၂၀၁၈ ခုနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀၀ ခွင့်ပြုထားပြီး မြို့ပြလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်း၊ ရေသန့်လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကာ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက် တင်ပြတောင်းခံထားမှုမှာ မူလအဆိုပြုငွေကျပ်သန်း ၁၂၀၀ နှင့် ပြင်ဆင်တိုးမြှင့်အဆိုပြုငွေ ကျပ်သန်း ၅၉၉၂ သန်းဖြစ်၍ အဆောက်အဦပိုင်းအတွက်ကျပ်သန်း ၂၆၀၀ ခန့်နှင့် စာကြည့်တိုက်အပိုင်းအတွက် ငွေကျပ် ၃၃၉၂ သန်းခန့်ဖြင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

အဆိုပါ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ၂၀၁၈-၂၀၁၉ ခုနှစ် အကုန်တွင်ပြီးစီးရန် ရည်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# ရခိုင်ပြည်နယ်၌ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၁၇၄၆ ဦးတို့အား လူမှုရေးပင်စင် ငွေကျပ် ၅၂၃၈၀၀၀၀ ထောက်ပံ့ပေးအပ်



**စစ်တွေ ဇူလိုင် ၈**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အသက် ၉၀ နှစ်နှင့်အထက် အဘိုး ၅၇၆ ဦးနှင့် အဘွား ၁၁၇၀ တို့အား ၂၀၁၈ ခုနှစ် ဧပြီ၊ မေ နှင့် ဇွန် (၃)လတာအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် အဘိုးအဘွား စုစုပေါင်း ၁၇၄၆ ဦးတို့အတွက် ငွေကျပ် ၅၂၃၈၀၀၀၀ ကို အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ ထပ်မံပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေများ လိုက်လံပေးအပ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အိမ်တိုင်ရာရောက် ပေးအပ်ခဲ့ကြောင်း(**ယာပုံ**) ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ပြုံးက ပြောကြားသည်။

နိုင်ငံတော် ဘတ်ဂျက်ရန်ပုံငွေမှ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင် ထောက်ပံ့မှုပေးရာတွင် အချို့သော ဘိုးဘွားများမှာ အချက်အလက်ပြည့်စုံသော်လည်း လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို မသိရှိ၍ ကျန်ရှိနေခြင်း၊ လူမှုရေးပင်စင် ခံစားလျက်ရှိသည့် ဘိုးဘွားများသည် လက်ရှိခံစားနေသည့်ဒေသမှ အခြားသို့ ပြောင်းရွှေ့သွားချိန်တွင် စာရင်းကျန်ရှိနေခြင်း၊ အသက်ပြည့်မီသော်လည်း မှတ်ပုံတင် (သို့) သန်းခေါင်စာရင်းမရှိသည့် ဘိုးဘွားများအတွက် အခြားအစီအစဉ်ဖြင့် ထောက်ပံ့မှုပေးနိုင်ရန် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနရုံးများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ရခိုင်ပြည်နယ်) တတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**စစ်တွေ ဇူလိုင် ၈**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရခိုင်ပြည်နယ်) ၏ တတိယအကြိမ် သက်တမ်းအတွက် အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကြီးကြပ်ရေးအဖွဲ့ဝင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာများအသင်း(ရခိုင်ပြည်နယ်)ဥက္ကဋ္ဌ ဦးကောင်းစံရှီ (ကျွန်းသားငမန်း)က ရွေးချယ်တင်မြှောက်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ရွေးချယ်တင်မြှောက်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း (ရခိုင်ပြည်နယ်) ဥက္ကဋ္ဌအဖြစ် ဦးဇော်ဝင်းရွှေ (ဧကရာဇ်)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဦးစောမြင့် (လေးဝတီထွန်းစောခိုင်)၊ အတွင်းရေးမှူးအဖြစ် ဦးကျော်အေးသိန်း (မာန်ယုကျော်)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဒေါ်စမ်းစမ်းအောင် (တော်ဝင်သဇင်)ပါ အဖွဲ့ဝင် ၁၃ ဦးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌဦးဇော်ဝင်းရွှေ(ဧကရာဇ်)က အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အတွင်းရှိ စာရေးဆရာများ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**




အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

"လူ့အခွင့်အရေးအခြေခံလို့ မိသားစုစီမံကိန်းဖော်ဆောင်စို့"

"Family Planning is a Human Right"

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

# မရမ်းကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အသက် ၂၂ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ယနေ့ ညနေပိုင်းတွင် အမှတ် ၄ ရပ်ကွက်အသင်းနှင့် အမှတ် ၂ ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ် ၄ ရပ်ကွက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးဗိုလ်လုပွဲကို မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်-၂ မှ ဒေါ်မိုးမိုးစုကြည်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးတို့က ကြည့်ရှုအားပေးကြကာ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများနှင့် အကောင်းဆုံးအားကစားဆု ရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဇီဝဗေဒဘာသာရပ် နမူနာမေးခွန်းပုံစံ (၁)

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ်၊ မေ ၂ ရက်မှ မေ ၁၀ ရက်ထိ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ယခုထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**SAMPLE QUESTION**

**2019**

**MATRICULATION EXAMINATION**

**DEPARTMENT OF MYANMAR EXAMINATION**

**BIOLOGY** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN YOUR ANSWER BOOKLET.**

**DO NOT COPY THE QUESTIONS.**

1. State **TRUE** or **FALSE** to the following statements. Do not copy the statements. **(10 marks)**
   i. The tip of the root is protected by a root cap.
   ii. The florets in the center of sunflower are disc florets.
   iii. A large shield-shaped cotyledon could be found in bean seed.
   iv. In rabbit, the pharynx is the part between mouth and buccal cavity.
   v. Constipation is the result of insufficient fibers in the diet.
   vi. During strenuous exercise, muscle cell carry out anaerobic respiration.
   vii. Red blood corpuscles are of several types.
   viii. Primary roots are negatively geotropic.
   ix. Asexual reproduction in plants have a great deal of commercial importance.
   x. Denitrifying bacteria are responsible for nitrification.


2. Choose the correct answer for the following statements. Do not copy the statements. **(10 marks)**
   i. Orchids which grow and attach to the trees are a good examples of (A. xerophytes B. epiphytes C. mesophytes D. hydrophytes).
   ii. The antipodal cells disappear before (A. implantation B. pollination C. fertilization D. fussion).
   iii. Which diagram does show the dispersal of a seed by wind?



(A) pterocarpus



(B) plumbago



(C) coconut




(D) balsam

   iv. Coeliac artery supplies blood to liver, stomach and (A. pancreas B. spleen C. gall bladder D. kidneys).
   v. Food rolled into a bolus by the tongue is forced into the back of the (A. mouth B. oesophagus C.stomach D. epiglottis).
   vi. Yeast respires anaerobically by converting glucose into (A. fats B. ethanol C. protein D.cellulose).
   vii. In land plants, water is mostly absorbed through permeable part of the (A. stem B. leaf C. root D. flower).
   viii. Each eyeball is held in a socket of the (A. skull B. head C. chest D. thorax) by six muscles.
   ix. The embryo eventually develops into a (A. baby B. man C. foetus D. woman) with recognizable human features.
   x. What is the step of the water cycle when the water goes back into the clouds?
   A. precipitation B. respiration C. transpiration D. condensation

3. Complete the following statements with appropriate words. Do not copy the statements. **(10 marks)**
   i. Insectivorous plants are also termed as ------------- plants.
   ii. The flower is borne on a short or long --------------.
   iii. The cotyledons are raised above the ground in --------- germination.
   iv. Renal veins are paired veins that bring the blood from the ------------ .
   v. The process by which the elimination of undigested materials from the gut, is called -------------.
   vi. The dead space can be distinguished into anatomical and ---------- dead spaces.
   vii. The transpiration ------------- carries water and mineral salts from the roots to the leaves.
   viii. Ethylene is important in the ripening of --------------.
   ix. Scrotum is a sac in which a ------------- is located.
   x. The term hybrid is synonymous with the ------------- condition.

4. Answer **ALL** questions. **(10 marks)**
   a. Provide with labels and caption to the given diagram.




   b. Clarify the constitution of each uriniferous tubule in the kidney.
   c. Explain the reasons why a person may become overweight and fat.
   d. State the structure and function of the granulocytes.


   **OR**

   Write the effects of the absence of thyroxine hormone secretion.
   e. State how the new plants are produced from strawberry, gingers and potatoes.

   **OR**

   Briefly state how carbon exists in the earth's crust and mention its association with the process of photosynthesis.

5. Answer **ANY FOUR** questions. **(20 marks)**
   a. Mention the habitats of angiosperms and its diversity.
   b. Describe the associated glands in a digestive system of rabbit.
   c. Provide with labels and caption of given diagram and explain how animal nutrition differs from those of plants.



   d. Discuss anaerobic respiration as much as you can.


   **OR**

   Describe the nature of gibberellins, cytokinin and abscissin hormones in plants.
   e. Give reasons why mother's milk is definitely the best for the baby.

   **OR**

   Write a short note on abiotic factors on an ecosystem for as far as you can.

6. Answer **ANY FOUR** questions. **(40 marks)**
   a. Draw the labeled diagram of the L.S of a flower and explain about its non – essential whorls.
   b. Give the labels to the following diagram and explain the structures and function of the male reproductive system of a rabbit.




   c. Tabulate the conditions that requires for photosynthesis as found in green plant. **(Illustration not essential.)**
   d. What is respiration? Explain the inspiration and expiration occurred during the process of gaseous exchange in mammals.
   e. List and state the groups of limb's muscles together with their respective function and antagonistic nature.

   **OR**

   Give precise explanation on the nature of birth as found in human.
   f. Describe in detail about variation and the nature of phenotype and genotype.

   **OR**

   Create a word diagram of nitrogen cycle. Compare the followings;
   (1) processes of nitrification and denitrification
   (2) the responsible of bacteria in nitrification and denitrification.

---

## မန္တလေး၌ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို သိရှိစေရန် ရည်ရွယ်သည့် ဓာတ်ပုံပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၈**

ဆရာစိုးဝင်းငြိမ်း စီစဉ်ပြီး Natural Resource Governance Institute (NRGI) က ကူညီပေးသည့် Journey of The Blood Jade (သွေးလွှမ်းသော ကျောက်စိမ်း) ဓာတ်ပုံပြပွဲကို ဇူလိုင်၅ ရက်မှ ၁၃ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁လမ်းထောင့်ရှိ Jefferson Center ၌ ကျင်းပလျက်ရှိသည်။

ဓာတ်ပုံပြပွဲ၌ ဓာတ်ပုံပညာရှင် ကိုဇော်(ဖားကန့်)၊ စိုးဝင်းငြိမ်း၊ ဇော်မိုးထက်နှင့် ညဏ်လှိုင်လင်းတို့က ဖားကန့်ဒေသ၌ ကျောက်စိမ်းထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတို့ကို တင်ပြထားသည့် ၁၉၉၄-၉၅ မှ ၂၀၁၅ အထိ ရိုက်ကူးခဲ့သော ဓာတ်ပုံပေါင်း ၇၆ ပုံ ပြသထားကြောင်း၊ ဓာတ်ပုံပြပွဲကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ သယံဇာတဆုံးရှုံးမှုတို့ကို သိရှိစေရန် ရည်ရွယ်ပြသခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါပြပွဲကို နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ ပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## ဖြူးမြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဖြူး ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က ဖြူးမြို့ တိုင်းရင်းဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့်တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းညွှန့်၊ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးမောင်မောင်၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူတို့က တိုင်းရင်းဆေးရုံဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# “ဘော်ဘော်ကထော့်”ရုပ်ရှင်ဇာတ်ကားကြီး လာမည့် ဇူလိုင် ၁၃ ရက်တွင် မြန်မာတစ်ပြည်လုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ဇော်မင်း(မြောက်ဒဂုံ)၏ ဇာတ်လမ်းကို ညီညီဘမောင်က မွမ်းမံ၊ ဇာတ်ညွှန်းရေးဖွဲ့ထားပြီး လာဗင်ဒါရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာကိုပေါက် ရိုက်ကူးထားသည့် “ဘော်ဘော်ကထော့်” ရုပ်ရှင်ဇာတ်ကားအထူးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံတွင် ပြသသည်။


ဒါရိုက်တာ ကိုပေါက်


သရုပ်ဆောင် ညောင်ညောင်


သရုပ်ဆောင် ခင်လှိုင်


သရုပ်ဆောင် ဆုအိမ့်စံ

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အကယ်ဒမီ မြင့်မြတ်၊ ရာဇာနေဝင်း၊ ခင်လှိုင်၊ ဂျိုကာ၊ ရွှေသမီး၊ ဆုအိမ့်စံ၊ မုဏ်း၊ အရိုင်း၊ ညောင်ညောင်၊ စိန်သီး၊ ဇီးသီး၊ ကေညီ၊ အိအိတုံနှင့် အနုပညာရှင်များစွာတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ဇာတ်လမ်းမှာ နှစ်ပေါင်းရာချီ ပျောက်ဆုံးနေသော “ဘော်ဘော်ကထော့်” လူမျိုးစုတစ်စုအကြောင်းကို သုတေသနပြုရန် စိတ်ဝင်စားနေသည့် ပရော်ဖက်ဆာကြီး ဒေါက်တာတိုက်ဂါး၊ ဒေါက်တာတိုက်ဂါး၏ သမီးသုံးယောက် (ဆောင်းဝေ၊ မိုးစွေ၊နွေဝါ)က ဖခင်ကို ကူညီရှာဖွေပေးချင်သည့်အတွက် ဘော်ဘော်ကထော့်လူမျိုးစုတို့ နေထိုင်မည်ဟု ယူဆရသည့် မြိတ်ကျွန်းစုများဘက် ခရီးဆန့်လာခဲ့သည်။

ထိုအချိန်တွင် ကျွန်းကြီးတစ်ကျွန်းပေါ်တွင် နေထိုင်သည့် ဘော်ဘော်ကုဆိုသည့် အမျိုးသားလေးမှာလည်း ကျွန်းသူကြီးသမီးကို သွားတောင်းရာ ပြိုင်ဘက်ရှိလာ၍ ကျွန်းသူကြီးက ကျွန်းတွင်မရှိသည့်ပစ္စည်း ရှာနိုင်သူ ပေးစားမည်ဆို၍ သူငယ်ချင်း ဘော်ဘော်ပိနှင့် ဘော်ဘော်ကော်တို့ နှစ်ဦးလိုက်ပါပြီး ဘော်ဘော်ကုနှင့်အတူ ပစ္စည်းရှာထွက်ရာမှ ဒေါက်တာ တိုက်ဂါး၏ သမီးသုံးဦးနှင့် ကေညီ ဒဏ်ရာရသည့်ကို အကြောင်းပြု၍ ဆုံမိရာမှ ဇာတ်လမ်းဖြစ်ပေါ်လာသည်။

ဘော်ဘော်ကထော့် ဇာတ်ကား ဖန်တီးသူ ဒါရိုက်တာကိုပေါက်က“ တစ်ခါတလေမှာ ကျွန်တော်တို့တွေက တကယ်လိုအပ်တဲ့အရာတစ်ခုကို အဝေးကြီးမှာ သွားရှာနေကြတယ်၊ တန်ဖိုးအကြီးကြီးလို့လည်း ထင်နေကြတယ်၊ တစ်ခါတလေမှာ လူတစ်ယောက်အတွက် တန်ဖိုးအကြီးကြီးကို အဝေးကြီးမှာ သွားရှာနေဖို့ မလိုပါဘူး၊ တစ်ခါတလေမှာ ရှင်းရှင်းပြောရရင် တချို့အရာတွေက ကိုယ့်အနီးအနားမှာပဲ ရှိနေပြီးတော့ တန်ဖိုးရှိတာတွေကို အဝေးကြီးရှာနေရုံနဲ့ တန်ဖိုးမရှိတာတွေက တခြားသူတစ်ယောက်အတွက် တန်ဖိုးရှိတာဖြစ်နေတတ်တယ်။ ဒါကို ပရိသတ်ကို မက်ဆေ့ပေးချင်တာ” ဟု ပြောသည်။

ဆက်လက်၍ ဒါရိုက်တာ ကိုပေါက်က “ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်မှာ အများကြီးရှိကြတယ်၊ မရိုးမသား ဖြတ်သန်းကြတဲ့လူတွေ အများကြီးရှိတယ်၊ အဲ့ဒီအခြေအနေတစ်ခုမှာ ဒီကျွန်းက လူတွေသည် ပညာမတတ်ဘူး၊ သူများတွေလောက် အသိပညာမရှိဘူး၊ ဒါပေမယ့်လည်း လောကကြီးမှာ အရေးကြီးဆုံး သစ္စာတရားက သူတို့ဆီမှာ ရှိတယ်။ ဒါကိုလည်း ပြချင်တာ”ဟု ဒါရိုက်တာကိုပေါက်က ပြောသည်။

ကျွန်းသားတို့ သီဆိုကခုန်သည့် “ဟာလာပါအေးလေ၊ အေးလေ အေးလေ”ဆိုသည့် ဇာတ်ဝင်တေးသီချင်းမှာလည်း ပရိသတ်ပါးစပ်ဖျား ရေပန်းစားစေမည်ဖြစ်ရာ သရုပ်ဆောင် ခင်လှိုင်က “ကိုပေါက်က လူရိုင်းနဲ့ ပတ်သက်တဲ့ ဖန်တီးမှုလေး ဘယ်လိုလုပ်ကြမလဲ ဆိုတာနဲ့ ထိုင်နေရင်းနဲ့ လျှောက်အော်နေတာ။ “ဟာလာပါအေးလေ”ဆိုတော့ မြင့်မြတ်ကပါ “အေးလေ အေးလေ” ဆိုတယ်၊ နောက်ဂျိုကာကပါ လိုက်ဆိုတယ်။ တေးရေးဆရာက သီချင်းလေး သဘောမျိုးဖြစ်အောင် တီးလုံးလေးထည့်လိုက်တော့ ကြွသွားတာပေါ့၊ ပရိသတ်ပါးစပ်ဖျားတော့ ရောက်သွားမယ် ထင်ပါတယ်၊ ဒီသီချင်းလေးကဆိုရတာ လွယ်တယ်လေ၊ ဆုအိမ့်စံကို စန္ဒရားခုံနားမှာ သီချင်းဆိုပြတာဆိုရင် ပါးစပ်ထဲရှိတာ ကောက်အော်လိုက်တာလေ၊ ချစ်စရာကောင်းသွားတာပေါ့”ဟု ပြောသည်။

ဘော်ဘော်ကု (မြင့်မြတ်)၊ ဘော်ဘော်ပိ(ခင်လှိုင်)၊ ဘော်ဘော်ကော်(ဂျိုကာ)တို့ နေထိုင်သည့် ကျွန်းပေါ်မှ လူမျိုးစုများ၏ ထူးဆန်းသောဓလေ့ဖြစ်သည့် တစ်ဦးနှင့် တစ်ဦး ပါးရိုက်နှုတ်ဆက်သည့် အခန်းမှာလည်း ရယ်ရွှင်ဖွယ်ရာ ဖြစ်သည်။

ဇာတ်ညွှန်းဆရာ ညီညီဘမောင်ခေါ် သရုပ်ဆောင် ညောင်ညောင်က “ပါးရိုက်နှုတ်ဆက်တာက မူရင်းထဲမှာပါပြီးသားပါ။ ဒါပေမယ့် ရိုက်တဲ့အခါမှာတော့ မရိုက်ရဲခဲ့ဘူး၊ ရယ်စရာရိုက်တဲ့ အခန်းဖြစ်ပေမယ့် လူကြီးကို ရိုက်နေတယ်ဆို လက်ခံပါ့မလားပေါ့၊ တအားကြီး ရိုက်နှက်နေတာမျိုးလဲ မဖြစ်စေချင်လို့ပါ။ ဒီဇာတ်ကားက ဟာသကားဆိုပေမယ့် ရယ်စရာတွေ အများကြီးလည်း ထည့်မထားပါဘူး၊ ဟာသလေးလည်းပါအောင်၊ ပြောချင်တာလေး သဘောတရားလေးတစ်ခုပါအောင် မှုအောင် ထည့်ထားပါတယ်၊ အားပေးကြပါ”ဟု ပြောသည်။

ဇာတ်လမ်းတွင် ကု၊ ပိ၊ ကော် သုံးယောက်ထဲတွင် ပိနှင့် ကော်မှာ ကျွန်းသို့ မပြန်တော့ဘဲ ဘော်ဘော်ကု သာလျှင် ပေးထားသည့်ကတိအတွက် သူကြီးသမီးတောင်းရန် ပြန်လာရာ ကျွန်းသူကြီးသမီးမှာ ပုလင်းအသေးလည်မှာချိတ်ကာ လက်ထပ်ထားသည့် လူနှင့် ထွက်လာသော အခန်းကလည်း ပရိသတ်ရင်ထဲ စွဲကျန်စေမည်ဖြစ်သည်။

ထိုဇာတ်ကားတွင် ကျွန်းသူကြီး သမီး သွားတောင်းသည့် အခန်းတွင် ကျွန်းသူကြီးသမီးကို မြင်သည့်အခါ “လုလိုက်တာကွာ”ဆိုသည့် မြင့်မြတ်၏ ဟန်ပန်နှင့် ပြောပေါက်ဆိုပေါက်ကလည်း ပရိသတ်နှစ်ခြိုက်စေမည်ဖြစ်သည်။

ထို့ပြင် ချောမောလှပသည့် မိန်းကလေးနှင့် တွေ့ကြုံရသော်လည်း ကျွန်းပေါ်တွင် ကတိပေးခဲ့သည့် စကားအတိုင်း မိမိနှင့် လက်ထပ်မည့် မိန်းကလေးဆီပြန်သည့် သစ္စာရှိ ကတိတည်သူအဖြစ် မြင့်မြတ်၏ သရုပ်ဆောင်ချက်များသည် ပရိသတ်ရင်ကို ဖမ်းစားနိုင်မည်ဖြစ်သည်။

ဇာတ်လမ်းတွင် ဒေါက်တာတိုက်ဂါး (အရိုင်း)နှင့် ရန်ဘက် လိုင်းရင်း(ရာဇာနေဝင်း)က ကု၊ ပိ၊ ကော် လူရိုင်းသုံးယောက်ကို မရရအောင်ယူရန် ကြိုးပမ်းသည့် ဇာတ်ကွက်များ၊ ကု၊ ပိ၊ ကော်တို့၏ ရယ်ရွှင်ဖွယ်ရာ သရုပ်ဆောင်ပုံများ၊ အနုပညာရှင်များစွာ၏ ထောင့်စေ့သော သရုပ်ဆောင်ကွက်များကို အဆိုပါ ဇာတ်ကားတွင် ကြည့်ရှုရမည်ဖြစ်သည့်အပြင် ရေးမြို့နှင့် ၁၅ မိုင်ခန့်အကွာ ကဗျာဝကမ်းခြေတွင် သွားရောက်ရိုက်ကူးထားသည်ဖြစ်ရာ လှပသော ပင်လယ်ရှုခင်းများကိုပါ ကြည့်ရှုခံစားရမည်ဖြစ်သည်။

မြင့်မြတ်၊ ခင်လှိုင်၊ ဂျိုကာတို့နှင့် မင်းသမီးသုံးဦး လျှောက်လည်သည့် အခန်းများတွင် သရုပ်ဆောင် ခင်လှိုင်က ရုတ်တရက် ခုန်တက်သည့် ဇာတ်ဝင်ခန်းနှင့် ပတ်သက်၍ သရုပ်ဆောင် ဆုအိမ့်စံက “အမှန်တိုင်းပြောရရင် အဲ့ဒီဇာတ်ဝင်ခန်းက လုံးဝ မထင်ထားဘူး၊ ပြီးလည်းပြီးရော သူ့ဟာသူ ဝုန်းကနဲ ခုန်တက်တာ လန့်သွားတာ၊ ဒီဇာတ်ကားလေးက တခြားကားတွေနဲ့မတူ ထူးထူးခြားခြားလေး ဖြစ်တယ်ပေါ့၊ လာကြည့်ဖို့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

နှစ်ပေါင်းများစွာ ပျောက်ဆုံးနေသော ဘော်ဘော်ကထော့် လူမျိုးစု၊ အဆိုပါလူမျိုးစုကို ရှာဖွေနေသည့် ပရောဖက်ဆာ ပြိုင်ဘက်နှစ်ဦး မြို့ပေါ်ရောက်သွားသည့် ကု၊ ပိ၊ ကော်တို့ သုံးယောက်၏ အရိုင်းဆန်သောပြောဆိုနေထိုင်ပုံများ၊ အလွဲလွဲအချော်ချော်များ၊ လူ့သဘာဝ တွေးတောဆင်ခြင်ဖွယ်ရာများစွာဖြင့် ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် တစ်မူထူးခြားစွာ ရိုက်ကူးထားသည့် ဘော်ဘော်ကထော့် ရုပ်ရှင်ဇာတ်ကားကြီးကို လာမည့် ဇူလိုင် ၁၃ ရက်တွင် မြန်မာတစ်ပြည်လုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ- ဟန်နီ**


ဘော်ဘော်ကထော့် ရုပ်ရှင်ဇာတ်ကားကြီး ပိုစတာအား တွေ့ရစဉ်။


ဘော်ဘော်ကထော့် ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

# မြို့ပြလူနေမှုဘဝကြားက ပေါ်ထွက်လာမည့် စမ်းချောင်းဆစ်ကွန်

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ကို အခြေခံပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော ဆစ်ကွန်ရုပ်သံဇာတ်လမ်းတွဲတစ်ခုကို ဇူလိုင် ၁၈ ရက် ည ၉ နာရီမှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းမှ စတင်ထုတ်လွှင့်တော့မည်ဖြစ်ကြောင်း သိရသည်။

စမ်းချောင်းဆစ်ကွန်-ဆစ်ကွန်စမ်းချောင်းဟု အမည်ပေးထားသော အဆိုပါဇာတ်လမ်းတွဲကို အမျိုးသားစာပေဆုရှင် စာရေးဆရာမကြီး နုနုရည်(အင်းဝ)က ဇာတ်လမ်းရေးသားဖန်တီးကာ ဇာတ်ညွှန်းကို နေသန်မောင်၊ နီလာတင်ဝင်းတို့က ရေးသားကာ ဒါရိုက်တာ ရှင်ဒေဝီက ရိုက်ကူးထားသည်။

ဝါရင့်သရုပ်ဆောင်များဖြစ်သော အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီ မျိုးသန္တာထွန်းတို့နှင့်အတူ ဇော်ဝင်းနိုင်၊ သန်းသန်းစိုးတို့ ပါဝင်ထားသလို သရုပ်ဆောင်သစ်များဖြစ်သည့် ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ မာန်ဟိန်းခန့်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန်နှင့် ဂျေထွယ်အောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

အပိုင်း ၂၄ ပိုင်းပါဝင်သော ယင်းဇာတ်လမ်းတွဲကို ကမာရွတ်မီဒီယာက တာဝန်ယူစီစဉ်ထုတ်လုပ် ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV တွင် မပြသခင် ဇူလိုင် ၁၄ ရက်တွင် ဇာတ်ကားမိတ်ဆက်ပွဲနှင့် သရုပ်ဆောင်သစ်များ မိတ်ဆက်ပွဲကို ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ နံနက် ၁၁ နာရီတွင် ကျင်းပမည် ဖြစ်သည်။

“ရိုက်နေကျပုံစံနဲ့မတူတော့ အတွေ့အကြုံသစ်စိန်ခေါ်မှုအသစ်လို့တော့ စိတ်ထဲကထင်တယ်။ ဒီဟာလေး ပရိသတ်တွေရှေ့ချပြလိုက်ရင် ပရိသတ်အသစ်တွေရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဇာတ်လမ်းမှာ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံးကြိုးစားထားပါတယ်။ လိုအပ်ချက်တွေရှိရင်လည်း ထောက်ပြပေးပါ။ ဒီဇာတ်လမ်းလေးကိုတော့ ကြည့်ပြီးသွားရင် ကြည့်တဲ့ပရိသတ်အားလုံး ကြိုက်လိမ့်မယ်၊ လက်ခံလိမ့်မယ်လို့ ယုံကြည်ပါတယ်။ စမ်းချောင်းဆစ်ကွန်- ဆစ်ကွန်စမ်းချောင်းကို မဖြစ်မနေ အားပေးပေးပါရှင်”ဟု ဒီဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ထားသော အကယ်ဒမီ မျိုးသန္တာထွန်းက ပြောသည်။



**ဟန်သာ**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ပြိုင်ပွဲလေးမျိုး၌ ယှဉ်ပြိုင်မည်


ရန်ကုန် ဇူလိုင် ၈

**အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းက ပြိုင်ပွဲအမျိုးအစားလေးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**

ယင်းပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲလေးပွဲ၊ အမျိုးသမီးပြိုင်ပွဲနှစ်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်သင်းလျှင် နှစ်မျိုးစီသာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် အမျိုးသားပြိုင်ပွဲတွင် နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ၊ လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတွင် လေးယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲ အုပ်စုခွဲဝေထားမှုအရ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ မြန်မာ၊ တရုတ်၊ လာအို၊ ဂျပန်၊ အုပ်စု(ခ)တွင် စင်ကာပူ၊ နီပေါ၊ အီရန်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အမျိုးသား နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် ထိုင်း၊ လာအို၊ မလေးရှား၊ မြန်မာ၊ အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ပါကစ္စတန်၊ အုပ်စု(ခ)တွင် တောင်ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ နီပေါ၊ အမျိုးသား သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲ အုပ်စု(က)တွင် ထိုင်း၊ တောင်ကိုရီးယား၊ မလေးရှား၊ အုပ်စု(ခ)တွင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ အီရန်၊ အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ အုပ်စု(က)တွင် ထိုင်း၊ အိန္ဒိယ၊ လာအို၊ တောင်ကိုရီးယား၊ အုပ်စု(ခ)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ ဗီယက်နမ်၊ မြန်မာ၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ အုပ်စု(က)တွင် အင်ဒိုနီးရှား၊ လာအို၊ တောင်ကိုရီးယား၊ မြန်မာ၊ အုပ်စု(ခ)တွင် ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ အိန္ဒိယ၊ မလေးရှား အသင်းတို့ ပါဝင်နေသည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ ပိုက်ကျော်ခြင်းအသင်းသည် ၂၀၁၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုရရှိခဲ့ပြီး မြန်မာအားကစားအဖွဲ့ရရှိသည့် ဆုတံဆိပ်အားလုံးကို ပိုက်ကျော်ခြင်း အားကစားနည်းတစ်ခုတည်းမှ ရယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ်ရခဲ့သည့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ နှစ်မျိုးစလုံး ယခုပြိုင်ပွဲတွင် ပါဝင်လာခြင်း မရှိကြောင်း သိရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့်**



၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း

# မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နိုဝင်ဘာတွင် ဧည့်ခံကျင်းပမည့် 2018 IODA Optimist Asian & Oceanian Championship ရွက်လှေပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း ဇူလိုင် ၇ ရက် နံနက်က ရန်ကုန်မြို့ အင်းလျားကန် ရန်ကုန်ရွက်လှေအသင်းတွင် ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားရွက်လှေပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင်က ပြောကြားသည်။

"ကျွန်တော်တို့ အိမ်ရှင်ရွက်လှေပြိုင်ပွဲမှာ မြန်မာနိုင်ငံမှ သက်ငယ်တန်း Optimist ရွက်လှေအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့ချုပ် ရွက်လှေပြိုင်ပွဲမှာ သက်ငယ်တန်းOptimist Class မှာ ကစားသမား ၃၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြတယ်။ ဒီပြိုင်ပွဲက အလားအလာကောင်းမယ့် ကစားသမားများကို ဆက်လက်လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင်က ဆက်လက်ပြောသည်။

ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားရွက်လှေပြိုင်ပွဲတွင် Sharpic A.B၊Rater.Optimist Team၊ Stand up၊ Peddle နှင့် Laser Radial Class ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်အားကစားသမား ၈၅ ဦး၊ အသင်းငါးသင်းက ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲကို ဇူလိုင် ၈ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးကေလင်း**

## *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် အဓိကတိုက်စစ်မှူး ခရစ္စတိုဖာ ဂိုးပေါက်ပျောက်ဆုံးနေသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲအစ ၂ မိနစ်တွင် ရဲရင့်ထွန်းက ရတနာပုံအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သောကြောင့် ရန်ကုန်အသင်း ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။ ၂၆ မိနစ်တွင် ရတနာပုံကွင်းလယ်လူ လှိုင်းဘိုဘို နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရ၍ ရန်ကုန်အသင်း တစ်ယောက်အသာရခဲ့ပြီး ၅၈ မိနစ်တွင် သိန်းဇော်က ချေပဂိုးသွင်းယူခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့ပြီး ရန်ကုန်အတွက် အနိုင်ဂိုးကို ၉၀+၄ မိနစ်တွင် အီမန်နျူရယ်က သွင်းယူခဲ့သည်။ ယင်းဂိုးနှင့်ပတ်သက်၍ ရတနာပုံအသင်းသားများ ဝိုင်းဝန်းစောဒကတက်ခဲ့ပြီး ပွဲကိုခေတ္တရပ်နားခဲ့ရသည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၁၃ မိနစ်တွင် အီမန်နျူရယ်၊ ၄၆ မိနစ်တွင် မတ်ခ်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၉) အပြီးတွင် ရန်ကုန်အသင်းက ၄၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၄၀ မှတ်၊ ဟံသာဝတီအသင်းက ၂၉ မှတ်၊ ရတနာပုံနှင့် ဇွဲကပင်အသင်းက ၂၇ မှတ်စီ၊ Southern နှင့် မကွေးအသင်းက ၂၆ မှတ်စီ၊ ရောဝတီအသင်းက ၂၅ မှတ်၊ ရခိုင်အသင်းက ၂၄ မှတ်၊ စစ်ကိုင်းအသင်းက ၂၁ မှတ်၊ GFA အသင်းက ၁၇ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွှန့်**

## *ကျောဖုံးမှ*

ယခုပွဲအပြီးတွင် မြန်မာနှင့် မလေးရှားအသင်းက ခုနစ်မှတ်စီ၊ တီမောအသင်းက ငါးမှတ်ရထားပြီး ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းမှာ အုပ်စုအဆင့်မှ ထွက်ရပြီဖြစ်သည်။ မြန်မာနှင့် မလေးရှားအသင်းသည် နောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားအသင်းထက် ဂိုးကွာခြားချက်တွင် အသာရထားသောကြောင့် သရေကျရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရှိနေခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# ပေါင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုတ္တမတိုက်နယ်ဆေးရုံအတွင်းသို့ ရေများဝင်ရောက်

**ပေါင် ဇူလိုင် ၈**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ဇူလိုင် ၇ ရက် ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုတ္တမတိုက်နယ်ဆေးရုံအတွင်းသို့ ရေများဝင်ရောက်လာကာ ဆေးရုံရှိ လူနာများကို အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

"ညနေ ၆ နာရီလောက်မှာ မိုးက စရွာတာ။ ည ၇ နာရီ ဝန်းကျင်လောက်ရောက်တော့ ဆေးရုံဝင်းရှေ့မှာ ရေက တစ်ပေကျော်ကျော် လောက်ရှိနေပြီ၊ ဆေးရုံထဲမှာလည်း ငါးလက်မလောက် ရေကဝင်နေကာ အဲဒီအချိန်မှာပဲ ဆေးရုံမှာရှိတဲ့ လူနာတွေကို လူမှုရေးအသင်းအဖွဲ့တွေရယ်၊ သံဃာတော်တွေရယ်၊ ပြည်သူလူထုတွေက မြနန်းဘုန်းကြီးကျောင်းကို အရေးပေါ် ရွှေ့ပြောင်းပေးခဲ့တာ ည ၈ နာရီလောက်မှာ ပြီးသွားတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ ဇွန်လ ၁၇ ရက်ကလည်း ကားလမ်းရေကျော်၊ ဆေးရုံထဲရေဝင်ပြီး၊ ပျက်စီးသွားတဲ့ဟာတွေကို ပြန်လည်ပြင်ဆင်လို့တောင် မပြီးသေးဘူး။ ခုနောက်တစ်ခါထပ်ဖြစ်ပြန်ပြီ။ ဒီတစ်ခေါက်တော့ အရင်တစ်ခေါက်ထက်တော့ ရေဝင်ရောက်မှုနည်းပါတယ်။ ခုတော့ရေလည်း ပြန်ကျနေပါပြီ"ဟု ၎င်းက ဆက်လက်ပြောသည်။

တိုက်နယ်ဆေးရုံရှိ လူနာ ၃၂ ဦးကို မြနန်းဘုန်းကြီးကျောင်းမှတစ်ဆင့် မော်လမြိုင်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြကြောင်း လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များထံမှ သိရသည်။

အဆိုပါနေရာများသို့ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပေါင်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များနှင့် ပြည်သူများတို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**



# မြန်မာအမျိုးသမီးအသင်း အုပ်စုပထမနေရာအတွက် ဗီယက်နမ်နှင့် ယနေ့ကစားမည်

**ရန်ကုန် ဇူလိုင် ၈**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဇူလိုင် ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ဗီယက်နမ်အမျိုးသမီးအသင်းသည် အုပ်စုပထမနေရာအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု (ခ) နောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းသည် သုံးပွဲနိုင် ကိုးမှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ထားပြီး ယခုပွဲမှာ ပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ဂိုးကွာခြားချက်တွင် ဗီယက်နမ်အသင်းက အသာရထားသောကြောင့် မြန်မာအသင်းအနေဖြင့် နိုင်ပွဲရယူနိုင်မှသာ အုပ်စုပထမနေရာ ရရှိမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံသည့်နောက်ပိုင်းပွဲများတွင် ရလဒ်ကောင်းရယူနိုင်ခြင်း မရှိဘဲ ပူပူနွေးနွေးအဖြစ် နောက်ဆုံးကျင်းပသည့် ၂၀၁၆ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို ပြန်ဆပ်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဖိလစ်ပိုင်ကို လေးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားကို ခုနစ်ဂိုး-တစ်ဂိုး၊ စင်ကာပူကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗီယက်နမ်အသင်းမှာမူ အင်ဒိုနီးရှားကို ခြောက်ဂိုး-ဂိုးမရှိ၊ စင်ကာပူကို ၁၀ ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

အုပ်စု (က) ပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ လက်ရှိချန်ပီယံ ထိုင်းက လေးပွဲစလုံးအနိုင်ရပြီး ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ဩစတြေးလျ ယူ-၂၀ အသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယရကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ **ရဲရင့်ရှိုင်း**




**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာ့လီမြို့တွင် ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် 5th Asian Dragon Boat Championship ပြိုင်ပွဲတွင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦး ခေါင်းဆောင်သော မြန်မာလှေလှော်လက်ရွေးစင်(ခ)အသင်း သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ဆု၊ ငွေတစ်ဆု၊ ကြေးတစ်ဆု ဆွတ်ခူးရရှိပြီး ယနေ့ညနေ ၆ နာရီခွဲက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြစဉ်။**

တင်စိုး(မြန်မာ့အလင်း)

# ကမ္ဘာ့ဖလား အိမ်ရှင်ရုရှားတို့ ခရိုအေးရှားကို ရှုံးနိမ့်ပြီး ကွာတားအဆင့်နှင့်သာ ကျေနပ်ခဲ့ရ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရုရှားနှင့် ခရိုအေးရှားတို့ ဇူလိုင် ၈ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အတွင်းနှင့် အချိန်ပိုတွင် သရေဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းရာ ခရိုအေးရှားက အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲတွင် ပွဲအစ၌ နှစ်သင်းစလုံး ဘောလုံးထိန်းကစားနေမှုကြောင့် ပွဲအေးခဲ့သော်လည်း ၃၁ မိနစ်တွင် ရုရှားမှ ချာရီရှက်ဗ်က ပယ်နယ်တီစည်းအပြင်ဘက်မှ ကန်သွင်းခဲ့ရာ ဂိုးဝင်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ်တွင် ခရိုအေးရှားမှ ခရာမာရစ်က ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေး ကြိုးစားသော်လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့၍ တစ်ဂိုးစီသရေဖြစ်ခဲ့ရာ အချိန်ပိုကစားခဲ့သည်။ အချိန်ပိုပထမပိုင်း ၁၁ မိနစ်တွင် ခရိုအေးရှားမှ ဗီဒါက ဂိုးသွင်းယူခဲ့ပြီး အချိန်ပိုဒုတိယပိုင်း ၂၅ မိနစ်တွင် ရုရှားမှ ဖာနန်ဒက်က ပြစ်ဒဏ်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ အချိန်ပိုကစားရာတွင်လည်း သရေဖြစ်နေ၍ ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရာ ခရိုအေးရှားက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် အကြိုဗိုလ်လုပွဲအဖြစ် အင်္ဂလန်နှင့် ခရိုအေးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**သီဟ**

# ဖားကန့်၊ မရမ်းကုန်း၊ လှိုင်လင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီက ဖားကန့်မြို့နယ် အေးမြသာယာကျေးရွာအုပ်စု ဗလခကျေးရွာနေ မောင်မခေါ် နော်အောင်နှင့် ဒေါ်လဖိုင်ဘော့တို့၏ နေအိမ်၌ ရှာဖွေရာ ဘိန်းဆီခဲ ၂ ဒသမ ၄ ကီလို၊ စိတ်ကြွရူးသွပ် ဆေးပြား ၃၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ် (၅)ရပ်ကွက် ဘုရင့်နောင်လမ်းနေ လှခိုင်မိုး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅၄၆ ပြား၊ အိုက်စ် ၉၁ ဂရမ်၊ ဘိန်းဖြူဘလောက်တုံး နှစ်တုံး(ဘိန်းဖြူအလေးချိန် ၇၄၀ ဂရမ်)၊ ဆေးခြောက် ၁၀ ဒသမ ၈ ဂရမ်နှင့် ငွေကျပ် သိန်း ၅၀ တို့ကို လည်းကောင်း။

ထို့အတူ ထိုနေ့ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လှိုင်လင်မြို့နယ် လှိုင်လင်-တောင်ကြီးသွား ကားလမ်း ဟိုတင့် ကျေးရွာအနီး၌ ခရီးသည်တင် မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် သန်းအောင်ထံမှ ဘိန်းဆီခဲ ၁ ဒသမ ၅၅ ကီလိုကို လည်းကောင်း၊ အလားတူ ကွန်ဟိန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် ကာလိမြို့ အမှတ် ၄ ရပ်ကွက် တိုးချဲ့ကွက်သစ်ရုံးကြီးလမ်းရှိ မခင်လှ၏နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းရှိ ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၂၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ကလေးမြို့ စစ်ဆေးရေးဂိတ်၌ လေသေနတ်လေးလက်နှင့် တရားမဝင်ဆေးဝါးများ ဖမ်းဆီးရမိ

**ကလေး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကိုးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဇူလိုင် ၈ ရက် နံနက်က ချင်းပြည်နယ်ဘက်မှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ လေသေနတ်လေးလက်နှင့် တရားမဝင်ဆေးဝါးများဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကလေးမြို့ ကိုးမိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဇူလိုင် ၈ ရက် နံနက်က တာဝန်ရှိသူများသည် ချင်းပြည်နယ်ဘက်မှလာသည့်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ကိုယ်ထည်အမှတ် CAL 4.5(၁၇၇)ပါ ဒင်မှ ပြောင်းအထိ အရှည် သုံးပေ ငါးလက်မမှ သုံးပေ ခုနစ်လက်မ အရွယ်အစားရှိ လေသေနတ် လေးလက်၊ လေသေနတ်ကျည်ဆန်တစ်ဘူး လျှင် ကျည် ၄၈၀ ခန့်ပါ လေးဘူးတို့အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အလားတူ ယင်းယာဉ်ပေါ်မှ မသင်္ကာဖွယ်ရာ ဂျပ်ဖာများတွေ့ရှိသဖြင့် ဒုတိယမြို့နယ်ရဲမှူး ချစ်ဝေ၊ ကလေးမြို့မရဲစခန်းမှူး ရဲအုပ် ချစ်စန်းမောင်(ခ)မင်းဝေ၊ ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများနှင့်အတူ စစ်ဆေးခဲ့ရာ မှတ်ပုံတင်ထားခြင်းမရှိသော အိန္ဒိယနိုင်ငံထုတ် သောက်ဆေး၊ ထိုးဆေး စုစုပေါင်းဆေးဝါး ၁၂ မျိုးနှင့် ကွမ်းစားဆေးများ( ကာလတန်ဖိုး ငွေကျပ် ၃၉၄၆၈၀၀၀ )ကို စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင် လေသေနတ်များနှင့်ဆေးဝါးများ တရားမဝင် သယ်ဆောင်လာသူ ဇိုးနွန်ဆန်းငါ အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လယ်ရေသွင်းသည့်ကိစ္စ စကားများကာ ဓားထိုးမှုဖြစ် တစ်ဦးသေဆုံး

**မိုင်းပန် ဇူလိုင် ၈**

မိုင်းပန်မြို့နယ် ဝိုးလိုင်းကျေးရွာအုပ်စု ဝိုးလိုင်းကျေးရွာ၌ ဇူလိုင် ၇ ရက် ညနေ ၆ နာရီခန့်က လယ်ကွင်းတွင် စကားများရာမှ ဓားထိုးမှုဖြစ်၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝိုးလိုင်းကျေးရွာရှိ လယ်ကွင်းထဲတွင် လယ်နီးချင်းများဖြစ်သော မိုင်းပန်မြို့ အနောက်ရပ်ကွက် ဈေးဟောင်းရပ်နေ ဦးလုံးစောမြင့် (၅၈ နှစ်)နှင့် မိုင်းပန်မြို့ အနောက်ရပ်ကွက် အကွက် (၉) နေ ဦးလုံးရာစိန်(၅၆ နှစ်) တို့ လယ်ရေသွင်းသည့်ကိစ္စဖြင့် ရန်ဖြစ်ကြပြီးနောက် ဦးလုံးရာစိန်က ဦးလုံးစောမြင့်ကို ဓားဦးချွန်ဖြင့်ထိုးရာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူပေးပါရန် ဦးလုံးစောမြင့်၏ဇနီး ဒေါ်ပါမိုင်က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဦးလုံးရာစိန်ကို မိုင်းပန်မြို့နယ်ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သန်လျင်၌ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကညင်ပင် ၂ လမ်း၌ ဇူလိုင် ၇ ရက် ညနေ ၄ နာရီခွဲခန့်က မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် မိုးအောင်သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ကညင်ပင် ၂ လမ်းရှိ စာဥ (ခ) နိုင်စိုးကျော် နေအိမ်အား ဝင်ရောက်ရှာဖွေရာ စာဥ (ခ) နိုင်စိုးကျော်နှင့် ၎င်း၏ (ဇနီး) မဇင်မာအောင်တို့အား ဖမ်းဆီးစဉ် စာဥ (ခ) နိုင်စိုးကျော်မှာ ထွက်ပြေးတိမ်းရှောင်သွားပြီး မဇင်မာအောင်ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဆက်လက်ရှာဖွေရာ အဆိုပါနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးရောင်းချရသည့် ငွေကျပ် ၅၁၀၀၀ နှင့် ဓားဦးချွန်တစ်ချောင်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် သန်လျင်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

# နွားထိုးကြီးမြို့၌ နေအိမ်ဖောက်ထွင်းခိုးယူသူတစ်ဦးကို အရေးယူ

**နွားထိုးကြီး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ ဇူလိုင် ၇ ရက် ညနေ ၆ နာရီခွဲက နေအိမ်အတွင်း ဖောက်ထွင်းခိုးယူသူ တစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စည်သူထက်သည် ဇနီးဖြစ်သူနှင့်အတူ အမှတ်(၈)ရပ်ကွက်ရှိ လင်းပွိုင့် ဖုန်းအရောင်းဆိုင်မှ ပြန်လာစဉ် နေအိမ် အနောက်ဘက်ခန်းအတွင်းရှိ ပိုက်ဆံများထည့်ထားသော သေတ္တာအတွင်းရှိ ငွေကျပ် ၉၈၄၅၀၀ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နွားထိုးကြီး မြို့မစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုတိယရဲမှူး ခင်မောင်ဦး၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သိန်းထွန်းကျော်နှင့်အဖွဲ့သည် အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ ပြစ်မှုကျူးလွန်သူမှာ စည်သူထက်နှင့်ရင်းနှီးကျွမ်းဝင်သူဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် စည်သူထက်နှင့် တစ်ရုံးတည်း အလုပ်လုပ်ကိုင်သူ ချမ်းငြိမ်းအောင်(၂၅ နှစ်)အား မသင်္ကာသဖြင့် ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

ချမ်းငြိမ်းအောင်အား စစ်ဆေးရာ ဇူလိုင် ၇ ရက် ညနေ ၆ နာရီခွဲခန့်က စည်သူထက်၏ နေအိမ်အတွင်း ဝင်ရောက်ခဲ့ကြောင်းနှင့် ငွေကျပ် ကိုးသိန်းကျော်ကို ခိုးယူခဲ့ကြောင်း၊ ထို့နောက် မြင်းခြံမြို့နယ် ပျားကျေးရွာသို့ သွားရောက်ကာ ခိုးယူရရှိသောငွေများအနက် ငွေကျပ် ၇၂၀၀၀၀ဖြင့် ဆိုင်ကယ်နှင့် ဖုန်းကို ရွေးယူခဲ့ကြောင်း ဝန်ခံသဖြင့် ၎င်းအား နွားထိုးကြီးမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**သန်းအောင်ဇော်(ပြန်/ဆက်)**



# ခရီးသည်တင်ယာဉ် လမ်းဘေးသစ်ပင်ဝင်တိုက်မိ၍ ၁၉ ဦး ဒဏ်ရာရ

**အုတ်ဖို ဇူလိုင် ၈**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် လှစင်ကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၁၁၄/၃နှင့် ၄ ကြားတွင် ဇူလိုင် ၇ ရက် မွန်းလွဲ ၃ နာရီ မိနစ်၂၀ က ခရီးသည်တင်ယာဉ်တစ်စီး လမ်းဘေးသစ်ပင် ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန် - ပြည်ကားလမ်းပေါ်တွင် သရက်တောင်ရပ်ကွက် အင်းမမြို့နေသူ ဦးလှိုင်မျိုးထွန်း မောင်းနှင်လာသော ခရီးသည်ပို့ဆောင်ရေးယာဉ်သည် ရန်ကုန်မှ ပြည်ဘက်သို့ မောင်းနှင်လာရာ မျက်နှာချင်းဆိုင် တစ်ဖက်ကြောမှလာသော ယာဉ်အားရှောင်တိမ်းစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းရှိ သစ်ပင်ကို ဝင်တိုက်ရာ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် ၁၉ ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေပူစစ်ဆေးရေးအဖွဲ့ ခရီးသည်တင်ယာဉ်ပေါ်မှ ဘိန်းဖြူများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၇၄ စီး၊ သွင်းကုန် ၉၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉ ဒသမ ၀၂၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄၄၀ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃ ဒသမ ၄၆၀ သန်းခန့်အား ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ ရောင်စုံဆပ်ပြာခွက်များအတွင်း ပလတ်စတစ်အကြည်အိတ်များဖြင့် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူဟုယူဆရသည့် ရောင်စုံဆပ်ပြာခွက် ၄၄ ခွက်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၃၈ ဒသမ ၃၆၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူကဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညိုလမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com


# ဖောင်းပြင်မြို့တွင် ကူးတို့စက်လှေနှင့် မော်တော်တစ်စင်းတိုက်မိ တစ်ဦးဒဏ်ရာရ

**ဖောင်းပြင် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်တွင် ဇူလိုင် ၇ ရက် ညနေပိုင်းက ချင်းတွင်းမြစ်အတွင်း ဆွတ်နန်းကျေးရွာ ကူးတို့ဆိပ်မှ သရောင်းကျေးရွာ ကူးတို့ဆိပ်သို့ ဖြတ်ကူးသည့် ကူးတို့စက်လှေနှင့် အထက်မှ စုန်ဆင်းလာသော အောင်ဆန်းမင်း မော်တော်ရေယာဉ်ဖြင့်တိုက်မိ၍ ကူးတို့စက်လှေမှ ခရီးသည် အမျိုးသမီးတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆွတ်နန်းကျေးရွာကူးတို့ဆိပ်မှ သရောင်းကျေးရွာကူးတို့ဆိပ်သို့ ဖြတ်ကူးသည့် ဇီးဖြူကုန်းကျေးရွာနေ ထက်နိုင်ဦး မောင်းနှင်သည့် ကူးတို့စက်လှေသည် ခရီးသည် ၁၂ ဦးခန့် တင်ဆောင်ပြီး ရုတ်တရက်ဖြတ်မောင်းလာရာ မြစ်ဆိပ်ကမ်းနှင့် ပေ ၅၀ ခန့်အကွာမှ ဖောင်းပြင်မြို့ အင်ကြင်းမြိုင်ရပ်ကွက်နေ ကိုအောင်ခိုင် စုန်၍မောင်းနှင်လာသည့် စက်လှေရှေ့သို့ ရောက်ရှိကာ ကူးတို့စက်လှေ၏ ခါးကို ဖြတ်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းလှေနှစ်စင်းတိုက်မိမှုကြောင့် ကူးတို့စက်လှေမှ လိုက်ပါလာသည့် ခရီးသည် ဆွတ်နန်းကျေးရွာနေ မအေးသန်းမှာ စက်လှေနှင့်ဆောင့်မိပြီး ဒဏ်ရာများရရှိခဲ့သဖြင့် သရောင်းတိုက်နယ်ဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ)အနေဖြင့် ပို့ဆောင်ခဲ့ပြီး စက်လှေကို မဆင်မခြင်ဖြတ်မောင်းသည့် ထက်နိုင်ဦးအား အမှုဖွင့်ထားကြောင်း ဖောင်းပြင်မြို့မရဲစခန်းမှ သိရသည်။ **မော်လိုက်သားလေး**

# ထိုင်းနိုင်ငံမြောက်ပိုင်း ဂူအတွင်းပိတ်မိကျောင်းသားများမှ လေးဦး ဂူအပြင်သို့စတင်ကယ်ထုတ်

ချင်းရိုင် ဇူလိုင် ၈

**ထိုင်းနိုင်ငံမြောက်ပိုင်း ဂူအတွင်းပိတ်မိနေသော ကျောင်းသားလေးဦးကို ဇူလိုင် ၈ ရက်တွင် ကယ်ထုတ်နိုင်ခဲ့ပြီး အနီးစပ်ဆုံးဆေးရုံသို့ ပို့ဆောင်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ ဂူအတွင်း ပိတ်မိကျောင်းသားများနှင့် ၎င်းတို့၏ နည်းပြဆရာတို့ကို ကယ်ဆယ်ရန် ကြိုးပမ်းမှုမှာ ထင်ထားသည်ထက် အောင်မြင်ခဲ့ကြောင်း သိရသည်။**





**ဂူအတွင်းမှ ကယ်ဆယ်လာသော ကလေးများအား တင်ဆောင်သွားသည့် လူနာတင်ယာဉ်ကို တွေ့ရစဉ်။**

### ဂူအပြင် ကယ်ထုတ်နိုင်ခဲ့

ဂူအတွင်းရေများ ပြန်တက်လာမည်ကို စိုးရိမ်ရသော အန္တရာယ်နှင့် အောက်ဆီဂျင်ပမာဏ လျော့ကျလာမှုအတွက် ကယ်ဆယ်ရေးကို အလျင်အမြန်ဆောင်ရွက်ကြရာ ပထမဦးဆုံး ကျောင်းသားကို ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ ဝန်းကျင်ခန့်တွင် ဂူအပြင် ခေါ်ထုတ်နိုင်ခဲ့သည်။

ထို့နောက် ၁၀ မိနစ် အကြာတွင် ဒုတိယကျောင်းသားကို ကယ်ထုတ်နိုင်ခဲ့ပြီး တတိယမြောက် ကျောင်းသားကိုမူ ၇ နာရီ မိနစ် ၄၀ နှင့် စတုတ္ထမြောက် ကျောင်းသားကို ၇ နာရီ မိနစ် ၅၀ တို့တွင် ဂူအပြင် ကယ်ထုတ်နိုင်ခဲ့သည်။ ဇူလိုင် ၈ ရက်ည ၁၀ နာရီခွဲတွင် ကျောင်းသားလေးဦးစလုံး ကယ်ထုတ်ပြီးဖြစ်သည်။ ရေငုပ်၍ ဂူအပြင်ထွက်လာသော ကျောင်းသားများကို ရေငုပ်ရာတွင် မျက်နှာပြည့်မျက်နှာဖုံးများ တပ်ဆင်ထားပြီး ယင်းမျက်နှာဖုံးသည် ရေငုပ်အတွေ့အကြုံ မရှိသူများအတွက် အထောက်အကူပြုကြောင်း သိရသည်။



### ကျန်းမာရေးအခြေအနေရ ရွေးချယ်

ကျန်းမာရေးအခြေအနေပေါ် မူတည်၍ ဂူအပြင်ကယ်ထုတ်ရန် ကျောင်းသားများကို ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။ ကယ်ဆယ်ရေးသမားများသည် ဒုတိယအသုတ် ကယ်ဆယ်မှုပြုလုပ်ရန် ပြင်ဆင်ချိန် အချိန် ၁၀ နာရီလိုအပ်ကြောင်း ကယ်ဆယ်ရေးခေါင်းဆောင်က ပြောသည်။

### ကယ်ဆယ်ရေး ခေတ္တရပ်ဆိုင်း

အောက်ဆီဂျင်ပမာဏ ကျဆင်းလာမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းကို ရပ်ဆိုင်းထားပြီး ဂူထဲတွင် ကိုးဦးမှာ ကျန်ရှိနေဆဲဖြစ်သည်။ နောက်တစ်ကြိမ် ကယ်ဆယ်ရေးလုပ်ဆောင်ရန်မှာ ဇူလိုင် ၉ ရက် (တနင်္လာနေ့) မနက်ပိုင်းတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

### အချိန်နှင့် ရေကြား အခက်အခဲများနှင့် ရင်ဆိုင်ရ

ဂူအပြင်ကယ်ထုတ်ရာတွင် နောက်ထပ်သုံးကြိမ် ခွဲ၍လုပ်ဆောင်မည်ဖြစ်ပြီး နည်းပြ ဆရာမှာ နောက်ဆုံးအသုတ်တွင် ပါရှိမည်ဖြစ်ကြောင်း ဗန်ကောက်ပို့စ်တွင် ဖော်ပြထားသည်။ ကျောင်းသားများကို ဂူအပြင် ကယ်ထုတ်နိုင်ရေး ဇူလိုင် ၈ ရက်နံနက် ၁၀ နာရီကတည်းက စတင်လုပ်ဆောင်ခဲ့ရာ ရေငုပ်သမား ၉၀ ကျော် ပါဝင်ခဲ့ပြီး ၎င်းတို့ထဲမှ ၅၀မှာ အပြည်ပြည်ဆိုင်ရာမှ ရေငုပ်သမားများ ဖြစ်ကြသည်။ တနင်္ဂနွေ နေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံမြောက်ပိုင်း၌ မိုးသားများမည်းမှောင်လျက်ရှိပြီး ဂူအတွင်းအောက်ဆီဂျင်မှာလည်းနည်းပါးလာသည်။ ထို့အပြင် မိုးရွာသွန်းပါက ဂူအတွင်း ရေများဝင်ရောက်လာနိုင်ပြီး ကယ်ဆယ်ရေးသမားများမှာ အချိန်နှင့် မိုးရေကြား အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

**စီအင်န်အေ၊ ဆင်ဟွာ**

# ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ဂျပန်နိုင်ငံတွင် သေဆုံးသူဦးရေ ၆၈ ဦးအထိရှိလာ

**တိုကျို ဇူလိုင် ၈**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် စံချိန်တင်မိုးရွာသွန်းမှုကြောင့် မြေပြိုမှုနှင့်ရေကြီးမှုများဖြစ်ပေါ်လျက်ရှိရာ သေဆုံးသူအရေအတွက်မှာ မြင့်တက်လာနိုင်သေးကြောင်း ဂျပန်အာဏာပိုင်များက ပြောသည်။ တနင်္ဂနွေနေ့ ညနေငါးနာရီဝန်းကျင်ခန့်အထိ သေဆုံးသူဦးရေမှာ ၆၈ ဦးအထိရှိလာပြီး ခြောက်ဦးမှာ အခြေအနေမသိရသေးကြောင်း၊ ၅၆ ဦးမှာပျောက်ဆုံးနေကြောင်း သိရသည်။ ဟီရိုရှီးမားစီရင်စုတွင် အဆိုးဆုံး ထိခိုက်ခံစားခဲ့ရပြီး ၂၉ ဦးသေဆုံးခဲ့ကြောင်း အဲဟိမဲ စီရင်စုတွင်မူ လူ ၂၀ သေဆုံးခဲ့ကြောင်း သိရသည်။ အိုကာယာမာ၊ ဟျုဂို၊ ကျိုတို၊ ရှင်ဂါ၊ ဖူကိုကာ၊ ကိုချီ၊ ဂီဖုနှင့် ယာမာဂူချီ စီရင်စုတို့တွင်လည်း အသေအပျောက်များကြောင်း သိရသည်။





ဟီရိုရှီးမား စီရင်စုတွင် လေးဦး၊ ကာရိုရှီးမားတွင် လူနှစ်ဦး သတိလစ်အနေအထားနှင့် တွေ့ရကြောင်း ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့မှာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အဟန့်အတားပင်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တိုးတက်မှုများရှိလာသော်လည်း စိန်ခေါ်မှုများကဦးဆောင်နေဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန် ဇူလိုင် ၈**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ၎င်း၏လတ်တလော မြောက်ကိုရီးယားခရီးစဉ်အတွင်း မြောက်ကိုရီးယာအရာရှိများနှင့် တွေ့ဆုံဆွေးနွေးကာ တိုးတက်မှုများရှိလာကြောင်း ပြောခဲ့သည်။ သို့သော် နျူကလီးယားလက်နက်အပြီးပြတ် မကင်းစင်သရွေ့ မြောက်ကိုရီးယားအပေါ်ကုလသမဂ္ဂမှ ပိတ်ဆို့မှုများဆက်လက်ထားရှိဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုက်ပွန်ပီအိုသည် ဂျပန်၊တောင်ကိုရီးယားတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တိုကျိုမြို့၌ သုံးပွင့်ဆိုင်တွေ့ဆုံအပြီး ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ရောင်ချိုနှင့်အတူ သောကြာနေ့နှင့် စနေနေ့တို့တွင် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး မြောက်ကိုရီးယားဘက်မှ ၎င်းတို့၏ ကတိဖြစ်သော နျူကလီးယားလက်နက်လုံးဝကင်းစင်ရေးကို ဆောင်ရွက်သွား မည်ဟု ထပ်မံအတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များမှာ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေပြီး ပြုံယမ်းမှ နျူကလီးယားကင်းစင်ရေး မပြီးမပြတ်သေးသရွေ့ ပိတ်ဆို့မှုများဖယ်ရှားလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ဖြစ်သော ယခုတစ်ကြိမ်ဆွေးနွေးပွဲမှာတစ်ဖက်သတ်ဆန်၍ လူမိုက်ဆန်ကြောင်း ပြောဆိုချက်ကို ပြန်လည်တုံ့ပြန်ရာတွင် အကယ်၍ ယင်းတောင်းဆိုချက်မှာ လူမိုက်ဆန်သည်ဟုဆိုလျှင် တစ်ကမ္ဘာလုံးမှာ လူမိုက်ဆန်ကြောင်း ကုလသမဂ္ဂမှ အောင်မြင်ရန် လိုအပ်သည်များကို ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ နျူကလီးယားလက်နက် ကင်းစင်ခြင်းမရှိဘဲ လုံခြုံစိတ်ချရသည့် လုံခြုံရေး ရရှိလာမည် မဟုတ်ကြောင်းလည်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲစော၍ ကျင်းပမည်မဟုတ်ဟု နီကာရာဂွါသမ္မတ ပြော

**မာနာဂွါ ဇူလိုင် ၈**

နီကာရာဂွါသမ္မတ ဒင်နီရယ်အော်တီဂါသည် အတိုက်အခံများ၏ တောင်းဆိုမှုဖြစ်သော ရွေးကောက်ပွဲကို စော၍ကျင်းပရန် တောင်းဆိုမှုကို လက်ခံမည်မဟုတ်ကြောင်း ကြေညာခဲ့သည်။ ဧပြီလမှစ၍ နီကာရာဂွါနိုင်ငံ၌ မငြိမ်သက်မှုများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၂၂၀ အသက် ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။

သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတိုင်း စည်းမျဉ်းများထုတ်ထားခြင်းဖြစ်ကြောင်း တစ်ညတည်းဖြင့် ဥပဒေကိုပြောင်းလဲရန် မဖြစ်နိုင်ကြောင်း၊ တိုင်းပြည်အာဏာသိမ်းရန် ကြိုးပမ်းနေသော အုပ်စု၏ ကြိုးပမ်းမှုသာ ဖြစ်ကြောင်း နီကာရာဂွါသမ္မတက ၎င်းကို ထောက်ခံသူများစုဝေးစဉ် ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။



### တောင်းဆိုခဲ့ကြ

၂၀၂၁ ခုနှစ်တွင် ကျင်းပမည်ဟု သတ်မှတ်ထားသော ရွေးကောက်ပွဲ ကိုစော၍ လာမည့်နှစ် မတ်လတွင် ကျင်းပရန် တောင်းဆိုမှုဖြစ်သော ကတ်သလစ်တို့၏ တောင်းဆိုမှုကို သမ္မတ ဒင်နီရယ်က အစောပိုင်းတွင် နှုတ်ဆိတ်နေခဲ့သည်။ သမ္မတ ဒင်နီရယ်၏ပြောဆိုမှုကို မာနာဂွါမြို့မှ ဘုန်းတော်ကြီး Silvio Baez က ချက်ကျောင်းသည် သမ္မတ၏ပြောဆိုမှုကို ကြောက်ရွံ့နေမည် မဟုတ်ကြောင်း၊ ဆင်းရဲသားများ ထိခိုက်ခံစားရသူများနှင့်အတူ ရပ်တည်သွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ခဲ့သည်။ ဆန့်ကျင်ဆန္ဒပြသူများသည် သမ္မတ ဒင်နီရယ် နုတ်ထွက်သွားရေး တောင်းဆိုခဲ့ကြသည်။

### စွပ်စွဲ

တက်ကြွလှုပ်ရှားသူများက သမ္မတနှင့် ဒုတိယသမ္မတ တာဝန်ယူထားသူ ၎င်း၏ဇနီးဖြစ်သူတို့မှာ အာဏာရှင်ဆန်ပြီး ရက်စက်စွာ ဖိနှိပ်မှုများ ဆောင်ရွက်နေကြောင်း စွပ်စွဲခဲ့ကြသည်။

**အေအက်ဖ်ပီ**

# အစ္စရေးဝန်ကြီးချုပ် ရုရှားသမ္မတနှင့် တွေ့ဆုံမည်

**ဂျေရုဆလင် ဇူလိုင် ၈**

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမန် နေတန်ယာဟုသည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် မော်စကိုသို့ သွားရောက်၍ ရုရှားသမ္မတဗလာဒီမာပူတင်နှင့်သွားရောက်တွေ့ဆုံဖွယ်ရှိသည်ဟု တနင်္ဂနွေနေ့ကကြေညာခဲ့သည်။ သမ္မတပူတင်နှင့်တွေ့ဆုံပြီး ဆီးရီးယားတွင် အီရန်၏ပါဝင်ပတ်သက်မှုကို ပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အပတ်စဉ်ပြုလုပ်သော အစိုးရအဖွဲ့အစည်းအဝေးတွင် အစ္စရေးသည်အီရန်၏ စစ်ရေးအရပါဝင်နေမှုများကို သည်းခံနေမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ နေတန်ယာဟု၏ ရုရှားသို့တစ်ရက်တာခရီးစဉ်အတွင်း အစ္စရေးနှင့်ရုရှားတို့အကြား ဆီးရီးယားတွင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။ လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှု သေချာစေရန်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများအတွက် တွေ့ဆုံခြင်းဖြစ်ကြောင်း နေတန်ယာဟုက ပြောသည်။ မေလအတွင်းကလည်း မော်စကို၌ အစ္စရေးနှင့်ရုရှားတို့ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြသည်။ ယင်းသို့ဆွေးနွေးစဉ်အတွင်း ဆီးရီးယား၌ အီရန်မှ စစ်အခြေစိုက် စခန်းမထားသင့်ကြောင်း ရုရှားခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ကြရာ ရုရှားဘက်မှ သဘောတူခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ဆီးရီးယားပြည်သူများ ဒါရာမြို့သို့ ပြန်လည်ဝင်ရောက်

**ဒမတ်စကတ် ဇူလိုင် ၈**

ဆီးရီးယားနိုင်ငံ တောင်ပိုင်း ဒါရာမြို့မှ ထွက်ပြေးလာကြသော ပြည်သူများသည် ယခုအခါ ဆီးရီးယားအစိုးရတပ်များက ယင်းမြို့ကို အပြီးသတ် ထိန်းချုပ်နိုင်ပြီးနောက် မိမိတို့နေရပ်သို့ စတင်ပြန်နေကြပြီဖြစ်ကြောင်း သိရသည်။

လူပေါင်း နှစ်သောင်းရှစ်ထောင်ခန့်သည် ယခုအခါနေရပ်သို့ ဦးတည်ပြန်နေကြပြီဖြစ်ကြောင်း ဆီးရီးယားစောင့်ကြည့်လေ့လာရေး အုပ်စုက ပြောသည်။ အကယ်၍ တိုက်ပွဲများ ပြန်မစတော့ပါက ယခုထက်ပိုများသော လူများနေရပ်သို့ ပြန်ကြလိမ့်မည်ဟုလည်း ခန့်မှန်းထားသည်။ ဆီးရီးယားသမ္မတဘတ်ရှာအယ်အာဆတ်၏ တပ်ဖွဲ့ဝင်များသည် သောကြာနေ့မှစ၍ ဒါရာမြို့ကို အပြီးသတ် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး လွန်ခဲ့သော ရက်ပိုင်းအတွင်းက ဆီးရီးယားတပ်ဖွဲ့ဝင်များကို ဂျော်ဒန်နယ်စပ်တွင် တွေ့ရသည်။ ဒါရာမြို့သည် သူပုန်များ ခြေကုပ်ရယူထားရာ နေရာအနည်းငယ်မှ တစ်ခုလည်းဖြစ်သည်။ ဒါရာမြို့ သိမ်းတိုက်ပွဲကြောင့် လူပေါင်း သုံးသိန်းကျော် အိုးအိမ်များ ပစ်ခွာကာ ထွက်ပြေးခဲ့ကြရသည်။

ရုရှားကကျောထောက်နောက်ခံပြုထားသော ဆီးရီးယားအစိုးရသည် လွန်ခဲ့သောလမှ စတင်ကာတိုက်ပွဲကြီးများဆင်နွှဲခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားဆိုင်ရာ အမေရိကန်သံအမတ်အသစ် ဆိုးလ်သို့ရောက်ရှိ

**ဆိုးလ် ဇူလိုင် ၈**

အမေရိကန် ပစိဖိတ်ဆိုင်ရာတပ်မှူးဟောင်း ဟယ်ရီဟာရစ်သည် တောင်ကိုရီးယားနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံကြား ပိုမိုချစ်ကြည်ရင်းနှီးသော မဟာမိတ်များဖြစ်လာရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ မစ္စတာ ဟယ်ရီဟာရစ်သည် စနေနေ့တွင် ဆိုးလ်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတာဝန်ထမ်းဆောင်ရမည့် ရာထူးနေရာမှာ သမ္မတဒေါ်နယ်ထရန့် သမ္မတတာဝန်စတင်ထမ်းဆောင်ကတည်းက လစ်လပ်ခဲ့သောနေရာလည်းဖြစ်သည်။ ၎င်းအနေဖြင့် တောင်ကိုရီးယားဆိုင်ရာ အမေရိကန်သံအမတ်ဖြစ်လာသည့်အတွက် အလွန်ဝမ်းမြောက်ရကြောင်းလည်း မစ္စတာဟာရစ်က သတင်းထောက်များကို ပြောသည်။ ၎င်း၏ဖခင်မှာ ကိုရီးယားစစ်ပွဲတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း ဖခင်ဖြစ်သူကြောင့်ကိုရီးယားနိုင်ငံသမိုင်းနှင့် ယဉ်ကျေးမှုများကိုလည်း စိတ်ဝင်စားကြောင်း ၎င်းကဆက်ပြောသည်။ မြောက်ကိုရီးယား နျူးကလီးယားလက်နက်ကင်းစင်ရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် တောင်ကိုရီးယားသမ္မတတို့သည် မြောက်ကိုရီးယားအနေဖြင့် စာမျက်နှာသစ် ဖွင့်လှစ်နိုင်ရေးပုံမှန်တွေ့ဆုံသွားဖွယ်ရှိကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အိုင်အက်စ်တို့ အင်အားဆုတ်ယုတ်သွားသော်လည်း ကြောက်ရွံ့နေရဆဲဖြစ်သည့် အကြမ်းဖက်မှုအန္တရာယ်

**ချိုးစန္ဒီနွေး**

**ကမ္ဘာပေါ်မှာ အရက်စက်ဆုံးအကြမ်းဖက်အဖွဲ့လို့တင်စားရတဲ့ အိုင်အက်စ်အဖွဲ့ကတော့ တဖြည်းဖြည်းအင်အားဆုတ်ယုတ်သွားခဲ့ပါပြီ။ ဒါပေမယ့် တစ်ကမ္ဘာလုံး ကြောက်ရွံ့နေရတဲ့ အကြမ်းဖက်တိုက်ခိုက်မှု ခြိမ်းခြောက်မှုအန္တရာယ်ကတော့ လျော့ကျမသွားဘဲ ပိုပြီးပျံ့နှံ့လာခဲ့ပါတယ်။**



ပြင်သစ်နဲ့ ဂျာမနီဟာ အကြမ်းဖက်သမားတွေက ကြောက်မက်ဖွယ် ricin အဆိပ်နဲ့ တိုက်ခိုက်မှာကို ကြောက်တယ်။ ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းက အိုင်အက်စ်တွေကို ကာ့ဒ်စစ်သွေးကြွတွေနဲ့ အီရတ်တပ်ဖွဲ့တွေက တိုက်ထုတ်လိုက်တယ်။ ယီမင်၊ ဆိုမာလီ၊ လစ်ဗျားမှာရှိတဲ့ အကြမ်းဖက်စစ်သွေးကြွတွေကို အမေရိကန်က လေကြောင်းတိုက်ခိုက်မှုကနေ တစ်ဆင့် ချေမှုန်းနေတယ်။ လွန်ခဲ့တဲ့နှစ်တွေတုန်းက အီရတ်နဲ့ဆီးရီးယားက နယ်မြေအချို့ကို သိမ်းပိုက်ပြီး အိုင်အက်စ်ဆိုတဲ့ နာမည်ကျော် အကြမ်းဖက်အဖွဲ့ ပေါ်ပေါက်လာခဲ့တယ်။ အဲဒီအဖွဲ့ဟာ ကမ္ဘာကြီးကို ကြောက်ရွံ့အောင် အချိန်အတော်ကြာလုပ်ဆောင်ထားနိုင်ခဲ့တယ်။ အဲဒီအဖွဲ့ဟာ ricin အဆိပ်နဲ့ အကြမ်းဖက်မှုပြုလုပ်ဖို့ ခြိမ်းခြောက်တဲ့အဖွဲ့နဲ့တော့ ဆက်စပ်မှုရှိတယ်လို့ မတွေ့ရပါဘူး။ အကြမ်းဖက်မှု အန္တရာယ်ခြိမ်းခြောက်မှုတွေဟာ ရှုပ်ထွေးသလို ကွဲပြားမှုတွေလည်းရှိတယ်လို့ အမေရိကန်နဲ့ အနောက်နိုင်ငံတွေက ထောက်လှမ်းရေးအေဂျင်စီတွေက ပြောပါတယ်။

### အကြမ်းဖက်သမားတို့၏ ကွန်ရက်

အိုင်အက်စ်တွေဟာ မြေပြင်မှာ တိုက်ခိုက်မှုတွေပြုလုပ်ဖို့ လူသူစုဆောင်းဖို့အတွက် အီလက်ထရွန်နစ်၊ ငွေကြေး၊ လူမှုကွန်ရက်ဆက်သွယ်မှု အစရှိတာတွေ အသုံးပြုခဲ့ကြပါတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်ဟာ လွန်ခဲ့တဲ့ လကပဲ အာဖရိကမှာရှိတဲ့ အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့က ကြယ်လေးပွင့်တပ်မှူးတွေ၊ တပ်ဖွဲ့ဝင်တွေနဲ့ တွေ့ဆုံပြီးနောက် လာမယ့် သုံးနှစ်အတွင်း အကြမ်းဖက်တန်ပြန် တုံ့ပြန်ရေး တပ်ဖွဲ့ဝင်တွေကို ထက်ဝက်လျှော့ချနိုင်ဖို့ တာဝန်အသစ်တွေပေးဖို့ အစရှိတာတွေ ဆွေးနွေးခဲ့ပါတယ်။ အခုချိန်ထိတိုင်အောင် အကြမ်းဖက် တန်ပြန်တုံ့ပြန်ရေး အထူးကျွမ်းကျင်သူတွေဟာ အကြမ်းဖက်သမားတွေ ပြန်လည်စုစည်းခွင့်ရအောင် ပြန်လည် ဖွဲ့စည်းခွင့်ရအောင် အချိန်ပေးလိုက်သလို ဖြစ်နေမှာကို စိုးရိမ်နေကြဆဲပါပဲ။ ဒီလိုမျိုး ဖြစ်ဖူးတဲ့နမူနာတွေရှိလို့ ဒီလိုဖြစ်ရပ်တွေနဲ့ ပြန်ကြုံမှာစိုးရိမ်ကြတာပါ။ အီရတ်မှာရှိတဲ့ အယ်လ်ကိုင်ဒါ အကြွင်းအကျန်တွေကနေ ၂၀၁၃ ခုနှစ်မှာ အိုင်အက်စ်ဆိုပြီး ဖြစ်လာတာပါ။ ဒါကြောင့်လည်း အခုအလားတူဖြစ်ရပ်မျိုး ပြန်ဖြစ်မှာ စိုးရိမ်ကြပါတယ်။

### အသစ်တစ်ဖန်ပြန်ပေါ်လာမှာ ကြောက်ရ

အကြမ်းဖက်သမားတွေရဲ့ကွန်ရက်က အင်မတန်မှ ကျယ်ပြန့်လှတယ်လို့ အမေရိကန်သမ္မတထရန့်ရဲ့ အမျိုးသားလုံခြုံရေးကောင်စီက အကြမ်းဖက်တန်ပြန်စစ်ဆင်ရေးဆိုင်ရာ ညွှန်ကြားရေးမှူး ခရစ္စတိုဖာပီကော်စတာက ပြောပါတယ်။ အကြမ်းဖက် တန်ပြန်စစ်ဆင်ရေးအတွက် လုပ်ဆောင်မှုတွေ ဆက်လက် မလုပ်ဆောင်ဘူးဆိုရင် နောက် တစ်ဖန်ပြန်ပြီး အကြမ်းဖက်အဖွဲ့တွေ ပြန်ပေါ်လာမှာကို ကြောက်တယ်လို့ ၎င်းက ဆက်ပြောပါတယ်။ မစ္စတာကိုစတာဟာ အခုအခါမှာ ဝါရှင်တန်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ စပိုင်ပြတိုက် ညွှန်ကြားရေးမှူး တာဝန်လည်းယူထားပါတယ်။ အမေရိကန်လိုပါပဲ။ အခြားသော မဟာမိတ်နိုင်ငံတွေမှာလည်း ဒီလို ကြောက်ရွံ့မှုတွေ ခံစားနေရပါတယ်။ ဥရောပနိုင်ငံတွေဟာ အင်မတန်မှ ရက်စက်ကြမ်းကြုတ်လှတဲ့ အကြမ်းဖက်မှုတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာကို ကြောက်ရွံ့နေကြရပါတယ်လို့ ဗြိတိန်ပြည်တွင်းစပိုင်အဖွဲ့အစည်းမှ ခေါင်းဆောင် အန်ဒရူးပက်ကာက ပြောပါတယ်။

### အိုင်အက်စ်တို့အင်အားယုတ်လျော့ချိန်

အိုင်အက်စ်အဖွဲ့ဟာ ၂၀၁၄ ခုနှစ်က အီရတ်နဲ့ ဆီးရီးယားက နယ်မြေတွေကို သိမ်းပိုက်ခဲ့ပြီး အခုအခါမှာတော့ သူသိမ်းပိုက်ထားခဲ့တဲ့ နယ်မြေတွေအားလုံးနီးပါးကို ပြန်စွန့်လွှတ်လိုက်ရပါပြီ။ အခုအချိန်မှာ သူထိန်းချုပ်ထားတဲ့ နယ်မြေဟာ စတုရန်းမိုင် ၁၀၀၀ ကျန်ရှိပါသေးတယ်။ ဒါမှမဟုတ် သူတို့အဖွဲ့သိမ်းပိုက်ထားတဲ့ နယ်မြေဟာ လော့စ်အိန်ဂျလိစ်မြို့ရဲ့ နှစ်ဆလောက်ကျယ်တဲ့ ပမာဏရှိလိမ့်မယ်လို့လည်း အမေရိကန်အရာရှိတွေက ခန့်မှန်းထားကြပါတယ်။ ခက်ခဲတဲ့တိုက်ပွဲတွေရှိနေဆဲပါပဲလို့ မစ္စတာ မက်တစ်က လွန်ခဲ့တဲ့သီတင်းပတ်ကပဲ သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ အိုင်အက်စ်အဖွဲ့ရဲ့ ထိပ်ပိုင်းခေါင်းဆောင် အတော်များများကို သုတ်သင်ပြီးပါပြီ။ ဒါပေမယ့်လည်း ကျန်ရှိနေတဲ့ အိုင်အက်စ်အဖွဲ့သားတွေဟာ လူမှုမီဒီယာကို အသုံးပြုပြီးတော့ နောက်လိုက်တွေ စုဆောင်းထားနိုင်ပြီး သူတို့တိုက်ခိုက်ချင်တဲ့ ဘယ်နေရာမဆို တိုက်နိုင်တဲ့အစွမ်း ရှိနေပါသေးတယ်။ ၂၀၁၄ ခုနှစ်ကစလို့ အိုင်အက်စ်အဖွဲ့နဲ့ ချိတ်ဆက်ခဲ့တဲ့ နိုင်ငံပေါင်း ၁၂၀ ခန့်က နိုင်ငံခြားသား တိုက်ခိုက်ရေးသမား လေးသောင်းခန့်ဟာ ဆီးရီးယား၊ အီရတ်တို့မှာသေဆုံးခဲ့တယ်လို့ အမေရိကန်နဲ့ အနောက်နိုင်ငံက အရာရှိတွေက ပြောပါတယ်။ ဒါပေမယ့်လည်းမသေဘဲ ကျန်ရစ်နေတဲ့ ထောင်ပေါင်းများစွာသော တိုက်ခိုက်ရေးသမားတွေဟာ လက်ရှိ ပဋိပက္ခတွေဖြစ်ပွားနေတဲ့ လစ်ဗျား၊ ယီမင်တို့လိုနိုင်ငံတွေ ၊ အရှေ့တောင်အာရှမှာဆိုရင် ဖိလစ်ပိုင်၊ ဒါမှမဟုတ်ရင် တူရကီအစရှိတဲ့ နိုင်ငံတွေမှာ ပုန်းအောင်းခိုလှုံနေတာလည်း ဖြစ်နိုင်တယ်လို့ အာဏာပိုင်တွေက သုံးသပ်ကြပါတယ်။

အခုဆိုရင် အမေရိကန်ဟာ ဖမ်းမိထားတဲ့ အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေ၊ ၎င်းတို့ရဲ့မိသားစုဝင်တွေကို ဆီးရီးယား နိုင်ငံမြောက်ပိုင်း ကာ့ဒ်စစ်သွေးကြွတွေ ထိန်းချုပ်ရာနယ်မြေမှာ ယာယီတဲတွေနဲ့ထားရှိဖို့အတွက် ဒေါ်လာတစ်သန်းခန့် အကုန်အကျခံထားရပါတယ်။ ဒီလိုကနေ အကြမ်းသမားတွေကို ကျွေးမွေးနေသလိုဖြစ်မှာကို သုတေသီတွေက စိုးရိမ်ကြပါတယ်။ အိုင်အက်စ်တိုက်ခိုက်ရေးသမားတွေအများကြီးထဲကမှ မိမိနိုင်ငံသားကိုပြန်လက်ခံဖို့ တစ်နိုင်ငံကပဲကမ်းလှမ်းခဲ့ပြီး အမေရိကန်အရာရှိတွေကတော့ အကြမ်းဖက်သမားတွေထဲကမှ ဘယ်သူက ဘယ်နိုင်ငံကဆိုတာ ခွဲခြားပေးဖို့ ငြင်းဆိုခဲ့ပါတယ်။ လွန်ခဲ့တဲ့လတွေကပဲ အမေရိကန် အထူးစစ်ဆင်ရေးက အိုင်အက်စ်တွေနဲ့ အယ်လ်ကိုင်ဒါတွေကို ထပ်မံတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သမ္မတထရန့်ဟာ အမျိုးသားအကြမ်းဖက် တန်ပြန်တုံ့ပြန်ရေးစင်တာက နောက်ထပ် ညွှန်ကြားရေးမှူးအသစ်အဖြစ် ရေတပ်မှ ဂျိုးဆက်မက်ဂူရီကို နာမည်စာရင်းတင်သွင်းခဲ့ပါတယ်။

### အကြမ်းဖက်သမားတို့ နေဝင်ချိန်

ပြီးခဲ့တဲ့ ဇွန်လ ၆ ရက်နေ့မှာပဲ လစ်ဗျားမှာရှိတဲ့ အိုင်အက်စ် တိုက်ခိုက်ရေးသမား လေးဦးကို အမေရိကန်ဒရုန်းနဲ့ သတ်ပစ်နိုင်ခဲ့တယ်လို့ သတင်းပို့လာတာရှိပါတယ်။ လစ်ဗျားနိုင်ငံမြို့တော်ထရီပိုလီနဲ့ မိုင်ပေါင်း ၁၁၀ ကွာဝေးတဲ့နေရာမှာပါ။ နောက်ထပ်သီတင်းပတ်အနည်းငယ်အကြာမှာပဲ အယ်လ်ကိုင်ဒါတစ်ဦးကို ထပ်မံသုတ်သင်နိုင်ခဲ့ပါတယ်။ နောက်ထပ် ၁၀ ရက်အကြာမှာတော့ ယီမင်မှာရှိတဲ့ အယ်လ်ကိုင်ဒါတွေကို ထပ်မံတိုက်ခိုက်ခဲ့ပြန်ပါတယ်။ ဒီလိုမျိုးအကြမ်းဖက်သမားတွေကို သုတ်သင်ရှင်းလင်းမှုတွေ ရှိနေသလို အမေရိကန်ဘက်ကလည်း အထိအခိုက်တွေရှိပါတယ်။ ဆိုမာလီ အနောက်တောင်ပိုင်းမှာ ရှက်ဘာ တိုက်ခိုက်ရေးသမားတွေနဲ့ တိုက်ပွဲဖြစ်ပွားပြီး အမေရိကန် အထူးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကာ လေးဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီလိုမျိုး စစ်မြေပြင်မှာမဟုတ်ဘဲ အင်တာနက်၊ လူမှုမီဒီယာတွေပေါ်မှာလည်း အကြမ်းဖက်သမားတွေရှိနေတာကို တွေ့နိုင်ပါတယ်။ ဂျာမနီနိုင်ငံ ကိုလိုဂျင်မြို့မှာလည်း ricin အဆိပ်ထုတ်လုပ်နိုင်ဖို့ ပစ္စည်းတွေ အင်တာနက်ကနေတစ်ဆင့် ဝယ်ယူနေသူ တူနီးရှားအမျိုးသား တစ်ဦးကိုလည်း သတင်းရလို့ ဖမ်းဆီးခဲ့ပါတယ်။

### ကြောက်ရွံ့နေရဆဲဖြစ်သည့် အကြမ်းဖက်တိုက်ခိုက်မှု

အခုအချိန်မှာ အိုင်အက်စ်တို့ရဲ့ အင်အားလျော့ကျသွားပြီဖြစ်ပေမယ့် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ စိုးရိမ်နေရမှုကတော့ ပိုပိုပြီးမြင့်တက်လာပါတယ်။ လူသူထူထပ်တဲ့ မြေအောက်ဘူတာရုံတွေမှာ အဆိပ်ဓာတ်ငွေ့နဲ့ အကြမ်းဖက် တိုက်ခိုက်ခံရမှာ စိုးရိမ်နေရသလို၊ ဓာတုလက်နက်အသုံးပြုပြီး တိုက်ခိုက်ခံရမှာကိုလည်း ကြောက်ရွံ့နေကြရပါတယ်။ ဘယ်နေရာက ပေါ်ပေါက်လာလိမ့်မယ်လို့ ကြိုတင်တွက်ဆလို့မရတဲ့ အကြမ်းဖက်မှုတွေကိုစိုးရိမ်နေရရင်း အကြမ်းဖက်သမားတွေ လုံးဝပျောက်ကွယ်သွားဖို့ဆိုတာ တစ်ကမ္ဘာလုံးက လိုလားနေတဲ့ဆန္ဒတစ်ခုအဖြစ် တည်ရှိနေမှာပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

# ရန်ကုန်စာတိုက်ကြီး နှစ် ၁၁၀ ပြည့်ပွဲကို ကမ္ဘာ့စာပို့တိုက်နေ့တွင် စည်ကားစွာကျင်းပမည်

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်စာတိုက်ကြီး၏ နှစ် ၁၁၀ ပြည့်ပွဲကို ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်သော အောက်တိုဘာ ၉ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေကြောင်း ရန်ကုန်မြို့ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာရုံးမှ သိရသည်။

"ကမ္ဘာ့စာတိုက်နေ့ကို နှစ်တိုင်းလုပ်ကြတယ်၊ အဲဒီနေ့ဆိုရင် အင်္ဂလိပ်လို စာစီစာကုံးဖြေထားတဲ့ ကျောင်းသားကျောင်းသူတွေကို ဆုပေးပြီး ရွေးချယ်ခံရတဲ့စာစီစာကုံးကို ဆွစ်ဇာလန်နိုင်ငံက ကမ္ဘာ့စာပို့တိုက်သမဂ္ဂကို ပို့ပေးရပါတယ်၊ ဒီနှစ် အောက်တိုဘာ ၉ ရက် ကမ္ဘာ့စာပို့တိုက်နေ့မှာ ရန်ကုန်စာတိုက်ကြီး နှစ် ၁၁၀ ပြည့်တဲ့ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပဖို့ စီမံဆောင်ရွက်နေပါတယ်၊ ဩဂုတ်လကစပြီး ရှားပါးတံဆိပ်ခေါင်းတွေကို ကပ်ပြားနဲ့လုပ်ပြီး ရောင်းချပေးမှာပါ၊ ရှားပါးတံဆိပ်ခေါင်း ရှာဖွေစုဆောင်းသူတွေအတွက် အဆင်ပြေမှာပါ၊ နှစ် ၁၁၀ ပြည့်ပွဲကို ရန်ကုန်စာတိုက်ကြီးမှာ တခမ်းတနားကျင်းပဖို့ ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်မြို့ရှိ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာရုံးမှ မန်နေဂျာဦးတင်ဝင်းဦးက ပြောကြားသည်။



ရန်ကုန်မြို့ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာရုံးအနေဖြင့် မြို့နယ်များအတွင်းရှိ စာတိုက်ပေါင်း ၁၀၅ တိုက်ကို စီမံဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်အရှုံးရှိနေသော စာတိုက်လုပ်ငန်းကို တိုးတက်အောင်မြင်လာစေရန် ကြိုးပမ်းသည့်အနေဖြင့် အွန်လိုင်း၊ မိုဘိုင်းလ်နှင့် ဘဏ်များဖြင့်ချိတ်ဆက်၍ ဝင်ငွေတိုးမြှင့်ရရှိစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြည်သူယုံကြည်မှုရှိရင် စာတိုက်လုပ်ငန်းဝင်ငွေတိုးလာမှာပါ၊ ပုဂ္ဂလိကအမြန်ချောပို့ ၁၁ ခုရှိတယ်။ စာတစ်စောင်ကို ကျပ် သုံးထောင် ပေးရတယ်၊ စာတိုက်မှာ အမြန်ချောနဲ့မှ ကျပ် ၁၅၀၀ ပဲရှိတယ်၊ စာတစ်စောင်ကိုကျပ် ၅၀၀ ပဲရှိတယ်၊ တံဆိပ်ခေါင်းတစ်ခုကို ကျပ် ၅၀၀ ဆိုတော့ နိုင်ငံတော်က အရှုံးခံနေတာပါ၊ အာဆီယံနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက စာပို့ခအနည်းဆုံးနဲ့ လာအိုနိုင်ငံက အများဆုံးပါပဲ၊ အာဆီယံနိုင်ငံတွေက မြန်မာနိုင်ငံက စာပို့ခတွေနည်းလို့ ထောက်ပြကြတယ်၊ ဝန်ဆောင်ခမြှင့်လိုက်မယ်ဆိုရင် ကုန်ဈေးနှုန်းနဲ့အညီ ပြည်သူတွေ ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးတဲ့အတွက် လက်ရှိမှာ ယခုဈေးနှုန်းအတိုင်းနဲ့ပဲ ဝန်ဆောင်မှုပေးနေရပါတယ်"ဟု လက်ရှိလုပ်ငန်းဆောင်ရွက်နေရပုံကိုလည်း မန်နေဂျာက ရှင်းပြသည်။ ရန်ကုန်မြို့ရှိ မြန်မာ့စာတိုက်လုပ်ငန်း တိုင်းမန်နေဂျာရုံးကို ကျောက်တံတားစာတိုက်တွင်ထားရှိပြီး ရန်ကုန်မြို့ရှိ စာတိုက် ၁၀၅ တိုက်ကို အဆိုပါစာတိုက်ရှိ တိုင်းမန်နေဂျာရုံးမှ စီမံခန့်ခွဲနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအသုံးပြုသောတံဆိပ်ခေါင်းမှာ အိန္ဒိယနိုင်ငံမှ တံဆိပ်ခေါင်းများကို ဘားမားဟုတံဆိပ်ရိုက်၍ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်အပြီးတွင် စစ်တွေစာတိုက်ကို စတင်ဖွင့်လှစ်ခဲ့ကာ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီးတွင် သရက်စာတိုက်ကို သရက်ထောင်နှင့်အတူ ဖွင့်လှစ်ခဲ့၍ ဒါးပိန်စာတိုက်မှာလည်း နှစ်ပေါင်းတစ်ရာကျော် စာတိုက်တစ်ခုအဖြစ် တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် ကြည့်မြင်တိုင်၊ ဗိုလ်တထောင်နှင့် မင်္ဂလာတောင်ညွန့် စာတိုက်တို့မှာလည်း အင်္ဂလိပ် လက်ထက်မှစ၍ ယနေ့တိုင်တည်ရှိနေသော စာတိုက်များဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် နှစ်စဉ်ဝင်ငွေ လေးဘီလီယံရရှိနေပြီး အွန်လိုင်းမှဝင်ငွေမှာ ၂ ဘီလီယံရရှိနေသော်လည်း နှစ်စဉ်ကုန်ကျငွေမှာ ၈ ဘီလီယံရှိနေသောကြောင့် အရှုံးပေါ်လျက်ရှိကြောင်း၊ ပြည်သူနှင့် ကုမ္ပဏီများက ယုံကြည်အားကိုး အသုံးများလာမည်ဆိုပါက ကျန်သော နှစ်ဘီလီယံကို ရှာဖွေနိုင်မည်ဖြစ်ရာ နှစ်စဉ်အရှုံးပေါ်နေမှုကို တားဆီးနိုင်မည် ဖြစ်ကြောင်းနှင့် သမိုင်းဝင်ရန်ကုန်စာတိုက်ကြီးတွင် နှစ် ၁၁၀ ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**သန်းထိုက်၊ ဓာတ်ပုံ -သန်းစိုး**

# သထုံမြို့မရဲစခန်း အချုပ်ခန်း ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် စစ်ဆေး

**သထုံ ဇူလိုင် ၈**

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်၊ သထုံခရိုင်တရားသူကြီး ဒေါ်ခင်ဝင်းယုဆွေ၊ မြို့နယ်တရားသူကြီးဒေါ်သီတာတို့နှင့်အတူ သထုံမြို့မရဲစခန်းရှိ အချုပ်ခန်းကို ဇူလိုင် ၆ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အချုပ်အတွင်း အချုပ်သားများအား ထားရှိသည့်အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အချုပ်သားများအနေဖြင့် နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့် ရ/မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ အစားအသောက်စားသောက်ရမှု အခြေအနေ၊ အမှုများ ကြန့်ကြာမှုမရှိစေရေး၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ရ/မရ စသည်တို့ကို မေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၁၃၈)**



# မြို့သာစက်မှုမြို့တော်၌ မော်တော်ယာဉ်တပ်ဆင်စက်ရုံ တည်ဆောက်ရန် သဘောထားစစ်တမ်းကောက်ယူ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကိန်းဖြစ်သော မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်း ဧရိယာအတွင်း မြေအကျယ် ၂၀ ဒသမ ၁ ဧကပေါ်တွင် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံ တည်ဆောက်နိုင်ရေးအတွက် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ရှိ၊ မရှိ သဘောထားစစ်တမ်းကောက်ယူခြင်းကို အဆိုပါစီမံကိန်းရုံး၌ ဇူလိုင် ၆ ရက်က ပြုလုပ်ခဲ့သည်။

သဘောထားစစ်တမ်းကောက်ယူရာတွင် ငါန်းဇွန်မြို့နယ် မြို့သာကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံ တည်ဆောက်မည့် Gold AYA Motors International Group ကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌက မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်သွားမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါစက်ရုံ တည်ဆောက်ပြီးစီးပါက သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်း၊ ရေဆိုးများစွန့်ထုတ်ခြင်း၊ အသံဆူညံခြင်းများ မရှိစေဘဲ တရုတ်နိုင်ငံမှ စက်အစိတ်အပိုင်းများမှာယူပြီး စက်ရုံတွင် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအကျိုးပြုလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ညှိနှိုင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါစက်ရုံမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဆက်လက်၍ MMID ကုမ္ပဏီမှ Corporate Social Responsibility (CSR)တာဝန်ခံ ဦးမင်းလွင်ဦးက ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုအကျိုးပြု အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု၊ ကျေးရွာလူထုအကျိုးပြု ပညာဒါနသင်တန်း၊ ကျေးရွာလူထုအကျိုးပြု အခမဲ့လူမှုရေးဆိုင်ရာ ကူညီမှုနှင့် Job Fair အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို စက်ရုံ၊ အလုပ်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနေမှုများကို ပြောကြားသည်။

အဆိုပါ မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းစက်ရုံ တည်ဆောက်ပြီးစီးပါက တစ်နှစ်လျှင် မော်တော်ယာဉ်အစီးရေ ၅၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ပြီး လုပ်သားဦးရေ ၁၀၀ ကျော်ကို အလုပ်ခန့်ထားမည်ဖြစ်ကာ ဒေသခံများအား ဦးစားပေးခန့်ထားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# နမ့်မားချောင်းကူး ဘေလီသံပေါင်တံတား ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီး

**ဗန်းမောက် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးဆောင်၍ နောင်ကွတ်ကျေးရွာမှ ရှမ်းနီလူမျိုးတိုင်းရင်းသားဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးငွေ ကျပ်သိန်း ၁၇၀၀ ကျော် အကုန်ကျခံ၍ ဧပြီ ၂ ရက်က စတင်ပန္နက်ချပြီး ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော နမ့်မားချောင်းကူး ဘေလီသံပေါင်တံတား လုပ်ငန်းများ ဇူလိုင် ၆ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဘေလီသံပေါင် ပျဉ်ခင်းတံတားသည် အလျား ပေ ၁၄၀ ၊ အကျယ် ၁၂ ပေခွဲရှိပြီး သံကူကွန်ကရစ်တံတားချဉ်းကပ်တိုင် နှစ်တိုင်နှင့် ရေလယ်တိုင်နှစ်တိုင် ပါဝင်သည်။ အဆိုပါ ကားကူးတံတားကြီးကို တည်ဆောက်ရန် စေတနာရှင်များဖြစ်ကြသည့် ရွှေမင်းကြီးကုမ္ပဏီ ဦးတင်ဌေးက ကျပ်သိန်းတစ်ရာနှင့် စက်ယန္တရားများ၊ ဒီဇယ်ဆီများ၊ သန်းထိုက်ရွှေစင်ကုမ္ပဏီမှ ဦးမြင့်အောင်က ကျပ်သိန်းတစ်ရာနှင့် ဒီဇယ်ဆီများ၊ ကားများ၊ ဂိုးဒင်းဇော်ကုမ္ပဏီမှ ဦးဇော်ဇော်ထွန်းက ကျပ်သိန်း ၅၀ နှင့် ဒီဇယ်ဆီများ၊ စက်ယန္တရားများ၊ တံချူရှင်ကုမ္ပဏီက ကျပ်သိန်း၅၀ နှင့် ဒီဇယ်ဆီများ၊ ကားများ၊ အလှူရှင် ဦးသန်းထွင်က ကျပ်သိန်း ၃၀ နှင့် ဒီဇယ်ဆီများ၊ ငွေကြယ်ပွင့်ဒေါ်ဖုန်းမြင့်က ကျပ်သိန်း ၂၀ နှင့် ဒီဇယ်ဆီများ၊ နောင်ပတ် ဦးဖေသိန်းက ကျပ်သိန်း ၂၀ နှင့် ဒီဇယ်ဆီများ၊ ကားများ ပံ့ပိုးလှူဒါန်းခဲ့ကြပြီး အနယ်နယ်အရပ်ရပ်မှ အခြားစေတနာရှင်အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် ပေါင်းစု၍ တံတားကို ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ နောင်ကွတ်ရွာက အိမ်ခြေ ၁၄၀ ရှိပါတယ်၊ ကျေးရွာဒေသခံတွေကတော့နေ့စဉ် လုပ်အားဒါနတွေ ပါဝင်ခဲ့ကြပါတယ်၊ နောက်ပြီး တံတားဆောက်တဲ့ နေရာမှာလိုအပ်တဲ့ ပျဉ်အားလုံးကို ကျွန်တော်တို့ကျေးရွာက စိုက်ပါတယ်၊ အခုလို တံတားကြီးပြီးမြောက်အောင် မင်းကုန်းရွာနဲ့ မကျီးကုန်းရွာမှာ နေထိုင်သူအချို့လည်း လုပ်အားဒါနတွေပါဝင်ခဲ့ကြပါတယ်၊ အဓိကတော့ ငွေအား၊ လူအား၊ စက်ယန္တရားများ၊ ဒီဇယ်ဆီများ၊ ကားများ မတည်ပေးခဲ့တဲ့ စေတနာရှင်တွေကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်"ဟု မံအင်မင်းကုန်းကျေးရွာအုပ်စု စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောကြားသည်။



အဆိုပါ နမ့်မားချောင်းသည် ဗန်းမောက်မြို့နယ် နမ့်မားကျေးရွာအုပ်စု အရပ်အခေါ် ဘဂျမ်းတောင်နှင့် ဘူးတောင်များကို ရေဝေရေလဲ ချောင်းဖျားခံပြီး စီးဆင်းကာ နောင်ကွတ်ကျေးရွာနှင့် မံစီကြီးကျေးရွာကြား ဖြတ်သန်း၍ အရှေ့ကုန်းကျေးရွာအနီးရှိ ချောင်းကြီးချောင်းထဲသို့ စီးဝင်ပေါင်းဆုံသော ချောင်းဖြစ်သည်။ ထိုချောင်းသည် မိုးရွာသည့်အခါ တောင်ကျရေများကြောင့် ရေစီးသန်ပြီး တံတားမရှိခဲ့သော မံစီကြီးကျေးရွာများအနေဖြင့် နှစ်စဉ်နှစ်တိုင်း သွားလာရေးအခက်အခဲကို ကြုံတွေ့ခဲ့ကြရသည်။ ယခုအခါတွင်မူ တံတားသစ်ကြီး ပြီးစီးသွားပြီဖြစ်၍ ဗန်းမောက်မြို့နှင့် မိုင် ၃၀ ကျော်ခန့်ဝေးသော မံအင်မင်းကုန်းကျေးရွာအုပ်စုအပါအဝင် မြို့နယ်အတွင်း ကျေးလက်များရှိ ရှမ်းနီ တိုင်းရင်းသားများအနေဖြင့် ဗန်းမောက်မြို့ပေါ်သို့ အချိန်အခါမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# ကျောက်တန်းမြို့နယ် ဘန်ဘွေးကုန်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

**ကျောက်တန်း ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်းရှိ ဘန်ဘွေးကုန်းဆည်အတွင်း ငါးသယံဇာတ ထိန်းသိမ်းခြင်းအနေဖြင့် ငါးမျိုးစိုက်ထည့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ဇူလိုင်လပထမပတ်အတွင်းက အဆိုပါဆည်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ မြို့နယ်အတွင်းရှိ NGO များ တက်ရောက်၍ ဘန်ဘွေးကုန်းဆည်အတွင်းသို့ ငါးမြစ်ချင်း ကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကောင်ရေ တစ်သိန်းတို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ဗထူး**

# စလင်းမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရေပေါ်ကျွန်းကျေးရွာ အထက (ခွဲ) မှ ကျောင်းသား ကျောင်းသူများအား မူခင်းကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲကို စလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၏ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး ဟောပြောပွဲတွင် တညောင်ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်ဦးက သက်ငယ်မုဒိမ်းမှုနှင့် အခြားမှုခင်းများ မဖြစ်ပွားစေရေးအတွက် ကျောင်းသားကျောင်းသူများအနေဖြင့် ဆောင်ရန်ရှောင်ရန်များ၊ ရေပေါ်ကျွန်း ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်သီရိမွန်က ကျောင်းသူ ကျောင်းသားများ သိရှိရမည့် အခြေခံကျန်းမာရေးကိစ္စများကို ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ရေပေါ်ကျွန်း အထက(ခွဲ)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ထိုင်းနိုင်ငံတွင် တရားဝင်နည်းလမ်းဖြစ်သည့် MoU စနစ်ဖြင့်သာ လာရောက်အလုပ်လုပ်ကိုင်ကြရန်လို

**ဗန်ကောက် ဇူလိုင် ၈**

ထိုင်းနိုင်ငံရှိ အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများအား ထိုင်းနိုင်ငံအစိုးရက ဇူလိုင် ၁ ရက်မှ စတင်၍ ဖမ်းဆီးလျက်ရှိရာ ယခုအခါ အထောက်အထားမဲ့ မြန်မာအလုပ်သမားများအနေဖြင့် နေရပ်သို့ ပြန်ကြရန်အတွက် မြန်မာသံရုံး အလုပ်သမားသံအရာရှိထံ လာရောက်အကူအညီတောင်းခံလျက်ရှိကြပြီး ဇူလိုင် ၆ ရက်တွင် မြန်မာအလုပ်သမား ရှစ်ဦးအား အလုပ်သမားသံအရာရှိရုံးက ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။

ထိုသို့လာရောက်အကူအညီတောင်းခံကြသည့်အလုပ်သမားများမှာ ပွဲစားများမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တရားမဝင်နည်းလမ်းများဖြင့် ဝင်ရောက်ကာ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများဖြစ်ပြီး ပွဲစားခအဖြစ် တစ်ဦးလျှင် မြန်မာငွေကျပ် ခုနစ်သိန်းခန့်ပေးခဲ့ကြရကြောင်း သိရသည်။

"တာချီလိတ်မြို့ကပွဲစားတစ်ဦးနဲ့ တွေ့တယ်။ ထိုင်းမှာ အလုပ်သွားလုပ်ဖို့အတွက် PV အလည်စာအုပ်နဲ့ သုံးလဗီဇာလုပ်ပေးပြီး ပထုန်ဌာနီမြို့က ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို ပို့ဆောင်ပေးခဲ့ပါတယ်။ အခု ထိုင်းနိုင်ငံမှာ ဖမ်းဆီးစစ်ဆေးမှုတွေစတင်တော့ အလုပ်ရှင်ကလည်း မောင်းထုတ်လိုက်တဲ့အတွက် ဒီနေ့ပဲ အလုပ်သမားသံအရာရှိရုံးကို ရောက်လာပြီး ဒီမှာ လာရောက်ခိုလှုံနေရတာပါ" ဟု မြန်မာအလုပ်သမား ကိုထွန်းဟန်က ပြောသည်။

ထို့အတူ တရားမဝင်နည်းလမ်းဖြင့် ဘုရားသုံးဆူနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံ ကန်ချနပူရီမြို့ရှိ နာနတ်သီးစက်ရုံသို့ ရောက်ရှိလာသော အထောက်အထားမဲ့ အလုပ်သမားတစ်ဦးဖြစ်သည့် ကိုမိုးဇွန်က "ဘတ်ငွေတစ်သောင်းသုံးထောင် ပွဲစားကိုပေးခဲ့ရပြီး နာနတ်သီးစက်ရုံကို ဇွန် ၁၁ ရက်က ရောက်လာပါတယ်။ အဖမ်းအဆီးတွေဖြစ်နေတော့ စက်ရုံမှာ နေထိုင်အလုပ်လုပ်ကိုင်ဖို့ အဆင်မပြေတဲ့အတွက်ကြောင့် ဗန်ကောက်မြို့မှာရှိတဲ့ အသိတစ်ယောက်ကလည်း လာခဲ့ပါဆိုလို့ သွားတာ၊ လမ်းမှာ ထိုင်းရဲအဖမ်းခံရပြီး အခက်အခဲတွေဖြစ်လို့ အခု အလုပ်သမားသံအရာရှိရုံးကို လာရောက်အကူအညီတောင်းခံတာပါ" ဟု ဆိုသည်။

ယခုနှစ် ဧပြီ ၂၈ ရက်ကလည်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့မဟာချိုင်နယ်မြေ၌ လူကုန်ကူးခံထားရသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၄ ဦးအား နယ်မြေခံအလုပ်သမားအဖွဲ့အစည်းဖြစ်သည့် MWRN အဖွဲ့နှင့် ချိတ်ဆက်၍ ကယ်ထုတ်ဆောင်ရွက်နိုင်ခဲ့မှုများ ရှိခဲ့ကြောင်း ဗန်ကောက်ရှိ အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက "ဒီနေ့ ကျွန်တော်တို့ထံ ဆက်သွယ်အကူအညီတောင်းခံလာတဲ့ အလုပ်သမား ရှစ်ဦးကို နေရပ်ပြန်ပို့ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိသလို အလုပ်သမားတွေအနေနဲ့ MoU စနစ်နဲ့ ထိုင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက် အလုပ်လုပ်ကိုင်နိုင်ဖို့အတွက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (MOEAF) အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ မြန်မာနိုင်ငံသားတွေအနေနဲ့ ပြည်ပမှာ အလုပ်လုပ်ချင်တယ်ဆိုရင် မိမိတို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အလုပ်သမားဌာနတွေမှာ စုံစမ်းမေးမြန်းပြီးမှ လာကြစေချင်ပါတယ်" ဟု ပြောသည်။

ထိုင်းနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်လိုကြသည့် မြန်မာအလုပ်သမားများအနေဖြင့် ပွဲစား၏စကားကို ယုံကြည်ကြပြီး တရားမဝင်နည်းလမ်းများဖြင့် ထိုင်းနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ပါက အလုပ်သမားအခွင့်အရေးနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်း၊ အဓမ္မလုပ်အားခိုင်းစေခံရခြင်း၊ လူကုန်ကူးခံရခြင်းတို့ကို မလွဲမသွေ တွေ့ကြုံရမည်ဖြစ်၍ တရားဝင်နည်းလမ်းဖြစ်သည့် MoU စနစ်ဖြင့်သာ ထိုင်းနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း အလုပ်သမားသံအရာရှိ ဦးစန်းမောင်ဦးက ဆက်လက်ပြောကြားသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

# လမ်းဝမှတ်တိုင်အနီးရှိ မီးရထားခုံးကျော်တံတားကို ပြန်လည်စစ်ဆေးပြီး ပြုပြင်ပေးရန် ဒေသခံအချို့က ပြောကြား

**ရန်ကုန် ဇူလိုင် ၈**

မြောက်ဥက္ကလာပမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့ကို ဆက်စပ်ပေးထားသော လမ်းဝမှတ်တိုင်အနီးရှိ မီးရထားခုံးကျော်တံတားမှာ နှစ်ကာလကြာမြင့်နေပြီဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများမှ ပြန်လည်စစ်ဆေးပြီးပြုပြင်မှုများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံအချို့က ပြောသည်။

အဆိုပါတံတားမှာ မြောက်ဥက္ကလာပမြို့နယ်သို့အဝင် မီးရထားလမ်းကူးနေရာတွင် တည်ဆောက်ခဲ့သော ခုံးကျော်တံတားဖြစ်ပြီး ယခင်က ရထားနှင့်ကား တိုက်မိမှုဖြစ်စဉ်များကြောင့် မြန်မာ့မီးရထားမှ ခုံးကျော်တံတားတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တံတားတည်ဆောက်ထားသည့် ပုံစံအားနည်းချက်ကြောင့် တံတားပေါ်မှ မီးသတ်ကားတစ်စီး ပြုတ်ကျခြင်းနှင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားတတ်လေ့ရှိကြောင်း သိရသည်။

"အခုအချိန်မှာတော့ ဒီတံတားက အရည်အသွေးကြံ့ခိုင်မှုလည်း မရှိတော့ဘူး။ နောက် ကျွန်တော်တို့ မြို့နယ်ထဲမှာ မြို့သစ်နှစ်မြို့ ထပ်တိုးလာတယ်။ မြောက်ဥက္ကလာနဲ့ ဆက်စပ်နေတဲ့ မြို့နယ်တွေကလည်း ဒီတံတားကို သုံးကြတယ်လေ။ လမ်းမကြီးက ခြောက်လမ်းသွား၊ တံတားက တစ်လမ်းဆင်း တစ်လမ်းတက်တည်းဆိုတော့ ယာဉ်ပိတ်ဆို့မှုက အဲဒီနေရာမှာ မကြာခဏဆိုသလိုဖြစ်နေတာပါ" ဟု မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ ဦးသန်းအောင်က ပြောသည်။

မြောက်ဥက္ကလာပမြို့နယ်နှင့် ဆက်စပ်ကာ ဝေဘာဂီမြို့သစ်၊ ရွှေပေါက်ကံမြို့သစ်များသို့လည်း ယင်းတံတားပေါ်မှပင် ဖြတ်သန်းသွားလာလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးကားဂိတ်၊ စက်မှုဇုန်၊ မြောက်ဥက္ကလာပဆေးရုံ၊ ဆေးတက္ကသိုလ်(၂) နှင့် ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်များသို့ အဆိုပါတံတားပေါ်မှပင် ဖြတ်သန်းသွားလာရကြောင်း သိရသည်။

ယခင်က ယာဉ်အစီးရေအနည်းငယ်သာ ဖြတ်သန်းသွားလာသော်လည်း စက်မှုဇုန်၊ မြို့သစ်များ တိုးချဲ့ခြင်းနှင့် လူနေထူထပ်လာသောကြောင့် ယခုအခါ ယာဉ်အများအပြား ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ ထို့ပြင် တံတားပေါ်၌ မီးအလင်းရောင်ကောင်းစွာ မရရှိခြင်း၊ ညပိုင်းကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုတို့ကြောင့် အချိန်မရွေး အန္တရာယ်ကျရောက်လာနိုင်သဖြင့် အမြန်ဆုံး ပြုပြင်တည်ဆောက်မှုများ ပြုလုပ်ပေးရန် ဒေသခံများက လိုလားနေခြင်းဖြစ်ကြောင်း သိရသည်။




တံတားနှင့်ပတ်သက်သော အချက်အလက်များရယူရန် မြန်မာ့မီးရထားသို့ ဆက်သွယ်ခဲ့သော်လည်း နှစ်ကာလကြာမြင့်ပြီဖြစ်ခြင်းကြောင့် မှတ်တမ်းများရယူရန် အခက်အခဲရှိနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ- တင်စိုး (မြန်မာ့အလင်း)**

# ဝက်လက်မြို့နယ်၌ ရေမြုပ်ပျက်စီးသီးနှံစိုက်ဧကများ အချိန်မီစိုက်ပျိုးနိုင်ရန် ထွန်စက်များအခမဲ့ကူညီပေးမည်

**ဝက်လက် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဇွန်လဆန်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာ ၄၅ အုပ်စုမှ သီးနှံစိုက်ပျိုးမြေ ၄၈၀၉၅ ဧက ပျက်စီးခဲ့ခြင်းကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အခမဲ့ထွန်ယက်ရေး ထွန်စက်အကူအညီများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်စက်အကူအညီများပေးရန်အတွက် ရွှေဘိုခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်သန်းက အခမဲ့ထွန်ယက်ရေးအတွက် ထွန်စက်များ အကူအညီပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပျက်စီးခဲ့သော သီးနှံစိုက်ဧက အနည်းအများအပေါ် မူတည်ကာ ပြန်လည်ထွန်ယက်ရန် အခက်အခဲရှိသော တောင်သူများ၏ မြေများကို ဦးစားပေးထွန်ယက်ပေးသွားရန် ထွန်စက် အစီး ၆၀ ကိုလက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာများသို့ ခွဲဝေပေးခဲ့သည်။

အဆိုပါ ထွန်စက်များမှာ စက်မှုလယ်ယာစခန်းများမှ ထွန်စက်များဖြစ်ပြီး မုံရွာခရိုင်မှ ခြောက်စီး၊ စစ်ကိုင်းခရိုင်မှ ခြောက်စီး၊ ရွှေဘိုမြို့နယ်မှ ၁၅ စီး၊ ရေဦးမြို့နယ်မှ ၁၅ စီး၊ ကန့်ဘလူမြို့နယ်မှ သုံးစီး၊ ဝက်လက်မြို့နယ်မှ ၁၅ စီးတို့ဖြစ်သည်။ ထွန်စက်များကို ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာနှင့် လှတောကျေးရွာများတွင် စုရပ်ထားရှိပြီး ဇူလိုင် ၇ ရက်မှစ၍ ဩဂုတ်လကုန်ထိ အခမဲ့ထွန်ယက်ရေးကို ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တောင်ငူ၌ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း ဆွေးနွေး

**တောင်ငူ ဇူလိုင် ၈**

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းနှင့်ပတ်သက်၍ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီး၍ ဇူလိုင် ၆ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးချောင်းဆည်ရေသောက်စနစ် အလုပ်ရုံဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနေအောင်က အမှာစကားပြောကြားပြီး ကမ္ဘာ့ဘဏ်၏ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ဒေါ်နေနွယ်လင်းမောင် (Operations Analyst) က ရှင်းလင်းပြောကြားကာ စီမံကိန်းမန်နေဂျာ ဦးမင်းဇော်ဦးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်း(ADSP) အကြောင်း၊ ငွေစာရင်းအရာရှိ ဦးခင်ရင်က စီမံကိန်းဆိုင်ရာ ငွေရေးကြေးရေးစီမံခန့်ခွဲမှု၊ ဝယ်ယူဖြည့်တင်းရေးအရာရှိ ဦးငြိမ်းချမ်းစိုးက ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှု၊ M&E အရာရှိ ဒေါ်မိုးမိုးလွင်က ADSP M&E စနစ်အကြောင်း၊ ပတ်ဝန်းကျင်ကာကွယ်မှု ကျွမ်းကျင်သူ ဦးမင်းမင်းက ပတ်ဝန်းကျင်စောင့်ရှောက်မှုလုပ်ငန်းများအကြောင်း၊ လူမှုကာကွယ်မှုကျွမ်းကျင်သူ ဒေါ်စန္ဒာတင်ရွှေက လူမှုကာကွယ်စောင့်ရှောက်ခြင်းနှင့် ADSP စီမံကိန်း စသည့်ခေါင်းစဉ်များဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**သူရ (တောင်ငူ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၈-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၁၀၁၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၉၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၃၄ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၂၄ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၇ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၆၃ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၃ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၂၉၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ · ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၅ · ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၁၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ဖခင်များနေ့



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ဇွန်လရဲ့တစ်ရက်က ဇနီးသည်နဲ့အတူ အလုံမြို့မှာရှိတဲ့ ပိုးကရင်ဘရေတင်ဘုရားရှိခိုးကျောင်းကို ရောက်ခဲ့တယ်။ အကြောင်းကတော့ ဖခင်များနေ့အတွက် ဆုတောင်းအစည်းအဝေးပွဲ တက်ရောက်ဖို့။ ဇနီးသည်ရဲ့ မိဘတွေကို သတိရအောက်မေ့တဲ့ အထိမ်းအမှတ်နဲ့ တက်ရောက်တဲ့ ပရိသတ်တွေကို အကျွေးအမွေးနဲ့ ဧည့်ခံခဲ့တယ်။ ဖခင်များနေ့ကတော့ ဇွန် ၁၇ ရက်။ အမေရိကန်ပြည်ထောင်စုမှာ လွန်ခဲ့တဲ့နှစ် ၁၀၀ ကျော်က စတင်ကျင်းပခဲ့တာ။ ရည်ရွယ်ချက်က အဖေများကို ဂုဏ်ပြုတဲ့နေ့၊ ဖခင်များရဲ့ကျေးဇူးကို အောက်မေ့သတိရတမ်းတတဲ့နေ့။ ဆုတောင်းအစည်းအဝေးမှာ ဖခင်တွေအတွက် သီချင်းတွေ ဆိုကြပြီး ဖခင်တွေအကြောင်း ဖခင်တွေရဲ့ကျေးဇူးကို ဖော်ပြခဲ့ကြတယ်။ တက်ရောက်လာတဲ့ ဖခင်တွေကိုလည်း လက်ဆောင်တွေ ပေးအပ်ခဲ့ကြတယ်။ အမှန်တော့ အခုလိုကျင်းပတဲ့အလေ့အကျင့်ဟာ ခရစ်ယာန်အသိုင်းအဝိုင်းမှာသာ ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အဖေရဲ့ ကျေးဇူးတွေကို တစ်နှစ်တစ်ခါ ကျင်းပတဲ့ အလေ့အထက အဓိပ္ပာယ်ရှိတယ်လို့ မြင်မိတယ်။ ဖခင်များနေ့ကို ဆင်နွှဲရင်း ကျွန်တော့်ရဲ့ဖခင်အကြောင်း သတိရနေမိတယ်။

### တာဝန်တွေကို ယူခဲ့တယ်

ကျွန်တော့်ရဲ့အဖေဟာ ထားဝယ်မြို့မှာ မွေးဖွားခဲ့တယ်။ ဆယ်တန်းအောင်ပြီး အစိုးရရုံးမှာ အလုပ်လုပ်ရင်း ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ ဘီအိုင်အေတပ်ကို ဝင်ခဲ့သူဖြစ်တယ်။ ၁၉၄၂ ခုနှစ်မှာတော့ မြန်မာ့သေနတ်ကိုင်တပ်ရင်း (၃) မှာ သူဟာ ဗိုလ်ကြီးရာထူးနဲ့ တာဝန်ထမ်းခဲ့ပါတယ်။ တပ်ရင်းမှူးက ဗိုလ်မှူးဇေယျဖြစ်တယ်။ ဂျပန်ပြန် ရဲဘော်သုံးကျိပ်၊ နောင်တစ်ချိန်မှာ ကွန်မြူနစ်ပါတီဖွဲ့စည်းတဲ့ တပ်ရဲ့ကာကွယ်ရေးဦးစီးချုပ်။ အဖေနဲ့ ရာထူးအဆင့်တူသူတွေကတော့ ဂျပန်ပြန်ရဲဘော်သုံးကျိပ်တွေ၊ ဗိုလ်ကျော်ဇော၊ ဗိုလ်လရောင်၊ ဗိုလ်ရန်အောင်စတဲ့ ပုဂ္ဂိုလ်ကြီးတွေ။ တပ်ရင်း (၃) မှာ တာဝန်ထမ်းဆောင်စဉ် အရာရှိတွေ စုပေါင်းဓာတ်ပုံထဲမှာ နောင်တစ်ချိန် တော်လှန်ရေးကောင်စီဝင်တွေဖြစ်ကြတဲ့ ဗိုလ်မှူးချုပ် စိန်ဝင်း၊ ဗိုလ်မှူးကြီး သောင်းကြည်၊ ဗိုလ်မှူးကြီး လှဟန်တို့ ပါဝင်ကြတယ်။ ဒီတုန်းက သူတို့က ဒုဗိုလ်အဆင့်တွေ။ လွတ်လပ်ရေးရပြီးချိန် ဖေဖေဟာ စစ်ရုံးမှာ ကာကွယ်ရေးအတွင်းဝန်ဖြစ်ခဲ့တယ်။ တပ်မတော်ရဲ့ ပထမဦးဆုံးအတွင်းဝန်။ အတွင်းဝန်တာဝန်ထမ်းဆောင်အပြီး အသစ်ဖွင့်လှစ်တဲ့ ခြေလျင်တပ်ရင်း (၆) မှာ တပ်ရင်းမှူး ဖြစ်ခဲ့ပြီး ဒုတိယဗိုလ်မှူးကြီးရာထူးကို ရခဲ့ပါတယ်။ နောက်ပိုင်းမှာ ကယားတပ်ရင်း (၁) နဲ့ ခြေလျင်တပ်ရင်း (၁၀) မှာ တပ်ရင်းမှူး တာဝန်တွေကို ယူခဲ့ပါတယ်။ ၁၉၅၃ ခုနှစ်မှာတော့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ကြည်း၊ ရေ၊ လေ စစ်သံမှူးကြီးအဖြစ် တာဝန်ပေးခြင်းခံရပါတယ်။ ထိုင်းနိုင်ငံအပြင် အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံတွေကိုလည်း တာဝန်ယူခဲ့ပါတယ်။ ဒါပေမယ့် ၁၉၅၈ ခုနှစ်မှာ ဖခင်ဖြစ်သူဟာ တပ်မတော်က အငြိမ်းစားယူခဲ့ရပါတယ်။ ကျွန်တော်ကငယ်တော့ ဘာကြောင့်အခုလိုဖြစ်ရတာ အတိအကျမသိပေမယ့် အပြစ်မရှိဘဲ အရေးယူခြင်းခံရတယ်လို့ နားလည်ရပါတယ်။

ဒီတုန်းကအဖေဟာ အသက် ၄၀ မပြည့်သေးဘူး။ အသက်ငယ်ငယ်နဲ့ အခုလိုဖြစ်ရတာ။ ကလေးခုနစ်ယောက်ရှိတာမို့ တာဝန်ကလည်း အကြီးကြီး။ အခုလို အခက်အခဲတွေ ကြုံနေတုန်းမှာ ကျွန်တော့်ရဲ့ညီမအလတ်က သွေးကင်ဆာရောဂါဖြစ်ခဲ့တယ်။ အဖေ့သူငယ်ချင်း မင်္ဂလာဒုံစစ်ဆေးရုံအုပ်ကြီးရဲ့ ကျေးဇူးနဲ့ ဆေးကုသခွင့်ရခဲ့တယ်။ ဒီတုန်းက သွေးကင်ဆာကို မကုသနိုင်သေးဘူး။ ညီမက ကိုးနှစ်ပဲရှိသေးတာ။ ခြောက်လအတွင်းမှာပဲ ဆုံးသွားရှာတယ်။ အလုပ်ကလည်း နား။ သမီးလည်း ဆုံး။ အဖေ ဘယ်လောက်စိတ်ထိခိုက်မလဲ။ ဒါပေမယ့် ဖေဖေက အပြုံးမပျက်ဘူး။ ကျွန်တော်တို့မောင်နှမတွေကို အားမငယ်ရအောင် အားပေးရှာတယ်။ ဘုံးလေးရာ ဖရုံဆင့်ဆိုသလို နောက်နှစ်နှစ်ကြာတော့ ညီမအကြီးဆုံး ဆေးထိုးမှားပြီး သေခဲ့တယ်။

ဖေဖေက သူ့ရဲ့သမီးအကြီးမကို သိပ်ချစ်တာ။ သူမွေးပြီး မကြာခင်ပဲ ရာထူးတိုးခဲ့တာမို့။ ညီမကြီးဆုံးတော့ ၁၃ နှစ်ပဲ ရှိသေးတယ်။ ဖေဖေ တပ်မတော်ကထွက်တော့ ကျွန်တော်တို့ မောင်နှမတွေကိုခေါ်ပြီး အားပေးစကားပြောတာကို အခုချိန်အထိ မှတ်မိသေးတယ်။ ဖေဖေတော့ တပ်ကနားရပြီ။ ဒါပေမယ့် မင်းတို့အားမငယ်နဲ့၊ စိတ်မပူနဲ့လို့ အားပေးရှာတယ်။

### အစိုးရဝန်ထမ်း တစ်ကျော့ပြန်ဖြစ်

ဖေဖေ့ရဲ့အစ်ကိုက သူ့ညီကို သူနဲ့အတူတူ စီးပွားရေးလုပ်ဖို့ ကမ်းလှမ်းခဲ့တာမို့ သူပိုင်တဲ့ ထီးစက်ရုံမှာ ဖေဖေက အုပ်ချုပ်သူအဖြစ် ဝင်လုပ်တယ်။ အဖေနဲ့အတူ မေမေကလည်း အလုပ်ဝင်တယ်။ ကျွန်တော်စဉ်းစားကြည့်တယ်။ ဗိုလ်မှူးကြီးဘဝကနေ စက်ရုံမှူးဘဝပြောင်းရတာ ဘယ်လောက်ခက်မလဲဆိုတာ။ တော်တော်စိတ်ဓာတ်ခိုင်မာတဲ့သူဖြစ်တယ်။ စက်ရုံက အစက မမ္မစေတီလမ်းကနေ တောင်ဥက္ကလာပကိုပြောင်းတော့ ဖေဖေလည်း တောင်ဥက္ကလာပမှာ အလုပ်သွားရတယ်။ ပြည်သူပိုင်သိမ်းထားတဲ့စက်ရုံမို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်က ပါတီကေဒါတွေရဲ့ လွှမ်းမိုးဗိုလ်ကျမှုကိုလည်း ခံခဲ့ရတယ်။ တပ်မတော်မှာ တပ်ကြပ်အဆင့်ရှိတဲ့သူရဲ့ဩဇာကိုခံရတဲ့ဖေဖေ ဘယ်လောက်ခံပြင်းမလဲ။ ဒါပေမယ့် မိသားစုအတွက် တာဝန်ယူထားတာမို့ အပြုံးမပျက်။ ကျွန်တော်ဆယ်တန်းအောင်ပြီး တတိယနှစ်ရောက်တော့ စက်ရုံမှာ ဖေဖေ၊ မေမေနဲ့အတူ အလုပ်ဝင်လုပ်တယ်။ ကျောင်းတစ်ဖက်နဲ့ လခလည်းရတော့ ဖေဖေ့ရဲ့တာဝန် နည်းနည်းလျော့နိုင်တာမို့ ကျွန်တော်ဘွဲ့ရတဲ့နှစ်မှာ ဖေဖေ့ကို စက်မှုဝန်ကြီးက သမိုင်းအုတ်ကျင်းမှာရှိတဲ့ ဂုန်နီစက်ရုံမှာ အုပ်ချုပ်ရေးမှူးတာဝန် ပေးအပ်ခဲ့တယ်။ ဒါကြောင့် ဖေဖေဟာ အစိုးရဝန်ထမ်း တစ်ကျော့ပြန်ဖြစ်တယ်။ စက်ရုံမှူးဘဝမှာ သူ့ကို ဝန်ထမ်းတွေက သိပ်ချစ်ကြတယ်။ သူက စက်ရုံလုပ်သားတွေ ဝတ်တဲ့ ဝတ်စုံအပြာရောင်ကို ဝတ်တယ်။ ဝန်ထမ်းတွေရဲ့ သာရေး၊ နာရေးကို ဂရုစိုက်တယ်။ အားကစားအလုပ်ကို အားပေးတယ်။ စက်ရုံက မြန်မာပြည်မှာ ဝန်ထမ်းအများဆုံး စက်ရုံ။ သူက သိပ်ပျော်တယ်။ စစ်သားတွေအုပ်ချုပ်နေရတဲ့ ပုံစံဖြစ်နေတာမို့ ကျွန်တော် နိုင်ငံခြားပညာသင်သွားတော့ ဖေဖေလည်း နှလုံးခွဲစိတ်ကုသဖို့ အခွင့်အရေးရတာမို့ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော်ရယ် လန်ဒန်မြို့ကို သွားခဲ့ကြတယ်။ မြန်မာသံအမတ်ကြီးနဲ့ စစ်သံမှူးကြီးတို့က ဖေဖေ့ရဲ့သူငယ်ချင်းတွေ၊ ကျွန်တော်အင်္ဂလန်မှာရှိနေချိန်မှာပဲ ဖေဖေ့ကို ဂုန်နီစက်ရုံကနေ စက်မှုဝန်ကြီးဌာနကို ညွှန်ကြားရေးမှူးအနေနဲ့ တာဝန်ပေးခဲ့တယ်။ ညွှန်ကြားရေးမှူးချုပ်ရာထူးကို အစိုးရကိုတင်တဲ့အခါ ပယ်ချခြင်းခံရတယ်။

### တပ်ရင်းမှူး သုံးကြိမ်ဖြစ်ခဲ့သူ

အကြောင်းကတော့ သူ့ရဲ့အစ်ကို သခင်ဗသိန်းတင်ဟာ မြန်မာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဖြစ်နေလို့။ ဖေဖေ့မှာ ဒီဒဏ်က တပ်မှာရှိကတည်းက ခံခဲ့ရတာ။ အမှန်တော့ ဖေဖေဟာ တပ်ရင်းမှူး သုံးကြိမ်ဖြစ်ခဲ့သူ၊ နောက်တစ်ကြိမ်ဆိုရင် တပ်မဟာကို တာဝန်ယူရတဲ့ တပ်မင်းဖြစ်ရမှာ။ ဒါပေမယ့် တပ်မင်းရာထူးကို မပေးချင်တော့ ရသေ့စိတ်ဖြေအနေနဲ့ စစ်သံမှူးကြီးရာထူး ပေးခဲ့တာ။ ပြီးတော့ ဘာမှမဟုတ်တဲ့ ကိစ္စတစ်ခုနဲ့ အပြစ်ပေးခြင်း ခံခဲ့ရပြန်တယ်။ လောကဓံက ဖေဖေ့ကို မျက်နှာသာ မပေးခဲ့ရှာဘူး။ ညွှန်ကြားရေးမှူးဘဝမှာ အထက်လူကြီးတွေက ဒုက္ခပေးခဲ့ပြန်တယ်။ တပ်ထဲမှာ ကိုယ့်ထက်ရာထူးငယ်တဲ့ သူတွေက အခုတော့ ကိုယ့်ရဲ့အထက်မှာရှိပြီး ပညာပြလာကြတယ်။

ဖေဖေဟာ တပ်ထဲဝင်တဲ့အချိန်ကစပြီး ဒုက္ခအမျိုးမျိုး ရောက်ခဲ့တာ။ မစမယ့်သူ မရှိသလို အမျိုးတော်တာမို့ တစ်ဖက်ကလည်း အနှိမ်ခံခဲ့ရတယ်။ ဖေဖေဟာ သူ့ရဲ့ခံစားချက်တွေကို ထုတ်မပြောတတ်ဘူး။ မိသားစုသိမှာစိုးရိမ်ပြီး မျိုသိပ်ခဲ့တယ်။ ဒါကြောင့်လည်း အသည်းကင်ဆာရောဂါရပြီး အသက် ၅၈ မှာ ဆုံးတယ်။ သူဟာ ဆေးလိပ်မသောက်၊ အရက်မသောက်ပေမယ့် ဒီရောဂါစွဲကပ်တာ ခြောက်လပဲခံတယ်။ ကျွန်တော် နိုင်ငံခြားက ပြန်လာပြီး သုံးလလောက် ပြုစုခွင့်ရခဲ့တယ်။ ကျွန်တော် ဒေါက်တာဖြစ်တာကို သူသိသွားတယ်။ သိပ်ကျေနပ်တယ်။ သူက ငယ်ငယ်ကတည်းက အားကစားကိုလုပ်တယ်။ စစ်ရုံးမှာ တာဝန်ယူစဉ် တပ်မတော်ဘောလုံးအသင်းရဲ့ ဂိုးသမား၊ အောင်ဆန်းကွင်းမှာ ကစားတဲ့သူ။ တင်းနစ်အားကစားကို နှစ်ခြိုက်တယ်။ သူ့အကြိုက်ဆုံးကတော့ ဂေါက်သီးအားကစားဖြစ်တယ်။ သူ့ရဲ့ရဲဘော်တွေနဲ့ ရိုက်တယ်။ တည်းကုန်းကွင်းမှာ ကစားတယ်။ တစ်ခါတလေ မေမေက လိုက်တယ်။ ကျန်းမာရေးကို အထူးဂရုစိုက်တဲ့သူဖြစ်ပေမယ့် အခုလိုရောဂါနဲ့ ဆုံးရတာ။ စိတ်ဖိစီးမှုကြောင့်မို့ ထင်မှတ်မိတယ်။ ဖေဖေ့ကျေးဇူး ဆပ်မကုန်ပါဘူး။

### စံနမူနာပုဂ္ဂိုလ်

ကျွန်တော် စီးပွားရေးတက္ကသိုလ်မှာ ဆရာဖြစ်တာ ဖေဖေ့ကြောင့်ပဲ။ ကျွန်တော်က ဘွဲ့ရပြီးချိန်မှာ အိမ်ကို ကူညီချင်လို့ ဗိုလ်သင်တန်းလျှောက်ဖို့ စဉ်းစားတယ်။ ဖေဖေက အားမပေးခဲ့ဘူး။ သူ့လို ဒုက္ခတွေမှာစိုးလို့ထင်တယ်။ နိုင်ငံခြားရေးရုံးမှာလျှောက်ဖို့ စဉ်းစားပြန်တော့ ယှဉ်ပြိုင်မှုတွေကြောင့် သူက မလုပ်စေချင်ဘူး။ ကျောင်းဆရာဖြစ်စေချင်တာ။ ဒီတုန်းက ပညာရေးဝန်ကြီးဌာန အတွင်းဝန်က တပ်က။ သူ့ရဲ့ရဲဘော်ရဲဘက် ဖေဖေ့မျက်နှာနဲ့ ဆရာဖြစ်ခဲ့တာ။ နိုင်ငံခြားပညာသင်သွားခွင့်ရတာလည်း ဖေဖေ့ကြောင့်ပဲ။ အစက ကျွန်တော့်ကို သွားခွင့်မပြုဘူး။ အမျိုးတော်တဲ့အမှုနဲ့ နောက်ဆုံး ဖေဖေက နိုင်ငံ့ ခေါင်းဆောင်ဆီ အကူအညီတောင်းခဲ့တာမို့ ကျွန်တော် သွားခွင့်ရသွားတာ။ ယခု ကျွန်တော့်ရဲ့အခြေအနေအားလုံးဟာ အဖေ့ကြောင့်သာ ဖြစ်တာ။ အဖေ့ရဲ့စောင်မမှု မရရင် ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ။

ဖေဖေဟာ ကျွန်တော့်ရဲ့ စံနမူနာပုဂ္ဂိုလ်ပါ။ စစ်သားပီသတယ်၊ ရိုးစင်းတယ်၊ တည့်တည့်ပြောတတ်တယ်။ အမှန်တရားကို ချစ်ပြီး မတရားတာကို မခံဘူး။ မိသားစုတာဝန်ကို ကျေအောင်ထမ်းတယ်။ သူ့ရဲ့ ဇနီး၊ သားသမီးတွေသာမက သူ့ရဲ့ အစ်ကို၊ အစ်မ၊ ညီ၊ ညီမတွေလည်း အမြဲစောင့်ရှောက်တာ။ ဖေဖေ့ဆီက အမွေတွေ အများကြီးရခဲ့ပါတယ်။ ချွေးနည်းစာနဲ့ စုဆောင်းထားတဲ့ငွေနဲ့ ထိုင်းကပြန်လာတော့ ကားတစ်စီးဝယ်ခဲ့တယ်။ ဒီကားရောင်းပြီး ရတဲ့ငွေနဲ့ ဝင်ဒါမီယာလမ်းမှာ အိမ်ဆောက်ပြီး အခြေချခဲ့တာ။ မိဘတွေမရှိတော့တဲ့အခါ ဒီအိမ်ကို ရောင်းခဲ့တယ်။ ကျွန်တော့်ဝေစုနဲ့ ဇနီးဘက်ကရတဲ့အမွေဝေစုနဲ့ ပေါင်းပြီး အိမ်ဝယ်ဖြစ်ပြန်တယ်။ ဒါပေမယ့် ကျွန်တော်အမြတ်နိုးဆုံးက သူ့ရဲ့နေမှုထိုင်မှု အကျင့်စာရိတ္တပဲ။ သူဟာ စကားနည်းတယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ပျော်တာပါးတာမရှိဘဲ မိသားစုကိုပဲ ခုံမင်သူ။ အသောက်အစားကင်းတယ်။ အားကစားဝါသနာကြီးတယ်။ အချိန်ရှိတိုင်း စာဖတ်တယ်။ နေ့တိုင်း သူ့ရဲ့အမေကြီးဆီ သွားတယ်။ ဇနီးမယားကိုချစ်တယ်။ သံယောဇဉ်ကြီးတယ်။ ဒါကြောင့် အဖေ့ရဲ့အကျင့်စရိုက်တွေကို ကျွန်တော်အတုယူတယ်။ အနီးစပ်ဆုံးဖြစ်အောင် အမြဲကြိုးစားတယ်။ သူ့ကိုချစ်တဲ့ တပည့်သားချင်းတွေ ပေါပါတယ်။ သူက ဘယ်သူ့ကိုမဆို အကူအညီပေးဖို့ ဝန်မလေးဘူး။ သူ့မှာ အဆက်အသွယ်များတယ်။ တော်လှန်ရေးကောင်စီခေတ်မှာ တာဝန်ယူထားတဲ့သူတွေက သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေ။ အမှန်တော့ တပ်မတော်မှာ သူက အတော်စီနီယာကျတယ်။ ဗိုလ်ချုပ်ကြီးတင်ဦးနဲ့ တွေ့တိုင်း ဗိုလ်မှူးကြီး ဖေသက်က ကျွန်တော်နဲ့ စီနီယာလို့ အမြဲပြောလေ့ရှိတယ်၊ ဖေဖေက ဒေါသကြီးတယ်၊ စိတ်ဆတ်တယ်၊ ပြောစရာရှိရင် မညှာမတာ ပြောတတ်တယ်၊ သူ့ရဲ့ အဓိကပြဿနာက အောက်ကျမခံတဲ့စိတ်၊ ဒီအမွေတွေ ကျွန်တော်ရခဲ့တယ်။ ဒါပေမယ့် အဖေ့ဘက်ကလိုက်လို့ စိတ်မဆိုးတတ်ဘူး။ သည်းခံနိုင်တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ ကျေးဇူးရှင်အစစ်က ဖေဖေဖြစ်တယ်။ ကျွန်တော့်ရဲ့ဘဝကို သူတည့်မတ်ပေးခဲ့တယ်။

### ရဲဘော်စိတ် အပြည့်ရှိတဲ့သူ

ဝမ်းနည်းစရာကောင်းတာက သူက ကျွန်တော်တို့ကို စောင့်ရှောက်နိုင်ခဲ့ပေမယ့် ကျွန်တော်တို့မှာ သူ့ကို ပြုစုခွင့် မရခဲ့ဘူး။ အသက်ငယ်ငယ်နဲ့ဆုံးခဲ့တာမို့ သားသမီးတွေရဲ့ အပြုစုကို မခံခဲ့ရဘူး။ ကျွန်တော်ပါရဂူဘွဲ့ရတာကို သိပေမယ့် ညွှန်ကြားရေးမှူးချုပ်ဖြစ်တာကို မသိသွားခဲ့ဘူး။ သူ့ကို တမင်သက်သက် ညစ်ထားပြီး အမျိုးတော်တဲ့ကိစ္စနဲ့ နှိမ်ခဲ့တာ။ သူ့လောက် သမိုင်းမရှိတဲ့သူတွေက သူ့အထက်မှာ ရာထူးတွေ ရခဲ့တယ်။ ကျွန်တော် ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူတာ သိရင် သူဘယ်လောက်ကျေနပ်မလဲ၊ ဂုဏ်ယူမလဲဆိုတာ စဉ်းစားမိတယ်။ သူ့ကို လိုလေသေးမရှိအောင် ပြုစုနိုင်တဲ့အခြေအနေမှာ သူမရှိတော့ဘူး။ သူ့ဆီက တိုင်းပြည်ကိုချစ်တဲ့၊ မြတ်နိုးတဲ့အမွေ ကျွန်တော်ရခဲ့တယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် တပ်မတော်မှာ အပင်ပန်းခံခဲ့တဲ့ သူ့ကို ကျွန်တော်လေးစားမိတယ်။ ရဲဘော်စိတ် အပြည့်ရှိတဲ့သူ။ သူ့ရဲ့ အထက်လူကြီးဖြစ်တဲ့သူကို ဝေဖန်ရင် သူက မကြိုက်ဘူး။ သူ့အနေနဲ့ အပြစ်မမြင်ဘူး။ နားလည်မှု အပြည့်ပေးနိုင်တယ်။ သူ့ကို ပေးသင့်တဲ့၊ ရသင့်တဲ့ရာထူး မပေးခဲ့တာကို စိတ်မကောင်းဖြစ်တယ်။ သူ့ရဲ့ တပည့် ညွှန်ချုပ်ဖြစ်တဲ့ သတင်းကြားရတော့ "သူတောင် ညွှန်ချုပ်ဖြစ်သွားပြီဆိုပြီး" မှတ်ချက်ပေးတဲ့ သူ့စိတ်ထဲမှာ ဘယ်လောက်ခံစားရမလဲဆိုတာ ကျွန်တော် သဘောပေါက်မိတယ်။

အခုတော့ ကျွန်တော်ကိုယ်တိုင် ဖခင်ဖြစ်နေပြီ။ ဆုတောင်းအစည်းအဝေးမှာ သမီးငယ်တစ်ယောက်က သူ့ရဲ့ဖခင်အကြောင်း စင်မြင့်ပေါ်မှာတက်ပြီး ချီးကျူးစကားပြောတယ်။ သူ့အမေ စကားများသလောက် အဖေလုပ်သူက အေးတယ်။ နှုတ်ဆိတ်တယ်။ ကျွန်တော်ဟာ တစ်ဦးတည်းသောသမီးကို သိပ်ချစ်တယ်၊ အလိုလိုက်တယ်။ တစ်ခါမှ မဆူဖူးဘူး။ ဆူစရာတစ်ခုမှ မတွေ့ခဲ့ဘူး။ အလိုလိုက်နေရတာကိုပဲ ကျေနပ်နေတာ၊ ကိုယ့်အလှည့်ရောက်တော့ ကိုယ်လည်း ဖခင်ကောင်းဖြစ်အောင် ကြိုးစားတယ်။ ကျွန်တော်ဘယ်တော့မှ မဆုံးမဘူး၊ အားလုံးကို အပြည့်အဝလက်ခံတယ်။ သူ့ကိုယုံတယ်။ သမီးဆီက ဘာမှမမျှော်လင့်ဘူး။ သူ့အတွက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့က ကျွန်တော့်ရဲ့ တာဝန်။ နမူနာဖခင်တစ်ဦးဖြစ်အောင် ကြိုးစားတယ်။ ကျွန်တော့်ကြောင့် သမီးဂုဏ်မငယ်စေရဘူးဆိုတာကို အမြဲသတိထားတယ်။ အဖေလုပ်တဲ့သူဟာ ဖခင်ကောင်းဖြစ်ခဲ့သလို ကျွန်တော်ကလည်း ဖခင်ကောင်းဖြစ်အောင် အမြဲကြိုးစားရမှာ။ ။

> "သူ့ကို လိုလေသေးမရှိအောင် ပြုစုနိုင်တဲ့အခြေအနေမှာ သူမရှိတော့ဘူး။ သူ့ဆီက တိုင်းပြည်ကိုချစ်တဲ့၊ မြတ်နိုးတဲ့အမွေ ကျွန်တော်ရခဲ့တယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် တပ်မတော်မှာ အပင်ပန်းခံခဲ့တဲ့ သူ့ကို ကျွန်တော်လေးစားမိတယ်။ ရဲဘော်စိတ် အပြည့်ရှိတဲ့သူ။ သူ့ရဲ့ အထက်လူကြီးဖြစ်တဲ့သူကို ဝေဖန်ရင် သူက မကြိုက်ဘူး။ သူ့အနေနဲ့ အပြစ်မမြင်ဘူး။ နားလည်မှု အပြည့်ပေးနိုင်တယ်"

## ရေဘေးကာကွယ်ရေး သရုပ်ပြ

**သာယာဝတီ ဇူလိုင် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အိပ်လဟာရွာအနီး အသရော်-အိပ်လဟာတာမိုင် (၂၃/၂) အနီးတွင် ဇူလိုင်လ ပထမပတ်က ရေဘေးကာကွယ်ရေးနည်းစနစ်များ သရုပ်ပြပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစပ်ခွန်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးမှူး ဦးကျော်ဇောထွန်းက မြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏ အခြေအနေများကို ရှင်းလင်းပြောကြားကာ မိုးရာသီမြစ်ရေမြင့်တက်ချိန်တွင် အရေးပေါ် ရေဘေးကာကွယ်ရေးနည်းစနစ်များကို ရုပ်ပုံကားချပ်များဖြင့် သရုပ်ပြဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းသည်။

ဆက်လက်ပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများက မိုးရာသီတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ရေဘေးအတွေ့အကြုံများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

မြန် မာ့ ရိုး ရာ အား က စား

# ကမ္ဘာသို့ထိုးဖောက်ပျံ့နှံ့နိုင်ရေးအတွက် ဂျပန်နိုင်ငံမှစတင်အခြေပြုနေသည့် မြန်မာ့ရိုးရာလက်ဝှေ့တွင် ဂျပန်ကစားသမားများ ဦးဆောင်သွားတော့မည်လား

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**

**မြန်မာ့ရိုးရာလက်ဝှေ့ကို မွေထိုင်းနည်းတူ ကမ္ဘာ့နိုင်ငံများသို့ ထိုးဖောက်ပျံ့နှံ့နိုင်ရေးအတွက် ပြီးခဲ့သော နှစ်အနည်းငယ်အတွင်းမှ စတင်ကြိုးပမ်းလျက်ရှိရာ ပြည်ပနိုင်ငံအချို့တို့တွင် အထိုက်အလျောက်အောင်မြင်၍ အရှိန်အဟုန်ရနေပြီဖြစ်သည်။ အထူးသဖြင့် နိုင်ငံတကာသို့ ရိုးရာလက်ဝှေ့ ထိုးဖောက်နိုင်ရေးတွင် ဂျပန်နိုင်ငံကို ခြေကုပ်ယူကာ စတင်အခြေပြုနေသော မဟာဗျူဟာစီမံကိန်းမှာ ရာနှုန်းပြည့်အောင်မြင်နေပြီး လတ်တလောတွင် ပြိုင်ပွဲများ၌ ဂျပန်လက်ဝှေ့ကစားသမားများက ဦးဆောင်နေသည်ကိုပင် တွေ့နေရသည်။ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ပြည်တွင်း၊ ပြည်ပ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဦးဆောင်ကျင်းပနေသော မြန်မာမီဒီယာဂရု(ပ်)၏ ဂျပန်နိုင်ငံတွင် အဋ္ဌမအကြိမ်မြောက်ကျင်းပခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ခရီးစဉ်တွင် ဂျပန်လက်ဝှေ့ကစားသမားများက ဦးဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရသည်။**

### ဦးဆောင်ယှဉ်ပြိုင်ထိုးသတ်

မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့နိုင်ရေးအတွက် ပြီးခဲ့သော ၂၀၁၆ အောက်တိုဘာ ၂၇ ရက်က ဂျပန်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ပြီးနောက် နှစ်စဉ် စဉ်ဆက်မပြတ် ကျင်းပခဲ့သည်။ စတင်ကျင်းပစဉ်က ဗလာလက်သီးနှင့်ထိုးသော မြန်မာတို့၏ ရိုးရာလက်ဝှေ့ကို ဂျပန်နိုင်ငံမှ ဂျူဒို၊ ကရာတေး၊ နပန်း ကစားသမားအများစုက နှစ်သက်သဘောကျ၍ လေ့လာကြသည်။ သင်ယူကြသည်။ ဖြည်းဖြည်းချင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်လာကြသည်။

ယခုအခါမှာတော့ လေ့လာမှုအားကောင်းသော ဂျပန်ကစားသမားတို့မှာ နည်းစနစ်ပိုင်းမှ အစ အားလုံး နားလည်သဘောပေါက်ကာ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို တရစပ် ကျင်းပလာသလို ပြိုင်ပွဲများတွင်လည်း ဂျပန်ကစားသမားများက ဦးဆောင်ယှဉ်ပြိုင် ထိုးသတ်လာနိုင်ကြခြင်းဖြစ်သည်။

### စိတ်ဝင်စားမှု

ဂျပန်နိုင်ငံ တိုကျိုမြို့ ခိုလကုအန်ခန်းမ၌ ပြီးခဲ့သော ဇွန် ၂၉ ရက်က အဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ကျင်းပခဲ့သည်။ ဂျပန်နိုင်ငံတွင်ကျင်းပသည့် အဆိုပါ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ (၈)ကြိမ်မြောက်ကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဦးဆောင်ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် မြန်မာမီဒီယာဂရု(ပ်)တို့၏ စီစဉ်မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ယခုကဲ့သို့ သီးသန့်ပြိုင်ပွဲများအဖြစ် ယခင်က ကျင်းပခဲ့ဖူးခြင်းမရှိဘဲ ၂၀၁၆ ခုနှစ်မှစတင်၍သာ ကျင်းပခွင့်ရခဲ့ခြင်းဖြစ်သည်။ ယင်းမတိုင်မီက မြန်မာ့ရိုးရာလက်ဝှေ့မှာ အခြား အားကစားပြိုင်ပွဲများ၌ ကြားညှပ်သဘောမျိုး အဆင့်လောက်သာ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး ဂျပန်ပရိသတ်များကလည်း မြန်မာ့ရိုးရာလက်ဝှေ့အပေါ် ယခုကဲ့သို့ စိတ်ဝင်စားမှုမရှိခဲ့ပေ။

### အသွင်ကူးပြောင်း

ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့ကို ပထမဆုံးအကြိမ် စတင်မိတ်ဆက်သည့်အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၇ ရက်က မြန်မာ့ရိုးရာ လက်ဝှေ့သမားများ သွားရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။ အောင်မြင်မှုရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ဒုတိယအကြိမ် ၂၀၁၇ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပသည့် ပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်နိုင်ငံအနေဖြင့် တွဲဆိုင်းအားလုံး ပါဝင်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့၏ အခြေခံဖြစ်သော လက်သီးဗလာ၊ သတ်ကိုးသတ်၊ ခြေလက်၊ ခေါင်း အဆုံး မာဂုဏ်မြင့် တိုက်ခိုက်မှုစွမ်းရည်ကို ဂျပန်နိုင်ငံမှ ကရာတေးသမား၊ တိုက်ကွမ်ဒိုသမား၊ ကစ်ဘောက်ဆင်သမားများနှင့် K1 အားကစားသမားများ နှစ်သက်သဘောကျ၍ လာရောက်အားပေးကြသည်။ အဆိုပါပြိုင်ပွဲတွင် ဂျပန်နိုင်ငံဆိုင်ရာ K1 အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်တိုင် လာရောက်အားပေးခဲ့သည်။ ယခုဆိုလျှင် ဂျပန်နိုင်ငံရှိ ကရာတေး၊ နပန်း၊ ကစ်ဘောက်ဆင်မှအစ ဘက်ပေါင်းစုံမှ ကိုယ်ခံပညာပေါင်းစုံ အားကစားသမားများအနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ကို နှစ်သက်သဘောကျ၍ ရိုးရာလက်ဝှေ့သို့ အသွင်ကူးပြောင်းကာ တစိုက်မတ်မတ် လေ့ကျင့်မှုများ ပြုလုပ်ပြီး ယှဉ်ပြိုင်ထိုးသတ်နေကြပြီဖြစ်သည်။




၇၃ ကီလိုတန်းတွင် စောဂေါ်မူဒို (မြန်မာ)နှင့် တိုခဲရှိ(ဂျပန်) တို့ယှဉ်ပြိုင်ထိုးသတ်စဉ်

### အောင်မြင်မှုများ

၂၀၁၇ ဖေဖော်ဝါရီ ၁၆ ရက်က ဂျပန်နိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပခဲ့သော မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို Abema Internet TV က ဂျပန်နိုင်ငံတွင် Live လွှင့်ခဲ့ရာ ပြည်သူ နှစ်သိန်းနီးပါး ကြည့်ရှုကြပြီး ယင်းပြိုင်ပွဲကို Delay ခုနစ်ကြိမ် ပြန်လွှင့်ပြသခဲ့ရာ ပြည်သူတစ်သန်းကျော် စောင့်ကြည့်ခဲ့ကြောင်း သိရသည်။ ယင်းပွဲတွင် ကမ္ဘာ့နိုင်ငံအများစုသို့ ထုတ်လွှင့်ပြသနေသော Fite Internet TV ကလည်း ကိုရီးယား၊ အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို၊ ဘရာဇီး၊ ဩစတြေးလျနှင့် ဗြိတိန်အပါအဝင် နိုင်ငံပေါင်း ၄၀ ကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် လက်ရှိဂျပန်အာဏာရပါတီ LDP က ဆုဖလားပေးပို့ခဲ့ပြီး အဆိုပါ ပါတီအနေဖြင့် ပထမဆုံး ဆုဖလားပေးပို့ခဲ့ခြင်းလည်းဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့နိုင်ငံအများစုသို့ ထိုးဖောက်လျက်ရှိရာ ယခင်က ရုရှားပြီးလျှင် ဒုတိယနေရာ၌ ဂျပန်နိုင်ငံဖြစ်ခဲ့သည်။ ယခုအခါတွင် ဂျပန်နိုင်ငံသည် မြန်မာ့ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားမှု မြင့်တက်လာ၍ ဒုတိယနေရာမှ ပထမနေရာသို့ပင် ရှေးရှုနေပြီဖြစ်သည်။

### (၈)ကြိမ်မြောက်ပြိုင်ပွဲ

ယခု ဂျပန်နိုင်ငံတွင် (၈)ကြိမ်မြောက် ကျင်းပခဲ့သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ၆၄ ကီလိုတန်း၌ ထွန်းလွင်မိုး(မြန်မာ)နှင့် ချန်ဝှမ်းဟောင် (တောင်ကိုရီးယား)၊ ၆၇ ကီလိုတန်းတွင် ကြယ်စင်ဖြိုး(မြန်မာ)နှင့် ဒိုင်ခိခနဲ(ဂျပန်)၊ ၇၃ ကီလိုတန်းတွင် စောဂေါ်မူဒို(မြန်မာ)နှင့် တိုခဲရှိ(ဂျပန်)၊ ၇၅ ကီလိုတန်းတွင် အောင်ပိုင်(မြန်မာ)နှင့် အိုကူဒါ (ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ၆၁ ကီလိုတန်းတွင် အိမ်ရှင် ဂျပန်လက်ဝှေ့သမားများဖြစ်သော ဟာရှီမိုတို(ဂျပန်)နှင့် ကတ်ဆုရာ(ဂျပန်)၊ ၉၇ ကီလိုတန်းတွင် ခရစ်ဗိုက်စ်(ဩစတြေးလျ) နှင့် ဒေါင်ဇင်ဝူး(ထိုင်ဝမ်)တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

### ဆုဖလားသိမ်းပိုက်

အဋ္ဌမအကြိမ်မြောက် ကျင်းပသော မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ၏ အဓိကပွဲစဉ်တွင် ဂျပန်လက်ဝှေ့သမား တိုခဲရှိနှင့် မြန်မာနိုင်ငံ ပထမတန်းလက်ဝှေ့ကျော် စောဂေါ်မူဒိုတို့ ယှဉ်ပြိုင်ထိုးသတ်ရာ စတုတ္ထအချီ ၃၆ စက္ကန့်အလိုတွင် တိုခဲရှိက အလဲထိုး အနိုင်ယူခဲ့သည်။

ထိုပြိုင်ပွဲတွင် စောဂေါ်မူဒို(မြန်မာ)နှင့် တိုခဲရှိ (ဂျပန်)တို့မှာ ပွဲစသည်နှင့် တိုက်ကွက်စုံသုံးပြီး သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးသတ်ရင်း စောဂေါ်မူဒို ကြမ်းပြင်ပေါ်လဲအကျ ခေါင်းထိခိုက်၍ ပထမအချီတွင် အနားတောင်းရသည်။ ဒုတိယအချီတွင် စောဂေါ်မူဒို၏ ခြေကန်ချက်များကြောင့် တိုခဲရှိ အထိနာခဲ့သလို တိုခဲရှိ၏ အားပါသော လက်သီးချက်များကြောင့်လည်း စောဂေါ်မူဒို မကြာခဏ ယိုင်ဆင်းသွားခဲ့သည်။ တတိယအချီမှာ ဂျပန်နိုင်ငံသား တိုခဲရှိက အပူးအချုပ်များဖြင့် ကိုင်ပေါက်ပြီး ပွဲသိမ်းရန် နည်းစနစ်ပြောင်းလာသော်လည်း စောဂေါ်မူဒို၏ နင်းခြေများကြောင့် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရသည်။ စတုတ္ထအချီမှာတော့ တိုခဲရှိ၏ ဘယ်ပင့်လက်သီးက စောဂေါ်မူဒို၏ ညာဘက်မေးရိုးကိုထိပြီး အလဲထိုးခံရ၍ ဂျပန်နိုင်ငံသား တိုခဲရှိက အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)မှ ချီးမြှင့်သော ဆုဖလားကို သိမ်းပိုက်သွားခဲ့သည်။

### အခြားပွဲစဉ်များ

တခြားပြိုင်ပွဲများ၌ ၆၁ ကီလိုတန်းတွင် ကတ်ဆုရာ(ဂျပန်)က ဟာရှီမိုတို(ဂျပန်)ကို ပထမအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသည်။ အလားတူ ၉၇ ကီလိုတန်းတွင် ခရစ်ဗိုက်စ်(ဩစတြေးလျ)က ဒေါင်ဇင်ဝူး(ထိုင်ဝမ်)ကို ပထမအချီမှာပင် အလဲထိုးအနိုင်ယူခဲ့သည်။ ၆၄ ကီလိုတန်းတွင် ထွန်းလွင်မိုး(မြန်မာ)နှင့် ချန်ဝှမ်းဟောင်(တောင်ကိုရီးယား)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီတွင် အပြန်အလှန် ထိုးသတ်မှုများကြောင့် ပရိသတ်များ နှစ်ခြိုက်ခဲ့ကြပြီး ဒုတိယအချီတွင် ချန်ဝှမ်းဟောင် လက်ခုံရိုးကျိုးကာ ဆက်လက်မယှဉ်ပြိုင်နိုင်၍ ထွန်းလွင်မိုး အနိုင်ရခဲ့သည်။

၆၇ ကီလိုတန်းတွင် ဒိုင်ခိခနဲကို(ဂျပန်)နှင့် ကြယ်စင်ဖြိုး(မြန်မာ)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပွဲစသည်နှင့် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ရင်းမှ ကြယ်စင်ဖြိုး(မြန်မာ) ပထမအချီ၌ အနားတောင်းခဲ့ရပြီး ဒုတိယအချီတွင် ခနဲကို၏ အားပါသော လက်သီးတွဲလုံးများကြောင့် ကြယ်စင်ဖြိုး အလဲထိုးခံလိုက်ရသည်။

၇၅ ကီလိုတန်းတွင် အိုခူဒါ(ဂျပန်)က အောင်ပိုင်(မြန်မာ)ကို ပွဲစသည်နှင့် တရစပ် တိုက်စစ်ဆင်၍ အောင်ပိုင် ကြမ်းပြင်ပေါ်သို့ မကြာခဏ လဲကျခဲ့သော်လည်း အိုခူဒါ အကျွံတွင် အောင်ပိုင်၏ ပါဝါပါသော ဝိုက်လက်သီးကြောင့် အိုခူဒါ အနားတောင်းရသည်။ ထို့နောက် ပြန်လည်ထိုးသတ်ချိန်တွင် အောင်ပိုင်၏ ပါဝါဖြောင့်လက်သီးတစ်ချက် အိုခူဒါမျက်နှာထိခဲ့၍ အောင်ပိုင်က အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

### ခွန်အားတစ်ရပ်

အဆိုပါ (၈)ကြိမ်မြောက် လက်ဝှေ့ပြိုင်ပွဲ၏ ပွဲစဉ်များကို Dream Vision ကုမ္ပဏီက လာရောက်ရိုက်ကူးခဲ့ပြီး မြန်မာနိုင်ငံတွင် Sky Net MNTV ရုပ်သံမှ ဇူလိုင် ၇ ရက် ည ၇ နာရီ ၂၀ မိနစ်က ပြန်လည်ထုတ်လွှင့်ပြသခဲ့သည်။ ထို့အပြင် မြန်မာ့ရိုးရာလက်ဝှေ့ကို မြှင့်တင်ရန်အတွက် 'တိုကျိုမြို့မှ လက်ခမောင်းသံ' အမည်ရှိ ရုပ်သံစီးရီးကို မြန်မာလက်ဝှေ့ကျော်များ၏ ဘဝပုံရိပ်များဖြင့် ရိုက်ကူးနေပြီး ဇူလိုင်မှစ၍ MNTV မှ လစဉ်ပြသသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများကို ပြည်တွင်းပြည်ပတွင် စီစဉ်နေသူ မြန်မာမီဒီယာဂရု(ပ်)၏ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက "နှစ်နှစ်အတွင်းမှာ ဂျပန်ကစားသမားတွေ တိုးတက်လာပုံကတော့ အံ့မခန်းပါပဲ၊ ကျွန်တော်တို့ ရိုးရာလက်ဝှေ့သမားတွေ သူတို့လို နည်းစနစ်ကျကျ ပြင်းပြင်းထန်ထန်လေ့ကျင့်မှုနဲ့ ထိုးသတ်နေတဲ့ပွဲအတွင်းမှာ တစ်ဖက်သားရဲ့ ထိုးကွက်ကိုကြည့်ပြီး နည်းဗျူဟာကျကျ ပြောင်းလဲမထိုးနိုင်ရင် ရေရှည်မှာ နိုင်ငံခြားသားတွေကပဲ မြန်မာ့ရိုးရာလက်ဝှေ့ကို ကြီးစိုးသွားပါလိမ့်မယ်၊ အခုဆိုရင် အပြည်ပြည်ဆိုင်ရာ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်(ဥရောပ)ကိုလည်း ဖွဲ့စည်းပြီးဖြစ်သလို ၂၀၁၈ အောက်တိုဘာမှာ ဥရောပမြေပေါ်မှာ ပထမဆုံး မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဆိုက်ပရပ်စ်နိုင်ငံမှာ ကျင်းပဖို့ ကျွန်တော်တို့နဲ့ အဖွဲ့ချုပ်တွေ ပူးပေါင်းစီစဉ်နေပါတယ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က မြန်မာ့ရိုးရာလက်ဝှေ့ပြန့်ပွားဖို့ ကူညီဆောင်ရွက်မယ်လို့ ပြောတဲ့အတွက် အခုလို မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာသို့ပြန့်ပွားဖို့ လုပ်ဆောင်ရတာ ခွန်အားတစ်ရပ်ဖြစ်စေပါတယ်"ဟု ပြောကြားသည်။

### ဆက်လက်ကျင်းပမည့်ပွဲများ

ပြီးခဲ့သည့် (၈)ကြိမ်မြောက် ဂျပန်နိုင်ငံပြိုင်ပွဲတွင် လက်မှတ်များ ပြိုင်ပွဲမတိုင်မီ တစ်ရက်ကပင် ရောင်းကုန်ခဲ့ပြီး ခုံမဲ့လက်မှတ်များ ရောင်းချခဲ့ရသည်အထိ ပရိသတ်အားပေးမှု များပြားခဲ့ကြောင်း သိရသည်။ ထို့အပြင် Miss Grand Japan 2018 ၏ ဆန်ခါတင် လှပျိုဖြူ ၁၄ ဦးကလည်း Round Girls များအဖြစ် ပါဝင်ကူညီခဲ့ကြသည်။ ပွဲသို့ လာရောက်အားပေးသူ အများစုမှာ ဂျပန်လူမျိုးများဖြစ်ပြီး ဂျပန်နိုင်ငံရှိ အခြားကိုယ်ခံပညာ အားကစားသမားများလည်း လာရောက်အားပေးခဲ့သည်။ ထို့အပြင် အစီအစဉ်တင်ဆက်သူအဖြစ် ဂျပန် တိုက်ခိုက်ရေးလောကတွင် နာမည်အကြီးဆုံးဖြစ်သော ဟီကာရှိရှူဟီအီက ပါဝင်ဆောင်ရွက်ပေးခဲ့သည်။

ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာမှ စတင်ကျင်းပခဲ့ရာ ယခုအခါ ရှစ်ကြိမ်အထိ အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်သလို (၉)ကြိမ်မြောက်ကို စက်တင်ဘာ ၁၃ ရက်တွင်လည်းကောင်း၊ (၁၀)ကြိမ်မြောက်ကို နိုဝင်ဘာ ၁၄ ရက်တွင်လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ထို့အပြင် ၂၀၁၉ ခုနှစ်၏ အဖွင့်ပွဲစဉ်ကိုလည်း အိုဆာကာမြို့၌ ဖေဖော်ဝါရီလအတွင်း ဆက်လက်ကျင်းပသွားဦးမည်ဖြစ်သည်။

မြန်မာ့လက်ဝှေ့ကို ကမ္ဘာသို့ ထိုးဖောက်ပျံ့နှံ့နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ စတင်အခြေပြုခဲ့သည့် ပြိုင်ပွဲများတွင် ဂျပန်နိုင်ငံမှ လက်ဝှေ့သမားများက တစ်နှစ်ထက်တစ်နှစ် တစ်ကြိမ်ထက်တစ်ကြိမ် တိုး၍ အစွမ်းပြလာလျက်ရှိရာ ဆက်လက်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများတွင်လည်း ဂျပန်ကစားသမားများက ဦးဆောင်သွားတော့မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်ပါကြောင်း။ ။

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစရိတ်ချေးငွေများကို ဇူလိုင်လကုန်တွင် အပြီးထုတ်ချေးပေးရန် ညွှန်ကြားထား

**မန္တလေး ဇူလိုင် ၈**

ယခုဘဏ္ဍာနှစ်အတွက် မိုးရာသီ စိုက်စရိတ်ချေးငွေများကို ယခု ဇူလိုင်လကုန်တွင် အပြီးထုတ်ချေးပေးရန် ညွှန်ကြားထားကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယခင်က မိုးရာသီ စိုက်စရိတ်များကို မေလမှ စက်တင်ဘာလအထိ အချိန်ယူကာ ထုတ်ချေးပေးလေ့ရှိပြီး ယခုနှစ်တွင် ချေးငွေများကို စိုက်ပျိုးချိန်အမီ ဇွန်လကုန်အပြီး တောင်သူများလက်ထဲအရောက် ထုတ်ချေးပေးရန် ညွှန်ကြားထားခဲ့သော်လည်း ဝန်ထမ်းအင်အားအခက်အခဲကြောင့် ဇူလိုင်လအထိ နောက်ထပ်တစ်လထပ်တိုး ပေးရန် တောင်းခံခဲ့ရကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစုက ပြောသည်။

တောင်သူတွေဆီ ချေးငွေမြန်မြန်ရောက်အောင် ထုတ်ချေးပေးဖို့အတွက် သမ္မတကြီးကလည်း မိန့်ခွန်းမှာပြောသွားတယ်၊ အဲဒီအတွက် လယ်ယာဖွံ့ဖြိုးရေးဘဏ်က ဝန်ထမ်းတွေက နေ့ရော၊ ညရော အလုပ်ဆင်းပေးရတယ်၊ မနက် ၈ နာရီ လာရတယ်၊ ည ၉ နာရီလောက်မှ ပြန်ရတယ်၊ ဒါပေမယ့် ဝန်ထမ်းအင်အားနည်းတဲ့အတွက် လုပ်ရတာမပြီးသေးဘူး၊ အတတ်နိုင်ဆုံး ရှိတဲ့ဝန်ထမ်းတွေလည်း ညွှန်ကြားချက်အတိုင်း ဇွန်လအတွင်း ပြီးအောင်လုပ်ပေမယ့် မပြီးခဲ့ဘူး၊ အဲဒါကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်ကတစ်ဆင့်တင်ပြီး နောက်တစ်လထိခွင့်ပြုပေးဖို့ တောင်းခံခဲ့တာ၊ ခွင့်ပြုပေးလို့ ဒီလကုန်အပြီး ထုတ်ချေးပေးမှာပါ”ဟု ဦးစုက ရှင်းပြသည်။

တောင်သူများကို စိုက်စရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ယခင်က လယ်ယာမြေမှတ်ပုံတင် ပုံစံ(၇) မိတ္တူများကိုသာ ဘဏ်တွင်အပ်၍ ထုတ်ချေးခွင့်ရခဲ့သော်လည်း ယခုနှစ်တွင် ပုံစံ(၇)မူရင်းကို မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အပ်နှံကာ ထုတ်ချေးရမည် ဖြစ်သည်။ ယင်းကဲ့သို့ ပုံစံ(၇)များကို စိစစ်ထိန်းသိမ်း လုပ်ဆောင်ရသည့်အတွက် ချေးငွေလုပ်ငန်းများ ဆောင်ရွက်ရာတွင် ညွှန်ကြားထားချိန်အတွင်း မပြီးစီးနိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

“ပုံစံ(၇) မူရင်းကို ယူထားရတယ်ဆိုတော့ တာဝန်ကြီးလာပြီ၊ ပိုပြီးဂရုစိုက်ရတော့ အချိန်က ညွှန်ကြားထားချိန်အတွင်း မပြီးဘူး၊ အဲဒါကို မန္တလေးတိုင်းဒေသကြီးဝန်ကြီး ချုပ်ဆီကို ဒီကအခြေအနေတွေ တင်ပြခဲ့တယ်၊ ဝန်ကြီးချုပ်ကလည်း အထက်ကို နောက်ထပ်တစ်လပေးဖို့ စာတင်တောင်းဆိုခဲ့တယ်၊ အထက်ကလည်း ခွင့်ပြုပေးတဲ့အတွက် ခုလအပြီး ထုတ်ချေးပေးနိုင်ဖို့လုပ်နေပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

ယခုနှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများကို မိုးရာသီ စိုက်စရိတ်ချေးငွေများ ထုတ်ချေးပေးရန် ကနဦးခွင့်ပြုငွေ ကျပ်သန်းပေါင်း ၈၅၀၀ ကျော်ကို ခွင့်ပြုပေးထားပြီး ယခု နောက်ဆုံးခွင့်ပြုငွေအဖြစ် ကျပ်သန်းပေါင်း ၁၄၀၀ ကျော်ကို ထုတ်ချေးပေးရန် ထပ်တိုးခွင့်ပြုပေးထားကြောင်း သိရသည်။ ချေးငွေ ထုတ်ပေးပြီးစီးမှုမှာ ပြီးခဲ့သည့် ဇွန် ၂၉ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံသို့ ကျပ်သန်းပေါင်း ၄၉၀၀ ကျော် ထုတ်ချေးထားပြီဖြစ်ကြောင်း သိရသည်။

**ညဏ်ထက်**(AMIA)

# ဝက်လက်မြို့နယ်မှ ရေနစ်မြုပ်လယ်မြေများကို အချိန်မီ ပြန်လည်ထွန်ယက် စိုက်ပျိုးမည်

**ရေဦး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဇွန်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး လယ်ယာမြေ ဧက ၄၀၀၀ ကျော်သို့ ရေဝင်၍ နွေသီးနှံများ နစ်မြုပ်ပျက်စီးခဲ့ရာ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



ဝက်လက်မြို့နယ်အတွင်းမှ ပျက်စီးလယ်မြေများတွင် ထွန်ယက်ပေးမည့် ရေဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၂၁)စက်မှုလယ်ယာ စခန်းမှ လယ်ထွန်စက်များ ကြွခိုင်မှုရှိ၊ မရှိကို တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးခင်မောင်ဇင်က ဇူလိုင် ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ ယာဉ်မောင်းများအား အားပေးစကားပြောကြားခဲ့သည်။

မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူး ဦးမောင်မောင်လွင်ကလည်း ဝန်ထမ်းများအနေဖြင့် တောင်သူလယ်သမားများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ထွန်ယက်စိုက်ပျိုးပြီးသည်အထိ အခကြေးငွေမယူဘဲစေတနာအပြည့်အဝထား၍ လုပ်ကိုင်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။ ထို့နောက် ရေဦးမြို့နယ် အမှတ်(၂၁)စက်မှုလယ်ယာစခန်းမှ ဒုဦးစီးမှူး ဦးဇော်မျိုးထက် ဦးဆောင်သော ထွန်ယက်ရေးလုပ်ငန်းအဖွဲ့သည် ထွန်စက် ၁၀ စီးနှင့်အတူ ဝက်လက်မြို့နယ်သို့ သွားရောက်ကူညီလုပ်ကိုင်ပေးရန် ထွက်ခွာသွားခဲ့သည်။

ဝက်လက်မြို့နယ်မှ ရေနစ်မြုပ်ခဲ့သော လယ်ယာမြေများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်များမှ လယ်ထွန်စက် အစီး ၆၀ က လူအား၊ စက်အားအပြည့်အဝဖြင့် ကူညီလုပ်ကိုင်ပေးမည်ဖြစ်သလို ထွန်ယက်ရေးအတွက် လိုအပ်ပါက လယ်ထွန်စက်များ ထပ်မံစေလွှတ်နိုင်ရန် စီစဉ်ထားရှိကြောင်းလည်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ဓာတုဆေးဝါးမသုံးဘဲ သဘာဝအတိုင်းစိုက်ပါက လျှော်ဖြူတစ်ပိဿာ ကျပ်လေးသိန်းကျော်ရရှိနိုင်

**ပခုက္ကူ ဇူလိုင် ၈**

လျှော်ဖြူစတင်စိုက်ပျိုးချိန်မှစ၍ ပိုးသတ်ဆေးများ၊ ဓာတုမြေသြဇာများမသုံးဘဲ သဘာဝနည်းအတိုင်း သဘာဝမြေသြဇာသုံး၍ အော်ဂဲနစ်စစ်စစ်ဖြစ်အောင် စိုက်ပျိုးနိုင်ပါက ဂျပန်ဈေးကွက်၌ လျှော်ဖြူတစ်ပိဿာလျှင် ငွေကျပ်လေးသိန်းကျော်အထိ ရရှိနိုင်ကြောင်း လျှော်ဖြူ ဧကပေါင်း ၅၀၀ ခန့် စိုက်ပျိုးနေသော ပခုက္ကူမြို့မှ လုပ်ငန်းရှင် ကိုလပြည့်ထံမှ သိရသည်။

“ဂျပန်ဈေးကွက်က ကျွန်တော်တို့ဘက်အနေအထားနဲ့ဆိုရင် ခြောက်ဆတစ်ဆလောက် ကွာတယ်၊ ကျွန်တော်တို့ဆီမှာ တစ်ပိဿာ ခုနစ်သောင်းဆိုရင် သူတို့ဆီမှာ တစ်ပိဿာ လေးသိန်းကျော်၊ ငါးသိန်းဝန်းကျင်လောက် ဈေးပေါက်တယ်၊ မြန်မာ့လျှော်ဖြူကို သူတို့ တော်တော်စိတ်ဝင်စားပါတယ်၊ ဝယ်ချင်တယ်ဆိုပြီး ကမ်းလှမ်းခြင်းခံရပါတယ်၊ ကမ်းလှမ်းခြင်းခံရပေမယ့် သူတို့က ဓာတုလွတ်အော်ဂဲနစ်ကို အရမ်းကြိုက်ကြတယ်၊ ကျွန်တော်တို့ဘက်က ရောင်းမယ်ဆိုရင် ဓာတုလွတ်ဖြစ်အောင် ကြိုးစားဖို့တော့ လိုတာပေါ့”ဟု ဂျပန်နိုင်ငံ မြန်မာပွဲတော်တွင် လျှော်ဖြူပြခန်း သွားရောက်ပြသခဲ့သူ ကိုလပြည့်က ဆိုသည်။

“အပင်တွေမြန်မြန်ကြီးအောင် ဓာတုဗေဒဆေးတွေ အများကြီးသုံးမယ်၊ နှစ်တိုတိုနဲ့ မြန်မြန်ရောင်းရအောင် မြေသြဇာတွေ အများကြီးကျွေးမယ်ဆိုရင် ဒီပစ္စည်းကို သူတို့စစ်ကြည့်လိုက်တဲ့အခါ လုံးဝဝယ်မှာမဟုတ်ပါဘူး၊ အော်ဂဲနစ်မဟုတ်ရင် ဈေးကောင်းမရတဲ့ ဈေးကွက်ကိုပဲ ပို့လို့ရမှာပါ၊ စစိုက်ကတည်းက မြေတွင်းပိုးသတ်ဆေးကို သုံးမယ့်အစား ဆေးရွက်ကြီးအမှုန့်လို၊ တမာရွက် အမှုန့်လိုဟာမျိုး အခြောက်ခံပြီး သုံးတာတို့၊ မြေသြဇာကိုလည်း နိုင်ငံခြားကလာတဲ့ဆေးတွေ သုံးမယ့်အစား ပြည်တွင်းကထုတ်တဲ့ ငါးအမိုင်နိုတို့၊ ဝါးပေါင်းခံရည်တို့၊ အီးအမ်ဖျော်ရည်တို့ကို ကိုယ်တိုင်ဖျော်စပ်ပြီး သုံးတာမျိုး၊ ခတ်ကြွင်းမြေသြဇာတွေသုံးမယ့်အစား နွားချေး၊ ဆိတ်ချေး မြေသြဇာတွေသုံးတာမျိုး လုပ်သင့်ပါတယ်” ဟုလည်း ၎င်းက ဆက်လက်အကြံပြုသည်။



လာမည့် အောက်တိုဘာလအတွင်း၌ ဂျပန်နိုင်ငံသို့ အော်ဂဲနစ်လျှော်ဖြူတစ်တန် စတင်ပို့ဆောင်ရမည်ဖြစ်ရာ မကွေးတိုင်းဒေသကြီးအတွင်း သဘာဝနည်းအတိုင်း စိုက်ပျိုးထားသည့် ခြံများမှ ဝယ်ယူသွားရန်ရှိကြောင်း၊ လျှော်ဖြူစိုက်ပျိုး၍ တစ်နိုင်ငံလုံး ချမ်းသာနေသည့် မာလီနိုင်ငံဆိုသည်မှာ လက်တွေ့ရှိနေ၍ လျှော်ဖြူသီးသန့်စိုက်ပျိုးလျှင်ဖြစ်စေ၊ ပဲခင်း၊ နှမ်းခင်းများ၌ သီးညှပ်စိုက်လျှင်ဖြစ်စေ ဓာတုဆေးဝါးလွတ်ကင်းစွာ သဘာဝအတိုင်း စိုက်ပျိုးခြင်းဖြင့် ဈေးကွက်ကောင်းရရှိစေလိုကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

လျှော်ဖြူစိုက်နိုင်ငံအများစုမှထွက်ရှိသည့် လျှော်ဖြူမှာ စက်မှုကုန်ကြမ်းအတွက်သာ အသုံးပြုနိုင်ပြီး စားသုံး၍ရသည့်လျှော်ဖြူမှာ မြန်မာနိုင်ငံတစ်ခုတည်းမှသာ ထွက်ရှိနေသည့်အတွက် ဈေးကွက်တောင်းဆိုမှုများစွာရှိနိုင်ပြီး ဈေးကောင်းရသည့်နိုင်ငံသို့ရောင်းမည်ဆိုလျှင် အရေအတွက်ထက် အရည်အသွေးကို ပိုပြီးဦးစားပေးရန် လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ကယားပြည်နယ်၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး ဆွေးနွေး

**လွိုင်ကော် ဇူလိုင် ၈**

ရှမ်းပြည်နယ် ရွာငံမြို့နယ်တွင်အခြေစိုက်ပြီး ကော်ဖီကိုအဓိကထား၍ ကုန်ကြမ်း၊ ကုန်ချောထုတ်ကုန်များ၊ အခြားဝင်ငွေရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသော အောင်နေလင်းထွန်းကုမ္ပဏီက ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်တွင် ကော်ဖီနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့ ရှင်းလင်းတင်ပြ ဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အောင်နေလင်းထွန်းကုမ္ပဏီမှ တာဝန်ရှိသူက ညဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်းအမည်ဖြင့် ကော်ဖီနှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်၊ အိမ်နီးချင်းနိုင်ငံများဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များသို့ ထိုးဖောက်ရောင်းချနေမှု အခြေအနေ အသေးစိတ်ကို ရှင်းလင်းတင်ပြပြီးနောက် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်နှင့် ဖရူဆိုမြို့နယ်အတွင်း၌လည်း စီမံကိန်းကာလ ငါးနှစ်သတ်မှတ်ပြီး ပြည်သူများနှင့် အကျိုးတူ ဧက ၅၀၀၀၀ ခန့် စိုက်ပျိုးလိုကြောင်း တင်ပြဆွေးနွေးသည်။

ကယားပြည်နယ်အတွင်း စိုက်ပျိုးရာတွင် ကော်ဖီစိုက်ပျိုးရုံမျှမက ကုမ္ပဏီက နည်းပညာပေးခြင်း၊ သွင်းအားစုပေးခြင်း၊ ဈေးကွက်ရှာဖွေပေးခြင်းများကိုလည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထုတ်လုပ်ပြီး တင်ပို့ရောင်းချနိုင်သည်အထိ စက်ရုံများလည်း တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီမှာ သက်တမ်းသုံးနှစ်မှသာ စတင်ခူးဆွတ်နိုင်မည်ဖြစ်ရာ စိုက်ပျိုးသည့်တောင်သူများ ငွေကြေးခက်ခဲမှု မရှိစေရေးအတွက် ကြားညှပ်သီးနှံများစိုက်ပျိုးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဖရူဆိုမြို့နယ်မှ တောင်သူ ၁၂ ဦး ရောင်းချပေးသည့် အော်ဂဲနစ်ကော်ဖီ ပိဿာ ၃၀၀ ကို ကော်ဖီထုတ်လုပ်ပြီး ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ရာ ကြိုက်နှစ်သက်ကြောင်းနှင့် လက်ရှိအချိန် ရွာငံတွင်လည်းကောင်း၊ ဖယ်ခုံနယ် ပီကင်းကျေးရွာတွင်လည်းကောင်း အပင် ကိုးသိန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း တင်ပြခဲ့သည်။

ကုမ္ပဏီ၏ တင်ပြချက်များအရ ဒေသအခြေအနေနှင့်ကိုက်ညီကာ အောင်မြင်ဖြစ်ထွန်းမှုရှိနိုင်ပြီး ဒေသခံတောင်သူများအတွက် အခွင့်အလမ်းကောင်းများဖြစ်စေနိုင်သဖြင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ကြိုဆိုလက်ခံပါကြောင်းနှင့် တင်ပြချက်များနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချနိုင်သည်အထိ အစီအမံများဖြင့် ပြန်လည်တင်ပြရန် ဆွေးနွေးခဲ့သည်။

**စိုင်းညာဏ်လင်းထွန်း**

# ဘဲစာဈေးမြင့်၍ သထုံမှ ဘဲမွေးမြူသူများအခက်တွေ့နေ

**သထုံ ဇူလိုင် ၈**

ဘဲဥဈေးနှုန်းကောင်းနေသော်လည်း ဘဲစာဈေးနှုန်းများ မြင့်တက်နေသောကြောင့် ယခုနှစ်တွင် မွန်ပြည်နယ် သထုံမြို့နယ်အတွင်း တစ်နိုင်တစ်ပိုင် ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် တွက်ခြေမကိုက်ဘဲ အခက်တွေ့နေကြကြောင်း သိရသည်။

“ဘဲကို ဆန်ကွဲနဲ့ ပုစွန်ဖွဲ့ ကျွေးရတယ်၊ လက်ရှိအချိန်မှာ ဆန်ကွဲဈေးက တစ်အိတ်ကို ကျပ် ၇၀၀၀ လောက် တက်လာတယ်။ ဥဈေးကလည်း ထင်သလောက် တက်မလာဘူး။ ယိုးဒယားဘက်က ဘဲဥတွေက ဈေးကွက်ထဲ ဝင်နေတာရှိတယ်၊ သူတို့ဆီကဘဲဥက အလုံးလုံးပြီး ကြီးပေမယ့် ဒေသဘဲဥတွေလောက် ကြာကြာအထားမခံတော့ သိပ်မကြိုက်ကြဘူး၊ ဥဈေးကောင်းပေမယ့် အစာဈေးက ထိုးတက်နေတော့ အခက်အခဲဖြစ်ကြတယ်”ဟု ဥစားဘဲမွေးမြူရေးလုပ်ငန်းကို နှစ် ၂၀ ခန့်လုပ်ကိုင်လာသူ ဦးစိန်ဝင်းက ပြောသည်။

ယခင်နှစ်က ဆန်ကွဲတစ်အိတ်လျှင် ၁၄၀၀၀ ကျပ်၊ ပုစွန်ဖွဲ့ တစ်အိတ်လျှင် ၂၈၀၀၀ ကျပ်ခန့် ရှိခဲ့သော်လည်း ယခုနှစ်တွင် ဆန်ကွဲတစ်အိတ်လျှင် ၂၁၀၀၀ ကျပ်၊ ပုစွန်ဖွဲ့ တစ်အိတ်လျှင် ၂၇၅၀၀ ကျပ်ခန့်အထိ ဈေးများမြင့်တက်နေပြီး ဥဈေးမှာ ဥအကြီးအသေးအပေါ်မူတည်၍ခြံပေါက်ဈေး ၁၃၀ ကျပ်နှင့် ၁၃၅ ကျပ်ဝန်းကျင်ခန့်ရှိကာ လက်လီပြန်ရောင်းဈေးမှာ ၁၅၀ ကျပ်မှ ၁၆၀ ဝန်းကျင်ခန့်ရှိသည်။

သထုံမြို့နယ်တွင် ဥစားဘဲ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်သူ အရေအတွက် ၄၀ ခန့်ရှိပြီး သီတင်းကျွတ်လဆန်းပိုင်းမှ စတင်မွေးမြူကြကာ အများအားဖြင့် တစ်သုတ်လျှင် သုံးနှစ်ခန့်ကြာအောင် မွေးမြူကြကြောင်း၊ ဥစားဘဲများမှာ တစ်နှစ်ပတ်လုံး ဥလေ့ရှိပြီး လက်ရှိအချိန်တွင် ဥဈေးကောင်းသော်လည်း အစာဈေးမြင့်သည့်အပြင် အတောင်ကျွတ်ချိန် ဥနှုန်းကျသည့်ကာလလည်းဖြစ်ရာ မွေးမြူသူများအနေဖြင့် တွက်ခြေမကိုက်ဖြစ်နေကြခြင်းဖြစ်ကြောင်း ဥစားဘဲမွေးမြူသူများ၏ ပြောကြားချက်များအရ သိရသည်။

**သက်ဦး(သထုံ)**

## အောင်လံမြို့နယ်မှ လယ်မြေများအတွက် များစွာအကျိုးပြုလျက်ရှိသည့် ဘွက်ကြီးရေလှောင်တမံ

**မကွေး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်အတွင်းရှိ ဘွက်ကြီးရေလှောင်တမံသည် ဒေသခံတောင်သူများ၏ လယ်မြေများအတွက် နှစ်စဉ် မိုးစပါး၊ နွေစပါး စိုက်ပျိုးရေအပြင် ယာသီးနှံများအတွက်ပါ စိုက်ပျိုးရေ၊ အောင်ရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

အောင်လံမြို့နယ်အတွင်းရှိ လယ်မြေ ၆၉၆၆ ဧကကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဘွက်ကြီးချောင်းပေါ်တွင် အလျား ၄၆၂၀ ပေ၊ အမြင့် ၁၁၃ ပေနှင့် ကန်ရေပြည့် ရေလှောင်ပမာဏ ၇၃၁၉၀ ဧကပေ သိုလှောင်နိုင်သည့် မြေသားရေလှောင်တမံတစ်ခုဖြစ်သော ဘွက်ကြီးရေလှောင်တမံကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အောင်လံမြို့နယ် ဒါန်းဒေါင့်ကျေးရွာအနီးတွင်တည်ရှိပြီး တည်ဆောက်ရေး (၃) ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မကွေးမြို့က ၂၀၀၁-၂၀၀၂ ခုနှစ်တွင် စတင်တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်က ပြီးစီးခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက လွှဲပြောင်းလက်ခံ၍ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆည်ရေပေးဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

တည်ဆောက်ပြီးစီးသည့်နှစ်မှစ၍ မိုးရွာသွန်းမှုနှင့် ရေဝင်ရောက်မှုများသဖြင့် ကန်ရေပြည့်အထိ ရေသိုလှောင်နိုင်ခဲ့ပြီး ဘွက်ကြီးရေလှောင်တမံမှ နှစ်စဉ်ပျှမ်းမျှ မိုးစပါး ဧက ၅၀၀၀ အထိ စိုက်ပျိုးရေ၊ အောင်ရေပေးဝေနိုင်ခဲ့ကာ နွေစပါးအတွက် ကန်အတွင်း ရေလက်ကျန်ပေါ် မူတည်၍ နှစ်စဉ် ပျှမ်းမျှ ဧက ၂၀၀၀ အတွက် ဆည်ရေပေးဝေစိုက်ပျိုး နိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် စီစစ်ဧက ၆၉၆၆ ဧကအတွက် အပြည့်အဝ ဆည်ရေပေးဝေရန် သိုလှောင်ထားနိုင်သော်လည်း တောင်သူများ၏ သဘောဆန္ဒအရ စီးပွားရေးတွက်ချေကိုက်သည့် မိုးနှမ်း၊ နွေနှမ်း၊ ဖူးစားပြောင်း၊ ပဲကြီး၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ကြံစသည့် သီးနှံများကို အစားထိုးစိုက်ပျိုးကြသဖြင့် မိုးစပါး ၂၂၂၄ ဧကအတွက် ရေပေးဝေခဲ့ကာ ရေလက်ကျန်ပမာဏအရ နွေစပါး ၈၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နယ်မြေခံတပ်နယ်မှ တပ်မိသားစုဝင်များ၏ သောက်သုံးရေအတွက်လည်း နှစ်စဉ်ရေပေးဝေလျက်ရှိကြောင်းသိရသည်။

ဒေသခံတောင်သူများ၏ စီးပွားဖြစ် စိုက်ပျိုးဖြစ်ထွန်းလိုမှုနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုတို့၏ ရလဒ်အဖြစ် ဘွက်ကြီးရေလှောင်တမံအနေဖြင့် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်းလည်း သိရသည်။ **မောင်မွေး**



## စားသုံးသူယုံကြည်မှုရှိရန်အတွက် မြေပဲဆီကို FDA လက်မှတ်ယူ၍ ရောင်းချနိုင်ရန် စီစဉ်

**မန္တလေး ဇူလိုင် ၈**

ဈေးကွက်အတွင်း မြေပဲဆီဟုဆိုကာ ရောနှောဆီများကို ရောင်းချနေခြင်းကြောင့် ပြည်တွင်းစားသုံးသူများအနေဖြင့် တဖြည်းဖြည်း ယုံကြည်မှုကျဆင်းလာမှုများ ပပျောက်စေရန်အတွက် ဆေးဝါးနှင့် အစားအသောက်ကွပ်ကဲရေးဌာန(FDA) အသိအမှတ်ပြုလက်မှတ်ရရှိရန်အတွက် လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးခရိုင်ဆီစက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန်းလွင်က ပြောသည်။

"မန္တလေးခရိုင်အတွင်းမှာ အခုဆိုရင် ဆီစက်က ၁၀ စက်လောက်ပဲ လည်ပတ်နိုင်တယ်၊ အဲဒီဆီစက်တွေထဲကနေ အခုဆိုရင် ဆီစက်လေးစက်က FDA ထောက်ခံချက်လက်မှတ်ရရှိထားပြီးဖြစ်တယ်၊ ပြည်သူတွေအနေနဲ့ ပြည်တွင်းကထုတ်လုပ်တဲ့ ဆီတွေကို အရည်အသွေးကောင်းမွန်စွာနဲ့ ယုံယုံကြည်ကြည်စားသုံးနိုင်အောင် အခုလို လုပ်ဆောင်တာဖြစ်ပါတယ်"ဟု ၎င်းပြောသည်။

ဈေးကွက်အတွင်း၌ ပြည်ပနိုင်ငံများမှတင်သွင်းသော ပဲပုတ်ဆီ၊ နေကြာဆီ၊ သီးနှံဆီစသည့်ဖြင့် အမျိုးအစားမျိုးစုံဝင်ရောက်နေပြီး ထိုဆီများမှာ အသိအမှတ်ပြုလက်မှတ်များနှင့် ထောက်ခံချက်အမှတ်တံဆိပ်များပါဝင်သလို ဈေးနှုန်းအားဖြင့်လည်း သင့်တင့်ခြင်းကြောင့် ထိုဆီများကို ဝယ်ယူစားသုံးမှုမြင့်တက်လာပြီး အရည်အသွေးအာမခံချက်ပြည့်ဝသည့် ပြည်တွင်းဆီများကို ထုတ်လုပ်ရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ပကတင်သွင်းလာတဲ့ဆီတွေက သူတို့ဆီက ထောက်ခံချက်တွေပဲရှိတာ၊ ဒီမှာ ဓာတ်ခွဲစမ်းသပ်မှုမှ လုပ်ထားတာမျိုးမရှိပေမယ့် ကြော်ငြာအားကောင်းကောင်းနဲ့ ဖြန့်ချိတာဆိုတော့ ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှ မယှဉ်ပြိုင်နိုင်ဘူး"ဟု ဆီစက် ပိုင်ရှင်တစ်ဦးက ပြောသည်။ လက်ရှိတွင် ဈေးကွက်အတွင်း မြေပဲဆီရောင်းချရမှုကို ထိခိုက်လာသဖြင့် ပြည်တွင်းမြေပဲဆီကြိတ်သည့်စက်များက မြေပဲဆန်များကို ဈေးချဝယ်ယူမှသာ အဆင်ပြေနိုင်တော့မည်ဖြစ်ကြောင်းနှင့် ဈေးချဝယ်ယူလျှင်လည်း တောင်သူများအနေဖြင့် အဆင်မပြေသည့်အခြေအနေမျိုးကို ကြုံတွေ့လာမည်ဖြစ်ကြောင်း သိရသည်။



၁၉၈၉ ခုနှစ်မှ စတင်ပေါ်ပေါက်လာသော ဆီစက်လုပ်ငန်းများမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဆီစက်ပေါင်း ၃၀၀၀ ကျော်အထိ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်ပမှဝင်သောဆီများကြောင့် ယခုအခါ ၁၀ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ပြီး ထိုဆီစက်များမှာလည်း ဆက်လက်ရပ်တည်ရန် အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

**မောင်သွင်(မန္တလေး)**

## မကွေးတိုင်းဒေသကြီးအတွင်း ဓာတုကင်းလွတ်သီးနှံများကို သီးသန့်ရောင်းနိုင်ရန် တောင်သူများလိုလား

**မကွေး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှင့် ကျေးရွာအချို့တွင် နှမ်း၊ ပဲနှင့် စပါး စသည်တို့ကို ဓာတုကင်းလွတ် အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် သီးနှံများကိုရောင်းချရာတွင် အော်ဂဲနစ်သီးနှံဈေးကွက် သီးသန့်မရှိသောကြောင့် သီးသန့်ဈေးကွက်တစ်ခု ပေါ်ပေါက်လာစေရန် တောင်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

"ဓာတုဓာတ်ကြွင်းတွေ ကင်းလွတ်အောင်လို့ အော်ဂဲနစ်နည်းပညာနဲ့စိုက်ပျိုးထားတဲ့ သီးနှံတွေအတွက် ဈေးကွက်မရှိဘူး၊ မြေဩဇာသုံးတဲ့ သီးနှံတွေအတိုင်းပဲ ဈေးရတယ်၊ ဈေးကွက်မရှိတော့ တောင်သူတွေအတွက် အခက်အခဲတွေ့ရတယ်"ဟု မကွေးမြို့နယ် မကြီးကန်ကျေးရွာမှ ဓာတုကင်းလွတ်သီးနှံများစိုက်ပျိုးသူ တောင်သူ ဦးဝင်းနိုင်က ပြောသည်။

ရေစကြိုမြို့နယ်မှ ဓာတုကင်းလွတ်သီးနှံစိုက်တောင်သူ ဦးဝင်းရွှေကလည်း "ကျွန်တော်တို့က အော်ဂဲနစ်စနစ်နဲ့ ဓာတုကင်းလွတ်စိုက်ပျိုးထားတဲ့ သီးနှံတွေအတွက် သီးသန့် ဈေးမရဘူး၊ ဓာတုမကင်းလွတ်တဲ့ ဓာတုဆေးသုံးထားတဲ့ သီးနှံတွေနဲ့ အတူတူရောင်းနေရတယ်၊ ဘယ်ပွဲရုံကမှလည်း ဓာတုကင်းလွတ်တယ်ဆိုပြီးတော့ ဈေးပိုမပေးဘူး၊ ကျွန်တော်တို့ကျတော့ ဓာတုကင်းလွတ် အော်ဂဲနစ်စစ်စစ် စိုက်ရတော့ တခြားဓာတု မကင်းတဲ့ သီးနှံတွေထက် အထွက်နှုန်း အထိုက်အလျောက် လျော့တာမျိုးတွေ ရှိတာ ပေါ့၊ နိုင်ငံခြားမှာ ဓာတုကင်းလွတ်သီးနှံတွေဆိုရင် ဈေးကောင်းရနေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာတော့ အော်ဂဲနစ်စစ်စစ် ဓာတုကင်းလွတ်သီးနှံတွေ ဈေးကွက်သီးသန့် မရှိဖြစ်နေတော့ ဓာတုကင်းလွတ် အော်ဂဲနစ်သီးနှံကို ဈေးသီးသန့်ပေးဝယ်မယ့် အဖွဲ့အစည်းလေး ထားပေးစေချင်တယ်ဟု ပြောသည်။

ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ၊ မြေဩဇာများကို အသုံးပြုစိုက်ပျိုးထားသောသီးနှံများကို စားသုံးခြင်းကြောင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေရုံသာမက စိုက်ပျိုးသောတောင်သူများ၏ စိုက်ခင်းများတွင်လည်း မြေဆီလွှာများ ထိခိုက်ပျက်စီးစေပြီး ရေရှည်တွင် သီးနှံများအထွက်လျော့စေသည်ဟု သိရသည်။ ထို့ကြောင့် အော်ဂဲနစ် နည်းပညာဖြင့် သီးနှံများစိုက်ပျိုးနိုင်ရေးကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကလည်း အားပေးလျက်ရှိသည်ဟုသိရသည်။

"အော်ဂဲနစ်နည်းပညာနဲ့စိုက်ပျိုးကြတဲ့ တောင်သူက နည်းနေသေးတယ်၊ အော်ဂဲနစ်" နည်းပညာနဲ့ စိုက်တဲ့တောင်သူတွေကို အားပေးပါတယ် တောင်သူတွေက စိတ်ဝင်တစားလုပ်နိုင်ရင် အားပေးပြီးတော့ လိုအပ်တဲ့အချက်တွေရှိရင် ထောက်ပြပြုပြင်ပေးပါတယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။ အော်ဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးနည်းများကို NGO အဖွဲ့အစည်းအချို့က တောင်သူများအား ပညာပေးသင်ကြားပေးလျက်ရှိသကဲ့သို့ OISCA ဂျပန်စိုက်ပျိုးရေးသင်တန်းကျောင်းကလည်း ကျေးရွာများအရောက် လက်တွေ့သင်ကြားပေးမှုများရှိနေပြီး တောင်သူများအနေဖြင့်လည်း အော်ဂဲနစ်နည်းပညာဖြင့် ဓာတုကင်းလွတ်သီးနှံများကို စိတ်ဝင်တစား စိုက်ပျိုးလိုကြသော်လည်း ဈေးကောင်းရနိုင်သော သီးသန့်ဈေးကွက်မရှိသေးသဖြင့် ဓာတုကင်းလွတ်သီးနှံ သီးသန့်ဈေးကွက်ကို တောင်သူများလိုလားလျက်ရှိကြောင်း သိရသည်။ **အိမ့်နွန်ဆွေ(ရေစကြို)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ

(ဇူလိုင် ၂ ရက်မှ ၆ ရက်အထိ)

**ဆန်၊ စပါးဈေးတက်နေ**

ပုသိမ်ဈေးကွက်မှာ တစ်လနီးပါးငြိမ်နေတဲ့ စပါးဈေးရော၊ ဆန်ဈေးရော ဇွန်လနောက်ဆုံးပတ်မှာစပြီး ဈေးတက်လာခဲ့ပါတယ်။ ပထမတန်းစား စပါးထက် ဒုတိယတန်းစားစပါးကို အဝယ်များလာပြီး ပြည်ပတင်ပို့မှုကလည်း မြင့်နေတဲ့အတွက် ဈေးတွေကလည်း ဆက်ပြီးတက်နေပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်ကိုလည်း အဝင်နည်းပြီး အရောင်းအဝယ်သွက်တဲ့အတွက် ရန်ကုန်ဈေးကွက်မှာလည်း ဈေးတက်နေပါတယ်။

ဒီတစ်ပတ် ပုသိမ်ဈေးကွက်မှာတော့ ပထမတန်းစားစပါးက ဈေးငြိမ်နေပြီး ဒုတိယတန်းစားစပါးကတော့ ဈေးတက်လာပါတယ်။ ဒုတိယတန်းစား ရွှေသွယ်လေးစပါး တင်း ၁၀၀ ကို ၈၀၉၀၀၀ ကျော် ပေါက်ဈေးရှိပြီး ကျပ် ၁၂၀၀၀ ကျော် ဈေးတက်လာပါတယ်။ ရောမင်းစပါးကလည်း ကျပ် ၇၈၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး ကျပ်ငါးသောင်း ဈေးတက်လာသလို မီးကောက်က ကျပ် ၆၉၀၀၀၀ ရှိပြီး ၃၀၀၀၀ ကျော် ဈေးတက်လာပါတယ်။ မနောသုခက ကျပ် ၆၄၄၀၀၀၊ သီးထပ်ရင်က ကျပ် ၅၈၀၀၀၀ ကျော်နဲ့ ဈေးငြိမ်နေပါတယ်။

ဆန်ဈေးကလည်း တစ်အိတ်ကို ကျပ် ၅၀၀ ကနေ ၁၀၀၀ နီးပါး ဈေးတက်လာခဲ့ပါတယ်။ ရွှေသွယ်လေးနဲ့ ရောမင်းက တစ်တင်းခွဲ တစ်အိတ်ကို ကျပ် ၃၃၀၀၀၊ မနောသုခက တစ်အိတ်ကို ၂၆၀၀၀၊ မီးကောက်က ၂၉၀၀၀ နဲ့ သီးထပ်ရင်ကတော့ ၂၃၅၀၀ ဈေးရှိပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ဆန်ချောရော ဆန်ကြမ်းပါ ဈေးတက်နေပါတယ်။ ဆန်ချောတွေက တစ်တင်းခွဲတစ်အိတ်မှာ ကျပ် နှစ်ထောင်ခန့် ဈေးပိုတက်လာခဲ့ပြီး ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထက တစ်အိတ်ကို ကျပ် ၂၀၀၊ ငစိန်ဆန်က ကျပ် ၅၀၀၊ မြီးဒုံးက ကျပ်နှစ်ထောင်ခန့် အသီးသီး ဈေးတက်လာပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ တစ်လအတွင်းကြည့်မယ်ဆိုရင် ဆန်ချောတွေက တစ်အိတ်ကို ကျပ် ၅၀၀၀ အထိ အမြင့်ဆုံးဈေးတက်ခဲ့ပြီး ဆန်ကြမ်းတွေကလည်း တစ်အိတ်ကို ၂၀၀၀ ကနေ ၃၀၀၀ကြား ဈေးတက်လာသလို ဆက်ပြီး ဈေးတက်နိုင်ခြေရှိတယ်လို့လည်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။

**မတ်ပဲ (FAQ/RC) ရန်ကုန်တွင် အတက်ပြ**

မတ်ပဲကတော့ လက်ရှိမှာ ဈေးအနည်းငယ်ပြန်တက်လာတဲ့ အခြေအနေပါ။ ဈေးကွက်အတွင်း အနည်းငယ် ပြန်အဝယ်လိုက်နေပြီး အရည်အသွေးကောင်းရင် ဈေးအနည်းငယ်ပိုရကာ အရည်အသွေးမကောင်းရင် အနိမ့်ဈေးပဲ ရရှိနေပါတယ်။ အိန္ဒိယနိုင်ငံကိုလည်း နေ့စဉ်ပုံမှန် တင်ပို့နေပေမယ့် ပြည်တွင်းဝယ်လက်က အေးနေတဲ့အတွက် ဈေးက ကျဆင်းနေခဲ့ပါတယ်။

မတ်ပဲဈေးက ရန်ကုန်ဈေးကွက်မှာသာ အနည်းငယ်တက်ခဲ့ပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ ဈေးကျဆင်းသွားခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၃၀၀၀ ရှိပြီး ၁၅၀၀ ကျပ် ဈေးကျပါတယ်။ ပြည်ကုန်စည်ဒိုင်မှာ ၁၄၅၀၀ ကျပ်နဲ့ ကျပ် ၃၀၀ ဈေးကျပြီး နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၄၀၀၀ နဲ့ ကျပ် ၂၀၀၀ ခန့် ဈေးကျသွားပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာတော့ တစ်တန်ကို ကျပ် ၄၅၀၀၀၀ ကျော် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တစ်တန်ကို ၂၀၀၀၀ နီးပါး ဈေးတက်ခဲ့ပါတယ်။ မန္တလေးကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၃၀၀၀ ကနေ ၁၆၀၀၀ ရှိပါတယ်။

**ပဲစင်းငုံနီ နယ်ကုန်စည်ဒိုင်တွေ အဝယ်နည်း**

ပဲစင်းငုံနီကတော့ ရန်ကုန်ဈေးကွက်မှာ အတက်အကျ အပြောင်းအလဲများနေပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာ အဝယ်နည်းလို့ ဈေးကျဆင်းသွားခဲ့ပါတယ်။ လှောင်သူတွေကလည်း လက်ရှိ ပြည်ပပို့ကုန်အခြေအနေကို စောင့်ကြည့်နေကြပြီး တောင်သူတွေကလည်း အတက်ဈေးကို စောင့်နေသေးတဲ့အတွက် ဈေးကွက်အတွင်း အရောင်းအဝယ်ငြိမ်နေပြီး ဈေးလည်းငြိမ်နေပါတယ်။

ပဲစင်းငုံနီ တစ်တင်းကို မုံရွာကုန်စည်ဒိုင်မှာ ၁၂၅၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ ၁၂၈၀၀ ကျပ်၊ ပခုက္ကူကုန်စည်ဒိုင်မှာ ၁၄၄၀၀ ကျပ်ရှိပြီး တစ်တင်းမှာ ကျပ် ၇၀၀ မှ ၁၄၀၀ အထိ အသီးသီး ဈေးကျသွားခဲ့ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၄၉၀၀၀၀ နဲ့ ဈေးအမြင့်ဆုံးရရှိနေပြီး အတက်အကျကြမ်းသလို တစ်ချို့ရက်တွေမှာ အရောင်းအဝယ်မရှိပါဘူး။ ကုန်သည်တွေကတော့ ပဲစင်းငုံနီဈေးဟာ ဆက်ပြီးကျဆင်းနိုင်ဖွယ်ရှိတယ်လို့ သုံးသပ်ထားပါတယ်။ ဩဂုတ်လအတွင်း အိန္ဒိယနိုင်ငံကို အပြီးတင်ပို့ရမှာဖြစ်တဲ့အတွက် ဈေးက စောင့်ကြည့်ရမယ့်အခြေအနေလည်း ဖြစ်ပါတယ်။

**ကြက်သွန်ဖြူဈေးကျဆင်းနေ**

ပြည်တွင်း ကြက်သွန်ဖြူ(တောင်ကြီး၊ အောင်ပန်း)ကလည်း ကြက်သွန်နီနည်းတူ ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် ဈေးက ထက်ဝက်ကျော် ကျဆင်းခဲ့ပါတယ်။ တရုတ်ကနေ အဓိကတင်သွင်းတဲ့ ကြက်သွန်ဖြူ(ကြူကုတ်)ကတော့ လက်ရှိမှာ ဈေးကျနေပေမယ့် ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် အများကြီးကွာဟမှုမရှိပါဘူး။ ပြည်ပကနေတင်သွင်းတဲ့ ကြက်သွန်ဖြူ(ကြူကုတ်)ကို စားသုံးမှုများပြားတဲ့အတွက် ပြည်တွင်း ကြက်သွန်တွေ မထင်မှတ်လောက်အောင် ဈေးကျသွားခဲ့တာလို့လည်း ကုန်သည်တွေက သုံးသပ်ပါတယ်။ လက်ရှိမှာ တရုတ်နိုင်ငံက ကြက်သွန်ဖြူ(ကြူကုတ်)ကို ဈေးသက်သာစွာနဲ့ တင်သွင်းနေတဲ့အတွက် ပြည်တွင်းမှာ ဈေးသက်သာနေပြီး ပြည်တွင်းကြက်သွန်က ဈေးပိုများနေတဲ့အခြေအနေလည်း ဖြစ်ပါတယ်။ ပြည်တွင်းကြက်သွန်ဖြူ က တစ်ပိဿာကို အနိမ့်ဆုံးဈေး ကျပ် ၁၀၀၀ ကနေ အမြင့်ဆုံး ၁၅၀၀ အထိ ရှိနေပေမယ့် ကြူကုတ်ကတော့ တစ်ပိဿာကို အနိမ့်ဆုံးဈေး ကျပ် ၉၀၀ ကနေ အမြင့်ဆုံးဈေး ၁၁၀၀ သာ ရှိပါတယ်။

**နှမ်းရောင်စုံအချို့ဈေးကျ**

ဒီတစ်ပတ်မှာတော့ နှမ်းရောင်စုံတွေထဲက နှမ်းနက်က ဈေးပြန်ကျဆင်းသွားခဲ့ပါတယ်။ နှမ်းနီကတော့ ဆီစက်တွေက ပြန်လည်အဝယ်များလာတဲ့အတွက် ဈေးတက်လာပါတယ်။

နှမ်းဖြူကတော့ အသစ်တွေဝင်ရောက်လာပြီဖြစ်သလို နှမ်းဝါနဲ့ နှမ်းနီအသစ်တွေလည်း ဆက်တိုက်ဝင်ရောက်လာနေတဲ့အတွက် အချို့နှမ်းတွေ ဈေးပြန်ကျဆင်းသွားပါတယ်။ နှမ်းတွေက အရည်အသွေးမကောင်းတဲ့အတွက် ကုန်သည်တွေက လျှော့ဈေးနဲ့ ဝယ်ယူမှုတွေလည်းရှိနေတယ်လို့ သိရပါတယ်။

ဇွန်လတစ်လလုံးမှာဆိုရင် နှမ်းရောင်စုံက အမြင့်ဈေးတွေဖြစ်နေခဲ့ပြီး လက်ကျန်နည်းပါးခြင်း၊ ဈေးကွက်အဝင်နည်းခြင်းတို့ကြောင့် တစ်ချို့နှမ်းတွေဟာ မထင်မှတ်လောက်အောင် ဈေးမြင့်တက်သွားခဲ့ပါတယ်။ နှမ်းရောင်စုံထဲက နှမ်းညိုက သုံးတင်းဝင်တစ်အိတ်ကို အနိမ့်ဆုံး ကျပ် ၂၀၀၀၀ ဈေးနဲ့ အမြင့်ဆုံး ဈေးတက်ခဲ့ပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# နှစ်ပေါင်း ၁၅၀ ကျော် ပြည်သူ့အကျိုးသယ်ပိုးဆောင်ရွက်နေသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မူလအဖွဲ့အစည်းမှာ ၁၈၆၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် Irrawaddy Flotilla ကုမ္ပဏီလီမိတက်ဖြစ်ပြီး ယင်းမှ ခေတ်အဆက်ဆက် ပြောင်းလဲဖွဲ့စည်းလာခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိခဲ့ပြီး မြန်မာနိုင်ငံ၏ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ၁၀ စုနှစ်ပေါင်းများစွာ အလွန်အရေးပါခဲ့သည့် သမိုင်းအစဉ်အလာကောင်းသော ဌာနကြီးတစ်ခုဖြစ်သည်။

၁၉၄၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် 'ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့'၊ ၁၉၇၂ ခုနှစ် မတ်လ ၁ ရက်နေ့တွင် 'ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း'၊ ၁၉၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် 'ပြည်တွင်းရေကြောင်းပို့ဆောင်ရေး' ဟု အဆက်ဆက် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မူဝါဒ**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲ၍ ပြည်တွင်းပြည်ပ အကူအညီအထောက်အပံ့နှင့် ရင်းနှီးမြှုပ်နှံမှုများကို ရယူကာ JV, BOT, PPP စနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အနာဂတ်တွင် (Privatization)အသွင်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားလျက်ရှိသည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနများ၏ ရည်မှန်းချက်များ**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ပိုင်ခွင့်မူဘောင်အတွင်းမှ အများပြည်သူ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု (Public Transport)ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်။

ရေယာဉ်များပြေးဆွဲသွားလာနိုင်သော ရေကြောင်းလမ်းတစ်လျှောက် ခရီးသည်နှင့် ကုန်ပစ္စည်းများ လုံခြုံချောမွေ့စွာ ပို့ဆောင်နိုင်ရေးအတွက် အခြားသောပို့ဆောင်ရေးကွန်ရက်စနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။

အနာဂတ်ကာလတွင် မြစ်တွင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများအပြင် ကမ်းရိုးတန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုပါ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာမည့် မြစ်တွင်းဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို စီမံဆောင်ရွက်သွားရန်။

ဌာနပုံသေပိုင်ပစ္စည်း စီမံခန့်ခွဲမှုအနေဖြင့် အကျိုးအမြတ်ရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဖန်တီး၍ ဝင်ငွေတိုးတက်ရရှိရေး ဆောင်ရွက်သွားရန်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစွမ်းကုန် ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် လိုအပ်သောရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာများအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။

ခရီးသည်၊ ကုန်စည်၊ ရေယာဉ်များနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားရန်။

ဈေးကွက်လိုအပ်ချက်နှင့်အညီ ရေယာဉ်များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ဌာနပိုင် သင်္ဘောကျင်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်။

ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေးများမြင့်မားစေရေးအတွက် လေ့ကျင့်ပျိုးထောင်သွားရန်။

အနာဂတ်ကာလတွင် Privatization အသွင်သို့ အောင်မြင်စွာကူးပြောင်း၍ စွမ်းဆောင်ရည်မြင့်မားပြီး ဝန်ဆောင်မှုကောင်းမွန်သောဌာနအဖြစ် ရပ်တည်သွားရန်တို့ ဖြစ်သည်။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အရေးပါမှု**

ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ခြင်းနည်းလမ်းသည် ကုန်ကျစရိတ် အသက်သာဆုံးဖြင့် လိုရာခရီးသို့ သွားရောက်နိုင်ပြီး၊ ကုန်တန်ချိန်မြောက်မြားစွာကိုလည်း တစ်ချိန်တည်းတွင် အသက်သာဆုံးစရိတ်ဖြင့် သယ်ဆောင်ပေးသည့် ကဏ္ဍတစ်ခုဖြစ်ခြင်း။

မြန်မာနိုင်ငံသည် ရေယာဉ်များသွားလာနိုင်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းများနှင့် ရခိုင်ဒေသရှိ ကစ္ဆပနဒီမြစ်၊ ကုလားတန်မြစ်တို့ကဲ့သို့သော သဘာဝမှပေးသော အရင်းအမြစ်များစွာရှိပြီး အဆိုပါ သဘာဝအရင်းအမြစ်များကို အသုံးပြု၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း။

နှစ်စဉ်ပျမ်းမျှခရီးသည် ၁၂ သန်းကျော်နှင့် ကုန်တန်ချိန် ၂ သန်းကျော်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံလူတန်းစားများ အဓိကထားအသုံးပြုနေသည့် (Public Transport) အဖြစ် နှစ်ပေါင်းရာကျော် တည်တံ့နိုင်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ခြင်း။

နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ မမျှော်မှန်းနိုင်သော ထိခိုက်ပျက်စီးမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်သွားခြင်းစသည့် အခြေအနေများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် မြစ်ကူး၊ ချောင်းကူး၊ ကူးတို့ရေယာဉ်များ အရေးပေါ်စီမံဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ပေးလျက်ရှိခြင်း။

> **"နိုင်ငံတကာတွင်လည်း အများပြည်သူသွားလာသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို အဆင်ပြေချောမွေ့လွယ်ကူသက်သာစွာ ဆောင်ရွက်နေရသော ဌာန၊ အဖွဲ့အစည်းများအား သက်ဆိုင်ရာက ကူညီပံ့ပိုးမှုအပြည့်အဝပေး၍ အရှုံး၊ အမြတ်ကို ပဓာနမထားဘဲ ဆောင်ရွက်ပေးနေရသော သာဓကများစွာရှိပါသည်၊ ပို့ဆောင်ရေး ကဏ္ဍတွင် ရှုံးခြင်း၊ မြတ်ခြင်းကို ငွေကြေးကိန်းဂဏန်းတစ်ခုတည်းအပေါ် အခြေခံ၍ သုံးသပ်၊ ဆုံးဖြတ်ရန်မှာ များစွာခက်ခဲလှပါသည်၊ ငွေကြေးနှင့်တိုင်းတာ၍မရသည့် ပြည်သူများအတွက် အလေးထားဆောင်ရွက်ပေးနေရသော လုပ်ငန်းများစွာ နိုင်ငံတိုင်းတွင်ရှိပါသည်"**

လူမှုရေးဆိုင်ရာကိစ္စများ၊ ပြပွဲ၊ ပြိုင်ပွဲများတွင်လည်း ပို့ဆောင်ရေးလိုအပ်ချက်များရှိပါက အထူးခေါက်ရေများ ပြေးဆွဲပေးလျက် ရှိခြင်း။

နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်ကြီးများနှင့် လေးလံသည့်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ အထူးစီမံကိန်းဝင် တံတားကြီးများ တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ငန်းသုံးရေယာဉ်များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိခြင်း။

နိုင်ငံတကာတွင် (Public Transport)ကို နိုင်ငံတော်မှ အပြည့်အဝထောက်ပံ့အကူအညီဖြင့် ပြည်သူများ သွားလာမှု လုံခြုံချောမွေ့လွယ်ကူစေရေးအတွက် ဦးစားပေးဆောင်ရွက်ပေးနေသော အစဉ်အလာရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်နှင့် အခြေခံပြည်သူလူထုအတွက် အလွန်အရေးပါသော သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ(Public Transport) အဖြစ်ဆက်လက်ရပ်တည်နေရန် အမှန်ပင်လိုအပ်မည်ဖြစ်ခြင်း။

**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏အခန်းကဏ္ဍ မှေးမှိန်ခဲ့ရသည့် အကြောင်းအရင်းများ**

တစ်ချိန်က ပြည်သူလူထုအတွက် အဓိကအားကိုးအားထားပြုရသော ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကြီး တစ်ခုလုံးကို နိုင်ငံတော်၏ အထူးထောက်ပံ့မှုများဖြင့် စီမံဆောင်ရွက်နိုင်ခဲ့သော်လည်း လက်ရှိအချိန်တွင် နိုင်ငံနှင့် အဝန်း ကာလတိုအတွင်း ကုန်းလမ်း၊ လေကြောင်းလမ်းများနှင့် မြစ်ကူး၊ ချောင်းကူးတံတားကြီးများ တိုးတက်လာခြင်းကြောင့် ပြည်သူများအနေဖြင့် သင့်တော်သော သယ်ယူပို့ဆောင်ရေးစနစ်များကို ရွေးချယ်အသုံးပြုလာနိုင်ခြင်း။

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကြောင့် နိုင်ငံအတွင်းရှိ အဓိကမြစ်ကြောင်းကြီးများ တိမ်ကောယိုယွင်းပျက်စီးလာကာ ရေယာဉ်များသွားလာရာတွင် ကန့်သတ်ချက်များရှိလာပြီး နေ့၊ ည အချိန်မရွေး၊ ရာသီမရွေး အသုံးပြုရန် အခက်အခဲများ ရှိလာခြင်းနှင့် တစ်နှစ်ထက်တစ်နှစ် ရေယာဉ်လိုင်းများ လျော့နည်းပျောက်ကွယ်လာခြင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရေယာဉ်အများစုသည် ခေတ်စနစ်၏ စီးပွားရေးဈေးကွက်နှင့် ကိုက်ညီမှုမရှိတော့ဘဲ သက်တမ်းရင့်ရေယာဉ်ဟောင်းများ ဖြစ်နေပြီး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ ကန့်သတ်ချက်များကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကဲ့သို့ ခေတ်မီရေယာဉ်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲတည်ဆောက်သွားရန် အခက်အခဲများရှိခြင်း။

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်သော ပုဂ္ဂလိကအခန်းကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာပြီး ၎င်းတို့နှင့် ယှဉ်ပြိုင်ဆောင်ရွက်ရန် ဌာနပိုင်ရေယာဉ်များ၏ အခြေအနေမှာ ဈေးကွက်နှင့် သဟဇာတမဖြစ်တော့သဖြင့် အခက်အခဲများရှိလာခြင်း၊

အဓိက ရေကြောင်းသယ်ယူပို့ဆောင်ရေး မြစ်ကြောင်းကြီးများတစ်လျှောက်တွင် ခေတ်မီဆိပ်ကမ်းများမရှိခြင်းနှင့် လူအားဖြင့် သမားရိုးကျ ကုန်တင်၊ ကုန်ချစနစ်များကိုသာ လက်ရှိအခြေအနေတွင် ဆက်လက်အသုံးပြုနေရခြင်း၊

နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အခြေအနေများကြောင့် နှစ်စဉ် ရာသီအလိုက် တည်ငြိမ်သော သွင်းကုန်၊ ထုတ်ကုန်နှင့် ကုန်စည်စီးဆင်းမှုမျိုးမရှိဘဲ အခြေအနေနှင့် အချိန်အခါအပေါ် မူတည်ကာ ဈေးကွက်ကိုလိုက်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်း။

သက်တမ်း နှစ်ပေါင်းရာကျော်ရှိခဲ့ပြီဖြစ်သော ဌာနပိုင် လွန်းကျင်းများကို ခေတ်မီလွန်းကျင်းများအဖြစ် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော်လည်း ဘတ်ဂျက် အခက်အခဲများကြောင့် ဆောင်ရွက်နိုင်မှုမရှိခြင်း။

လက်ရှိအချိန်တွင် ကမ္ဘာနှင့်အဝန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍများ ကျဆင်းနေသည့်အတွက် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များအနေဖြင့် ဌာနနှင့် အကျိုးတူပူးပေါင်း၍ ဌာနဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် စိတ်ပါဝင်စားမှုနည်းပါးနေပြီး ဌာန၏ပိုင်ဆိုင်သော လက်ရှိ Old Infrastructures များကိုသာ အခြေတည်၍ အားပြုရပ်တည်ဆောင်ရွက်နေရခြင်း။

**ဝင်ငွေနှင့်အသုံးစရိတ်**

ဌာနတစ်ခု၏ Operation Ratio များပြားရခြင်းမှာ ဝင်ငွေနှင့်အသုံးစရိတ် မျှတမှုမရှိခြင်းကြောင့်ဖြစ်ပြီး လက်ရှိအခြေအနေတွင် အထက်ဖော်ပြပါ အခက်အခဲများကြောင့် လုံလောက်သောဝင်ငွေရှာဖွေရန် အခက်အခဲများစွာရှိနေကြောင်း စာရေးသူအနေဖြင့် လေ့လာတွေ့ရှိရပါသည်။

အသုံးစရိတ်အပိုင်းတွင် ဌာနအနေဖြင့် နှစ်စဉ်အသုံးစရိတ်စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်မှာ ဝန်ထမ်းများ၏ လစာ၊ စရိတ်များနှင့် ပင်စင်စားများ၏ ပင်စင်လစာများတွင် အသုံးပြုနေရပြီး မဖြစ်မနေ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရမည့် ရေယာဉ်ဟောင်းများအတွက် ပြင်ပပေါက်ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနေရသော သံပြား၊ သံကိုင်းများနှင့်စက်အရန်ပစ္စည်းများ၏ ဈေးနှုန်းများ၊ စက်ဆီချောဆီဈေးနှုန်းများမှာလည်း နှစ်စဉ် တစ်စထက်တစ်စ မြင့်မားလာသော်လည်း တစ်ဦးချင်းဝင်ငွေအရ အများပြည်သူအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးကိုသာ အလေးထားပြီး စရိတ်သက်သာသော Public Transport အဖြစ် ဆောင်ရွက်နေရသည့်အတွက် ပုဂ္ဂလိကကဲ့သို့ ဝင်ငွေပိုင်းတွင် အသုံးစရိတ်ကိုကာမိအောင် ပြန်လည်ရှာဖွေ ဆောင်ရွက်ရန် အခက်အခဲများစွာရှိမည်ဖြစ်ပါသည်။

ခေတ်စနစ်အရ စီးပွားရေးဈေးကွက်နှင့်အညီ အခြေအနေအရပ်ရပ်ကြောင့် အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသော သက်တမ်းရင့်ရေယာဉ်များကိုသာ လက်ရှိအချိန်တွင်အသုံးပြုပြီး ဝင်ငွေရှာဖွေနေရသည့်အတွက် အသုံးစရိတ်ကိုကာမိအောင် ဆောင်ရွက်ရန်မဖြစ်ကြောင်း သိရှိခဲ့ရသည်။

အချို့ခရီးလမ်း၊ ကူးတို့လိုင်းများတွင်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် အရေးပေါ်ဆောင်ရွက်ပေးရမည့် အခြေအနေများကြောင့် ရေယာဉ်များအသုံးပြု၍ အခမဲ့ပြေးဆွဲပေးနေရခြင်းများလည်းရှိသည့်အတွက် ငွေကြေးအရတွက်မည်ဆိုပါက အရှုံးပေါ်နေမည်သာဖြစ်သည်။

သို့သော် နိုင်ငံတကာတွင်လည်း အများပြည်သူသွားလာသည့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို အဆင်ပြေချောမွေ့လွယ်ကူသက်သာစွာ ဆောင်ရွက်နေရသော ဌာန၊ အဖွဲ့အစည်းများအား သက်ဆိုင်ရာက ကူညီပံ့ပိုးမှုအပြည့်အဝပေး၍ အရှုံး၊ အမြတ်ကို ပဓာနမထားဘဲ ဆောင်ရွက်ပေးနေရသော သာဓကများစွာရှိပါသည်။

ပို့ဆောင်ရေးကဏ္ဍတွင် ရှုံးခြင်း၊ မြတ်ခြင်းကို ငွေကြေးကိန်းဂဏန်းတစ်ခုတည်းအပေါ် အခြေခံ၍ သုံးသပ်၊ ဆုံးဖြတ်ရန်မှာ များစွာခက်ခဲလှပါသည်။ ငွေကြေးနှင့်တိုင်းတာ၍မရသည့် ပြည်သူများအတွက် အလေးထားဆောင်ရွက်ပေးနေရသော လုပ်ငန်းများစွာ နိုင်ငံတိုင်းတွင်ရှိပါသည်။

**ကဏ္ဍသစ်တစ်ရပ် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် နှစ်ပေါင်းရာချီ၍ နိုင်ငံတော်၏ အဓိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး နိုင်ငံတော်အတွက် ဝင်ငွေများစွာရှာဖွေပေးခဲ့သော သမိုင်းအစဉ်အလာကြီးမားသည့် ဌာနကြီးတစ်ခုဖြစ်သည်။ သို့သော် ခေတ်အဆက်ဆက် ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ဆက်နွှယ်နေသော ကဏ္ဍအားလုံးကို အခြေအနေအရပ်ရပ်ကြောင့် ပြုပြင်ပြောင်းလဲနိုင်ခဲ့ခြင်းမရှိဘဲ မျက်ခြည်ပြတ်ခဲ့ဟန်တူပါသည်။

ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်သက်ဆိုင်ဆက်နွှယ်နေသည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးဈေးကွက်နှင့် လိုက်လျောညီထွေသော ရေကြောင်းပို့ဆောင်ရေးကဏ္ဍ အဆောက်အအုံများ၊ ရေယာဉ်များကို နိုင်ငံတော်မှအလေးထား၍ ခေတ်စနစ်နှင့်အညီ အချိန်မီပြုပြင်ပြောင်းလဲမြှင့်တင်ဆောင်ရွက်ပေးမှသာလျှင် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင်ပြေချောမွေ့သော အားကိုးအားထားပြုရသည့် ရေကြောင်းပို့ဆောင်ရေး ကဏ္ဍသစ်တစ်ရပ် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

နာဂစ်မုန်တိုင်းဖြစ်စဉ်ကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကျရောက်စဉ်တွင်သော်လည်းကောင်း၊ မြောင်းမြကြီးတံတား ပြတ်ကျခဲ့သည့် ဖြစ်စဉ်မျိုးတွင်သော်လည်းကောင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအား ပြည်သူများက ကျေးဇူးတင်လျက်ရှိနေကြသည့်အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ အကြောင်းကို ပြည်သူများထံ အသိပေးတင်ပြလိုသဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။

# ဒလတံတား စီမံကိန်းဧရိယာအတွင်းရှိ ကျူးကျော်ဆိုင်ခန်းများ ရွှေ့ပြောင်း

**ဒလ ဇူလိုင် ၈**

ကိုရီးယား-မြန်မာချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်မည့် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီး ဘေးဝဲယာရှိ ကျူးကျော်ဆိုင်ခန်းများကို ဇူလိုင် ၇ ရက်က ရှင်းလင်းဖယ်ရှားမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းမကြီးသည် တံတားတည်ဆောက်မည့် လုပ်ငန်းခွင်ဧရိယာဖြစ်ပြီး တံတားဆောက်လုပ်ရန် မလွတ်ကင်းသည့် အဆောက်အအုံများ ဖျက်သိမ်းရွှေ့ပြောင်းပေးရသည့်အတွက် မြေယာလျော်ကြေးများကိုလည်း ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။ တံတားဆောက်လုပ်နိုင်ရန် မလွတ်ကင်းသည့် အဆောက်အအုံများ ဖျက်သိမ်းရွှေ့ပြောင်းခြင်း၊ လျှပ်စစ်မီး ကွန်ကရစ်ဓာတ်တိုင်များကို ရွှေ့ပြောင်းစိုက်ထူခြင်း၊ စီမံကိန်းဧရိယာအဖြစ် ခြံစည်းရိုးကာရံခြင်းနှင့် မြေသားဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း တံတားဆောက်လုပ်ရန် ကြန့်ကြာနေသည့်အတွက် ဈေးသည်များက အဆိုပါဧရိယာအတွင်း ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချနေကြခြင်းဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်မည့် စီမံကိန်းဧရိယာအတွင်းမှ ကျူးကျော်ဆိုင်များကို ရှင်းလင်းဖယ်ရှားရာတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြွေနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ငြိမ်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဟန်နှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မောင်ယဉ်ဦး(ဒလ)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**

## ကြေညာချက်

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ သိပ္ပံ (သစ်တောပညာ)ဘွဲ့၊ (၅)နှစ်သင်တန်းသို့ ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားနှင့် အမျိုးသမီး(၈၀း၂၀)ဖြင့် စုစုပေါင်းဦးရေ ၁၀၀ လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင် စုစုပေါင်းရမှတ် ၃၆၀နှင့်အထက် ရရှိရမည်။

(ဃ) တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေး (က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသူဖြစ်ရမည်။

(င) မိုင်(၂၀)လမ်းလျှောက်စွမ်းရည်စစ်ဆေးမှု အောင်မြင်ရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို အောက်ဖော်ပြပါ သတ်မှတ်ပုံစံအတိုင်း (A4 Size)အရွယ် စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လိုင်စင်အရွယ်ဓာတ်ပုံကပ်၍ လျှောက်ထားရန်ဖြစ်သည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) သက်ဆိုင်ရာအခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက် (မိတ္တူ)၊

(ခ) မြန်မာနိုင်ငံစာစစ်အဖွဲ့က ထုတ်ပေးသော ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း(မိတ္တူ)၊

(ဂ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)၊

(ဃ) သက်ဆိုင်ရာမြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီးပြည်သူ့ဆေးရုံတို့မှ ကျန်းမာကြောင်း ဆေးစစ်ချက်(မူရင်း)နှင့် မျက်စိအရောင်ခွဲခြားနိုင်ခြင်း (Colour Blind) ဆေးစစ်ချက်(မူရင်း)

(င) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)

(စ) လိုင်စင်အရွယ် ဓာတ်ပုံ(၃)ပုံ(ပူးတွဲ)

၆။ လျှောက်လွှာများကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော် သို့ ၃၁-၈-၂၀၁၈ ရက် (သောကြာနေ့) ရုံးချိန်အတွင်း နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော၊ အထောက်အထားမပြည့်စုံသော လျှောက်လွှာများကို ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အချက်အလက်များ မမှန်မကန် ဖော်ပြလျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ ပဏာမရွေးချယ်ခံရသူများစာရင်းကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့ အကြောင်းကြားမည် မဟုတ်ပါ။

၈။ မိုင်(၂၀)လမ်းလျှောက်စွမ်းရည်စစ်ဆေးခြင်းကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၌ ပြုလုပ်မည်ဖြစ်၍ ပဏာမရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာချိန်တွင် စစ်ဆေးမည့်နေ့ရက်ကို တစ်ပါတည်း ထည့်သွင်းကြေညာမည်။ အစစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်မူရင်း၊ အမှတ်စာရင်းမူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ကို မပျက်မကွက်ယူဆောင်လာရမည်။

၉။ အသေးစိတ်သိလိုပါက သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၆၅၁၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**(မောင်မောင်လွင်)**
**ဒုတိယဌာနမှူး-စီမံ**

**၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၆)ရက်**

**လျှောက်လွှာနမူနာပုံစံ**

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**
**နေပြည်တော်**
**ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ

၁။ အမည်(အပြည့်အစုံ)..........နိုင်ငံသားစိစစ်ရေးကတ်အမှတ်..........
၂။ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)..........
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုံအမှတ်..........ခုနှစ်..........
စာစစ်ဌာန..........
၄။ လူမျိုး..........ကိုးကွယ်သည့်ဘာသာ..........
၅။ အမြဲနေထိုင်သောလိပ်စာနှင့်တယ်လီဖုန်းနံပါတ်..........
..........
၆။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်..........
..........
၇။ ဖခင်အမည်..........နိုင်ငံသားစိစစ်ရေးကတ်အမှတ်..........
အလုပ်အကိုင်..........
အမိအမည်..........နိုင်ငံသားစိစစ်ရေးကတ်အမှတ်..........
အလုပ်အကိုင်..........
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။
ရက်စွဲ။ ..........

..........
**လျှောက်ထားသူ၏လက်မှတ်**

အထက်ဖော်ပြပါအချက်အလက်များမှန်ကန်ပါသည်။
ရက်စွဲ။ .......... ..........

**မိဘ/အုပ်ထိန်းသူ လက်မှတ်**

# မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ရေးဆွဲရေးတွင် အကြံပြုချက် ပေးပို့နိုင်ကြောင်း ကြေညာခြင်း

## ၂၀၁၈ ခုနှစ် ဇွန် ၃၀ ရက်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရေးဆွဲရန်ရှိပါသဖြင့် အသင်းခွဲများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုချက်များပေးပို့ရန် ဖိတ်ခေါ်ကြောင်းနှင့် မိမိတို့အသင်းခွဲများ၏ အကြံပြုချက်များကို ဤကြေညာသည့်ရက်မှစ၍ ရက်သတ္တပတ်(၂)ပတ်အတွင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (နေပြည်တော်)နှင့် ရန်ကုန် (ကမ္ဘာအေး) ရုံးများသို့ ပေးပို့နိုင်ပါကြောင်း ကြေညာပါသည်။

**ဖခင်အမည်မှန်**
ပြည်ကြီးတံခွန်မြို့နယ်၊ ကျော်ကြားကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မသီရိကျော်၏ ဖခင် ဦးဖိုးကျော်၏ အမည်မှန်မှာ ဦးကျော်ကျော် ၉/အမရ(နိုင်)၀၈၂၀၃၆ ဖြစ်ပါကြောင်း။
**ဦးကျော်ကျော်**

**ဖခင်အမည်မှန်**
မင်းပြားမြို့နယ်၊ စိတ္တရကျေးရွာနေ မမေဦးခင်နှင့် မအေးချောတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၁၁/မမန(နိုင်) ၀၅၆၇၃၄ ဖြစ်ပါကြောင်း။

**အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ ကွမ်းသီးတစ်ပင်အုပ်စု၊ သာယာရွှေပြည်ကျေးရွာနေ ဦးသန်းမြင့်၏ အမည်မှန်မှာ ဦးမြင့်သန်း၇/လပတ(နိုင်)၀၈၅၃၃၁ဖြစ်ပါကြောင်း။
**ဦးမြင့်သန်း**

**ဖခင်အမည်မှန်**
ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းအထက တက္ကသိုလ်ဝင်တန်း(A)မှ မချိုချိုရွှေ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်အောင် ၈/ပဖန(နိုင်)၀၁၅၈၇၉ဖြစ်ပါကြောင်း။
**ဦးမျိုးမြင့်အောင်**

**မိခင်အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(၁)၊ စတုတ္ထတန်းမှ မောင်စိုးဝေဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်အေးပို ၈/သရန(နိုင်)၀၂၁၀၅၈ ဖြစ်ပါကြောင်း။
**ဒေါ်အေးပို**

**ဖခင်အမည်မှန်**
ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မြို့ခင်းသာကျေးရွာ အလက ဒုတိယတန်းမှ မပိုးအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင်ငွေး ၈/မမန(နိုင်) ၁၈၉၆၆၅ ဖြစ်ပါကြောင်း။
**ဦးမင်းနိုင်ငွေး**

**ဖခင်အမည်မှန်**
မလှိုင်မြို့နယ်၊ အထက(ခွဲ)ကျွဲခြံ၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်သုခ၏ ဖခင်အမည်မှန်မှာ ဦးဟန် ၉/တတဥ(နိုင်)၀၃၁၆၆၉ ဖြစ်ပါကြောင်း။
**ဦးဟန်**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကင်မွန်းခြံ၊ အလက(ခွဲ) အဌမတန်းမှ မဝတ်ရည်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွန်းနိုင် ၇/ညလပ(နိုင်)၁၁၅၇၇၁ ဖြစ်ပါသည်။
**ဦးမြင့်ထွန်းနိုင်**

**မိဘအမည်မှန်**
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း သတ္တမတန်းမှ လွေးကြူကြူစံ၏ မိဘအမည်မှန်မှာ ဦးအိုက်ဘ ၁၃/နခန(နိုင်) ၀၈၈၆၈၂နှင့် ဒေါ်လွေးမြအေး ဖြစ်ပါကြောင်း။
**ဦးအိုက်ဘ-ဒေါ်လွေးမြအေး**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် AEC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအိဇင်မောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင် ၈/ပခက(နိုင်)၁၆၀၄၂၄ ဖြစ်ပါကြောင်း။
**ဦးမျိုးခိုင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မတ္တရာမြို့နယ်၊ အထက(ခွဲ)ကင်းရွာ၊ အဌမတန်းမှ မောင်ပြည့်ဝထွန်း၏ဖခင် ဦးနေမျိုး ၉/မတရ(နိုင်)၀၁၉၉၈၉နှင့် ဦးညိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးနေမျိုး(ခ)ဦးညို**

**ဖခင်အမည်မှန်**
မလှိုင်မြို့နယ်၊ အထက(ခွဲ)ကျွဲခြံ၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ကျော်ဇောဟိန်း၏ ဖခင်အမည်မှန်မှာ ဦးညိမ်းမောင် ၉/ပဥလ(နိုင်)၀၆၆၃၈၆ ဖြစ်ပါကြောင်း။
**ဦးညိမ်းမောင်**

**မွေးသက္ကရာဇ်အမှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကျူချောင်းအရှေ့ကျေးရွာနေ ဦးစောညွန့်လှိုင်၏သား မောင်မင်းသူထက်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။
**မောင်မင်းသူထက်**

**မိခင်အမည်မှန်**
၂၀၁၈-၂၀၁၉ ပညာသင်နှစ် ဇန်းမော်မြို့ အထက(၃) နဝမတန်း(B)မှ မောင်အောင်ဖြိုးသန့်၊ဆဋ္ဌမတန်းမှမအိနှင်းဖြိုး၊ စတုတ္ထတန်း(B)မှ မောင်သန့်စင်မင်းတို့၏မိခင်အမည်မှန်မှာ ဒေါ်အုန်းအုန်း ၁/ဗမန (နိုင်)၀၈၄၉၈၂ ဖြစ်ပါကြောင်း။
**ဒေါ်အုန်းအုန်း**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း ဒုတိယတန်းမှ မထက်ရတီအောင်၏ ဖခင်အမည်မှန်မှာ ဦးရဲလင်းကျော် ၇/သဝတ(နိုင်)၁၁၅၁၁၃ ဖြစ်ပါကြောင်း။
**ဦးရဲလင်းကျော်**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မုန်တိုင် အလက ဆဋ္ဌမတန်းမှ မမေသူလှိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းထွန်း ၉/ညဥန(နိုင်)၁၆၂၂၁၂ ဖြစ်ပါကြောင်း။
**ဦးစန်းထွန်း**

**ဖခင်အမည်မှန်**
မလှိုင်မြို့နယ်၊ အထက နောကန်၊ တက္ကသိုလ်ဝင်တန်း(C)မှ မဖြူဖြူဇင်၏ ဖခင်အမည်မှန်မှာ ဦးအုံးမြင့် ၉/မလန(နိုင်)၀၆၂၄၉၉ ဖြစ်ပါကြောင်း။
**ဦးအုံးမြင့်**

**ဖခင်အမည်မှန်**
ပေါင်မြို့နယ်၊ အထက (ဇင်းကျိုက်)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မင်းချမ်းစော၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းနိုင် ၁၀/ပမန(နိုင်) ၁၄၀၃၈၉ ဖြစ်ပါသည်။
**ဦးအောင်ထွန်းနိုင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကသာမြို့နယ်၊ တုန်းပေါကျေးရွာအုပ်စု၊ သိမ်အင်းရွာနေ ဦးချိုဦး၏သမီး တက္ကသိုလ်ဝင်တန်းအောင် မနှင်းဝေလှိုင်နှင့် မနှင်းဝေဝေလှိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မနှင်းဝေလှိုင်(ခ)မနှင်းဝေဝေလှိုင်**

**မွေးသက္ကရာဇ်အမှန်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ ကျွဲသတ်အုပ်စု နွယ်ခွေကျေးရွာနေ ဦးမောင်မောင်စိုး၏သမီး မသက်သက်ဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၅-၂၀၀၁ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မုန်တိုင် အလက ဆဋ္ဌမတန်းမှ မဝါဝါလွင်၏ ဖခင်အမည်မှန်မှာ ဦးရဲအောင် ၉/ညဥန(နိုင်)၁၈၉၁၂၆ ဖြစ်ပါကြောင်း။
**ဦးရဲအောင်**

**ဖခင်အမည်မှန်**
မလှိုင်မြို့နယ်၊ အထက နောကန်၊ တက္ကသိုလ်ဝင်တန်း (B)မှ မောင်ပိုင်စိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ကြိုင် ၉/မလန(နိုင်) ၁၀၃၀၃၂ ဖြစ်ပါကြောင်း။
**ဦးမောင်ကြိုင်**

**ဖခင်အမည်မှန်**
ပေါင်မြို့နယ်၊ အထက (ခွဲ)၊ ကျားဘိုကျောင်း၊ ပဉ္စမတန်းမှ မနန်းထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ၁၀/ပမန(နိုင်)၁၆၅၆၆၀ ဖြစ်ပါသည်။
**ဦးသိန်းစိုး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အနောက်ရပ်မြောက်ပိုင်း ရပ်ကွက်နေ ၈/သရန(နိုင်)၁၁၈၁၆၂ ကိုင်ဆောင်သူ အထက ကျောင်းဝင်အမှတ် ၆၇၀၁ မောင်ပြည့်စုံမောင်၏ဖခင် ဦးမောင်ဆယ်နှင့် ဦးဖိုးဆယ် ၈/သရန(နိုင်)၀၁၄၁၂၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးမောင်ဆယ်(ခ)ဦးဖိုးဆယ်**

**အမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကညင်ငူ၊ အုတ်ပုံကျေးရွာနေ ဦးသိန်းစိုး၏သမီး မဆုဝေရီ၏ အမည်မှန်မှာ မစုဝေရီ ၁၄/ဟသတ(နိုင်)၃၀၁၈၅၇ ဖြစ်ပါသည်။
**မစုဝေရီ**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ရွာနောင်ကျေးရွာ၊ အထက ရေလယ်ကျွန်း အဌမတန်းမှ မစုမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၉/ညဥန(နိုင်)၁၇၅၃၂၇ ဖြစ်ပါကြောင်း။
**ဦးအောင်ကျော်မိုး**

**ဖခင်အမည်မှန်**
မလှိုင်မြို့နယ်၊ အထက နောကန်၊ တက္ကသိုလ်ဝင်တန်း(B)မှ မပန်းအိခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၉/မလန(နိုင်)၀၄၉၅၄၆ ဖြစ်ပါကြောင်း။
**ဦးဇော်လင်း**

**မွေးသက္ကရာဇ်အမှန်**
ပေါင်မြို့နယ်၊ အထက(ခွဲ)၊ ဥတ္တံတားကျောင်း၊အဌမတန်း(A)မှ (ဘ)ဦးမင်းလွင်၁၀/ပမန(နိုင်)၀၅၉၆၆၈၏သား မောင်စိုးစိုးထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၂-၂၀၀၅ ဖြစ်ပါကြောင်း။
**မောင်စိုးစိုးထွန်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၊ အထက မင်းလှ နဝမတန်း(F)မှ မောင်ဝေဖြိုးဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမြဟန်နှင့် ဦးမျိုးမြင့်ဦး ၈/မလန(နိုင်)၀၈၂၉၃၂မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဦးမြဟန်(ခ)ဦးမျိုးမြင့်ဦး**

**မိဘအမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက (ပိန်းနဲကုန်း)၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းနုထွေး၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး(ခ)ဖိုးငွေး ၁၀/ကမရ(နိုင်) ၀၆၃၉၈၇နှင့် မိခင်အမည်မှန်မှာ ဒေါ်အေးသိန်း(ခ)ဒေါ်အေးအေးသိန်း ၁၀/ကမရ(နိုင်)၀၁၀၇၈၁ ဖြစ်ပါသည်။

**မိခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ စဉ့်ကူ အထကမှ မောင်ငြိမ်းငြိမ်းဝင်း တက္ကသိုလ်ဝင်တန်း (B)ခန်း၏ မိခင်အမည်မှန်မှာ ဒေါ်တင်ခိုင်ဦး ၉/ညဥန (နိုင်)၁၂၉၄၅၉ ဖြစ်ပါကြောင်း။
**ဒေါ်တင်ခိုင်ဦး**

**ပျောက်ဆုံးကြောင်း**
Ever Ok ကုမ္ပဏီမှ တင်သွင်းသော သွင်းကုန်လိုင်စင်အမှတ် MWDQILV 18-19 0944 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဖုန်း-၀၉-၇၄၃၀၇၅၇၇၅**

**ဖခင်အမည်မှန်**
စစ်ကိုင်းမြို့နယ် ညောင်ကုန်းအထက(ခွဲ)၊ သတ္တမတန်းမှ မအိဖူးသော်၏ ဖခင်အမည်မှန်မှာ ဦးဆွေဇင်ထွန်း ၅/စကန(နိုင်) ၁၇၁၅၄၉ ဖြစ်ပါကြောင်း။
**ဦးဆွေဇင်ထွန်း**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 7E/3709 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(သရက်)**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက (ပိန်းနဲကုန်း)တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးနိုင်၏ ဖခင်အမည်မှန်မှာ မာမက်ကရင် ၁၀/ကမရ(နိုင်) ၀၇၉၄၇၆ ဖြစ်ပါသည်။
**မာမက်ကရင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၉ယ/၈၀၉၉ ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁/မကန(နိုင်) ၀၅၇၇၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ယ/၇၀၂၀၆ Kenbo 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအုံးမောင်၉/ပမန(နိုင်)၀၅၆၅၅၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန(နေပြည်တော်)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးမင်းဇော်၅/ကလတ(နိုင်)၀၃၅၂၅၄၏သား ရွှေဘိုတက္ကသိုလ် ဘူမိဗေဒ အထူးပြု စတုတ္ထနှစ်မှ မောင်သံစဉ်နှင့် မောင်သံစဉ်မှူး ၅/အတန(နိုင်)၁၀၉၀၃၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်သံစဉ်(ခ)မောင်သံစဉ်မှူး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၇ယ/၆၄၁၅၁ KENBO 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသစ်လွင် ၈/မတန(နိုင်)၀၀၃၈၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (သရက်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၅၂ယ/၈၆၂၈၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၁၄/ပသန(နိုင်)၀၃၇၈၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၁၈ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ဇူလိုင် ၁၇ရက်ထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄ ပေခန့်မှ ၂၁ ဒသမ ၂ ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ(၂၂)ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၀ ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကင်းသာ(၁/၂)ကျောက်ထုတ်စခန်း၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်အချုပ်ထောင်ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီနယ်မြေရှိ အကျဉ်းသားများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း စားသုံးရန် လိုအပ်သော ရိက္ခာဆန် (၇၅၉၁)အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူအနေဖြင့် တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်ငွေအဖြစ် ရိက္ခာဆန်အိတ်တန်ဖိုး ကျသင့်ငွေ၏ ၁% ကို တင်ဒါအာမခံစပေါ်ငွေအဖြစ် Payment Order Cheque (PO Cheque) ပြုလုပ်ပေးသွင်းရန်နှင့် မိမိပေးသွင်းမည့်ရိက္ခာဆန်နမူနာတို့အား ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၂၀-၇-၂၀၁၈ရက်မှ ၃၁-၇-၂၀၁၈ရက်ထိ၊ နေပြည်တော်၊ ရဲတပ်ဖွဲ့မှူးရုံး

၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၆-၈-၂၀၁၈ရက် ၁၁:၀၀နာရီ ဖြစ်ပါသည်

၅။ တင်ဒါတစ်စုံလျှင်ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးရှိ အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့တွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ဖုန်း-၀၆၇-၅၀၀၁၉၃၊ ၀၆၇-၅၅၀၂၀၀ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကျဉ်းဦးစီးဌာန၊ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး**

## စစ်ကိုင်းတိုင်းဒေသကြီး
## အလံ၊ တံဆိပ် ပြိုင်ပွဲဖိတ်ခေါ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၏ ၂၀၁၈ ခုနှစ် ဒုတိယအကြိမ်လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၏ ကိုယ်စားပြုအလံ အစိုးရအဖွဲ့ အမှတ်အသားတံဆိပ်အား ပြုပြင်ပြောင်းလဲမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်အလက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အလံအရောင်တံဆိပ်
(ခ) တိုင်းဒေသကြီး၏ တံဆိပ်/အမှတ်အသား(Logo)
(ဂ) အထက်ဖော်ပြပါအပိုဒ်(က)(ခ)တို့၏ အရောင် အဓိပ္ပာယ် အရွယ်အစား ဖော်ပြချက်များအား ပြည့်စုံစွာဖော်ပြ၍ ၁၈-၇-၂၀၁၈ ရက်နေ့ ရုံးချိန်နောက်ဆုံးထား၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးရုံးခန်းသို့ ဆက်သွယ်ရန်လိပ်စာ ဖုန်းနံပါတ် အပြည့်အစုံဖော်ပြ၍ Soft Copy, Hard Copy နှင့်အတူ ပေးပို့ရန် ဖိတ်ခေါ်အပ်ပါသည်။

**မှတ်ချက်။** တိုင်းဒေသကြီး၏ အလံ/တံဆိပ်(Logo)တို့အား ရွေးချယ်ခံရပါက ထိုက်တန်သည့်ဥာဏ်ပူဇော်ခ ချီးမြှင့်မည်ဖြစ်ပါသည်။

**စုံစမ်းမေးမြန်းလိုပါက**
**ဖုန်း-၀၉-၄၅၀၅၄၃၂၂၂ သို့**
**ဆက်သွယ်မေးမြန်းနိုင်ပါသည်**
**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ငွေလုံးငွေရင်းလုပ်ငန်းများအတွက် (မြန်မာ) ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁ | နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ကျောင်းဝင်း ခြံစည်းရိုး အုတ်တံတိုင်း ကာရံခြင်း (၃၂၉၀'×၆) |
| ၂ | မြစ်ကြီးနားတက္ကသိုလ် နယ်နိမိတ်အနောက်ဘက်ပတ်လမ်းကတ္တရာ ခင်းခြင်း (၁၈၉၀'×၁၆') |
| ၃ | မိုးကောင်းမြို့နယ်၊ အထက(ခွဲ)နမ္မကျောင်းခြံစည်းရိုး Chain Link ကာရံခြင်း (၁၂၀၀'×၅')နှင့်ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း (၃၈၅'×၁၆'×၆") |
| ၄ | VIP စည်းကြိုယာဉ် (၁)စီး ဝယ်ယူခြင်း (Toyota Landcruiser 2015-2016 Model) |

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၈ရက်(ရုံးချိန်အတွင်း)
၃။ **တင်ဒါပိတ်မည့်ရက်** - ၂-၈-၂၀၁၈ရက် ၁၂:၀၀ နာရီအထိ
၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး
၅။ သတ်မှတ်ချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၆။ အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၅၂၄၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

## Yangon Metropolitan Development Public Co., Ltd.
## ဟိုတယ်ခရီး အဆောက်အအုံဟောင်း ရှေးမူမပျက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း လျှပ်စစ်၊ စက်မှုနှင့် ရေသန့်လုပ်ငန်း (M&E) အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမှတ် ၇၇/၉၁၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင်ဟိုတယ်ခရီး အဆောက်အအုံဟောင်းအား ရှေးမူမပျက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဤစီမံကိန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား စီမံခန့်ခွဲရန် Yangon Metropolitan Development Public Co.,Ltd. အား တာဝန်ပေးအပ်ထားပြီးဖြစ်သည်။ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော လျှပ်စစ်၊ စက်မှုနှင့် ရေသန့်လုပ်ငန်း (M&E) များ ဆောင်ရွက်ရန်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ဟိုတယ်ခရီးအဆောက်အအုံဟောင်း၌ လျှပ်စစ်၊ စက်မှုနှင့် ရေသန့်လုပ်ငန်း (M&E) များ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များအနေဖြင့် အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| တင်ဒါအချက်အလက်များ | တင်ဒါကြေး |
|---|---|
| M&E Tender Package<br>(က) Electrical Extra Low Voltage (ELV) Package<br>(ခ) Mechanical and Plumbing Package | ၅၀၀၀၀ ကျပ် |

၃။ တင်ဒါလျှောက်လွှာများနှင့် ဆက်စပ်အချက်အလက်များအား အပိုဒ် (၆) ပါ လိပ်စာတွင် (၉-၇-၂၀၁၈) ရက်မှစ၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါလျှောက်လွှာများအား သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာဖိုးအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

၄။ အိတ်ပိတ်ထားသည့် တင်ဒါအဆိုပြုလွှာများအား Yangon Metropolitan Development Public Co.,Ltd. ရုံးခန်းသို့ ၃၀-၇-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီမတိုင်ခင် ပေးပို့ရမည်။

၅။ နောက်ကျတင်သွင်းလာသည့် တင်ဒါအဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ Yangon Metropolitan Development Public Co.,Ltd. သည် တင်ဒါအဆိုပြုလွှာများအား မည်သည့်အကြောင်းပြချက်ပေးရန်မလိုဘဲ လက်ခံခြင်း၊ ငြင်းပယ်ခြင်းများ ပြုလုပ်နိုင်သည်။ YMD အနေဖြင့် တင်ဒါတင်သွင်းသူများနှင့် ညှိနှိုင်းခွင့်ရှိသည့်အပြင် ဈေးနှုန်းအနည်းဆုံး တင်သွင်းလာသည့် တင်ဒါအဆိုပြုလွှာအား လက်ခံရန် တာဝန်မရှိပါ။

၆။ တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရမည့်နေရာ
Yangon Metropolitan Development Public Co.,Ltd.
အခန်းအမှတ် (၂၂၂)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊
ဖုန်း- ၀၉-၄၄၈၁၄၄၇၄၄၊ ၀၉-၄၄၈၁၄၄၇၅၅

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9N/3552 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ သုံးတောင် (အထက-ခွဲ)၊ သတ္တမတန်းမှ မောင်ကျော်သူရနှင့်ကျောက်ဖျာဒိုး(အမက)၊ စတုတ္ထတန်းမှ မောင်ဟိန်းလျှံဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းမောင် ၉/လဝန (နိုင်) ၂၆၈၇၁၂ ဖြစ်ပါသည်။ **ဦးဝင်းမောင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ မြင်းပေါက်ကျေးရွာအုပ်စု၊ တောင်ကုန်းကျေးရွာနေ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မအိမျိုးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန်း ၅/ဆလက(နိုင်)၀၆၄၉၈၂ ဖြစ်ပါကြောင်း။ **ဦးမျိုးသန်း**

## မိခင်အမည်မှန်

မြိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း (အတွဲ ၁၊ သရဖီ)မှ မမျိုးအေးဇင်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်စန်းစန်းဌွေး ၆/တသရ(နိုင်) ၀၆၀၃၇၀ ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းဌွေး**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ နဘူးအိုင်ကျေးရွာ၊ အထက နဝမတန်းမှ မအိအိဝင်း၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းရွှေ ၉/မခန (နိုင်) ၂၁၃၀၆၆ ဖြစ်ပါကြောင်း။ **ဦးလှဝင်းရွှေ**

## အမည်မှန်

ဦးအောင်လှမြင့်၏သမီး မြိတ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(အတွဲ ၁၊ ယုဇန)မှ မစိုးမြတ်မြတ်နွယ်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မစောမြတ်နွယ် ၆/ကသန (နိုင်) ၁၀၉၃၆၁ ဖြစ်ပါကြောင်း။ **မစောမြတ်နွယ်**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ နဘူးအိုင်ကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မြင့်သိန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၉/မခန(နိုင်)၀၉၉၃၂၄ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ဃ/၇၉၇၂၈ ဟွန်ဒါဝေ့(ဖ်) (110) ယာဉ်လက်ဝယ်ရှိသူ ဦးသုမနစာရ ၇/ပခန(နိုင်)၀၀၇၉၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ နဘူးအိုင်ကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မမျိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးထူးအောင်ချို ၉/မခန(နိုင်)၁၈၄၂၀၄ ဖြစ်ပါကြောင်း။ **ဦးထူးအောင်ချို**

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ နဘူးအိုင်ကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မသင်းသင်းအေး၏ ဖခင်အမည်မှန်မှာ ဦးကိုလေး ၉/မခန(နိုင်)၁၃၁၆၂၆ ဖြစ်ပါကြောင်း။ **ဦးကိုလေး**

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ(ဘ)ဦးပြည့်ဖြိုးလင်း၏သား မောင်မင်းဝဏ္ဏဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၇-၃-၂၀၀၃ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးအုန်းလွင်၏သား မောင်နေလင်းထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၃၀-၁၁-၂၀၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့(အထက)၊ နဝမတန်း (A)မှ မောင်ချစ်ဝိုင်း၊ ခင်တန်းကြီး (မူ/လွန်) ကျောင်း ဆဋ္ဌမတန်းမှ မသဲနုခိုင်၊ စတုတ္ထတန်းမှ မငုဝါလှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော်ဦး ၇/ကတခ(နိုင်) ၁၂၇၆၃၇ ဖြစ်ပါသည်။ **ဦးမင်းဇော်ဦး**

**TMH Telecom Public Co.,Ltd**
**Limited on the Yangon stock Exchange**
**Company Registration No. 368/2007-2008 (YSX Code-00005)**

## ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားစာ

TMH Telecom Public Company Limited ၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များတက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၅-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ
**ကျင်းပမည့်နေရာ** - Gandamar Grand Ballroom (Gandamar Wholesale)

**အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုရန်ကိစ္စရပ်များ**

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုရန်။
၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၏ ဒါရိုက်တာအဖွဲ့အစီအရင်ခံစာကို အတည်ပြုရန်။
၃။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် အဆိုပြုထားသည့်အမြတ်ဝေစုကို အတည်ပြုရန်။
၄။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျတာဝန်ထမ်းဆောင်ခြင်းနှင့် ပြန်လည်ရွေးချယ်ခန့်အပ်မှုကို အတည်ပြုရန်။
၅။ ဒါရိုက်တာအဖွဲ့ဝင် အသစ်ခန့်အပ်မှုနှင့် Nomination Committee ဥက္ကဋ္ဌ ပြောင်းလဲခန့်အပ်မှုကို အတည်ပြုရန်။
၆။ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းကို အတည်ပြုရန်။
၇။ U Tin Latt and Associates အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်မှုကို အတည်ပြုရန်။

**အမြတ်ဝေစုခံစားခွင့်**

၂၀၁၇-၂၀၁၈ ခုနှစ်အတွက် အမြတ်ဝေစုကို ၂၀၁၈ခုနှစ် ဇူလိုင်လ ၁၂ရက်တွင် YSX ရှိ အစုရှယ်ယာစာရင်းအရ ပိုင်ဆိုင်သောအရေအတွက်အတိုင်း ခံစားခွင့်ရှိမည်ဖြစ်သည်။

**အမြတ်ဝေစုများထုတ်ဝေပေးခြင်း**

- အမြတ်ဝေစုထုတ်ဝေပေးမည့်ရက်ကို နှစ်ပတ်လည်အစည်းအဝေးတွင် ကြေညာပေးမည်ဖြစ်ပါသည်။
- Securities Account မဖွင့်လှစ်ရသေးသောအစုရှယ်ယာရှင်များသည် TMH Telecom Public Co.,Ltd. နှင့် တိုက်ရိုက်ဆက်သွယ်၍ ထုတ်ယူနိုင်ပါသည်။
- Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုအား မိမိတို့ဖွင့်လှစ်ခဲ့သော Securities ကုမ္ပဏီများသို့ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အစည်းအဝေးအကြောင်းကြားစာအား ၂၀၁၈ခုနှစ် ဇူလိုင် ၁၂ရက် YSX ရှိ အစုရှယ်ယာစာရင်းအရ အစုရှယ်ယာရှင်များထံသို့ ပေးပို့မည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အကြောင်းကြားစာမရရှိသော အစုရှယ်ယာရှင်များအနေဖြင့် မှတ်ပုံတင်မူရင်းနှင့်အတူ TMH Telecom Public Co.,Ltd. ရုံးခန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းလိုသည့်အချက်အလက်များရှိပါက TMH Telecom Public Co.,Ltd. သို့ ၂၀၁၈ခုနှစ် ဩဂုတ် ၁ရက် ညနေ ၅နာရီတွင် နောက်ဆုံးထား၍ပေးပို့ကြရန်ဖြစ်ပါသည်။

**အမှုဆောင်ဒါရိုက်တာအဖွဲ့**
**TMH Telecom Public Co.,Ltd.**

**ဆက်သွယ်ရန် -**

TMH Telecom Public Co., Ltd
အမှတ် (၅၄)၊ ၄-၅ လွှာ၊ Eastern Business Centre ၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း : ၀၉-၄၅၇၆၈၈၈၈၇
Website : www.tmhtelecom.com

# လက်ရှိချန်ပီယံ ရှမ်း၊ ရန်ကုန်နှင့် ဟံသာဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့် ဟံသာဝတီအသင်းတို့ အနိုင်ရခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက Southern အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ခက်ခက်ခဲခဲ ကစားခဲ့ရသော်လည်း တိုက်စစ်မှူး ဒွေးကိုကိုချစ်၏ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့သော်လည်း ထိပ်ဆုံးမှ ရန်ကုန်အသင်း နိုင်ပွဲရခဲ့သောကြောင့် နှစ်မှတ်အကွာဖြင့် ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နေသည်။

ရှမ်းယူနိုက်တက်အသင်းတွင် ဒဏ်ရာမှပြန်ကောင်းလာသည့် အသင်းခေါင်းဆောင် သီဟစည်သူအပါအဝင် လူစုံပါဝင်ခဲ့ပြီး လီဟန်ကွတ်ကို ဆက်လက်အနားပေးကာ မီလန်၊ ခရစ္စတိုဖာတို့ဖြင့် ဆက်လက်ပွဲထွက်ခဲ့သည်။ Southern အသင်းမှာလည်း လူစုံအသုံးပြုခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကို အဝေးကွင်း၌ ရင်ဆိုင်ခဲ့သည်။ ပထမအကျော့က အိမ်ကွင်းတွင် အနိုင်ကစားခဲ့သည့် Southern အသင်းသည် အဝေးကွင်း၌ အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။ Southern အသင်းကစားပုံကြောင့် ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်အားမြှင့်လာပြီး ၆၂ မိနစ်တွင် တိုက်စစ်မှူး ဒွေးကိုကိုချစ်က တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅*



ရှမ်းယူနိုက်တက်နှင့် Southern အသင်း ယှဉ်ပြိုင်နေစဉ်။

# အာဆီယံယူ- ၁၉ ဘောလုံးပြိုင်ပွဲ မြန်မာအသင်းနှစ်ပွဲဆက် အနိုင်ရရှိ

**ရန်ကုန် ဇူလိုင် ၈**

၂၀၁၈ အာဆီယံယူ-၁၉ ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်များကိုယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၉ အသင်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ မြန်မာ ယူ- ၁၉ အသင်းသည် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ခုနစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် နှစ်ပွဲဆက်ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရန် မျှော်လင့်ချက်ပိုကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းရော ဂိုးသွင်းစွမ်းရည်ပါ တိုးတက်လာပြီး သုံးပွဲတွင် ၁၃ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ မလေးရှားအသင်းသည် တီမောနှင့် သရေကျခဲ့သောကြောင့် မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် သရေကစားရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။

မြန်မာ ယူ- ၁၉ အသင်းသည် ကွင်းလယ်ကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ပြည့်စုံနိုင်တို့ဖြင့် လူစုံပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဘရူနိုင်းအသင်းကို တစ်ဖက်သတ် ဖိကစားခဲ့ပြီး ငါးဂိုးအထိ သွင်းယူနိုင်ခဲ့သည်။ ၁၃ မိနစ်တွင် အသင်းခေါင်းဆောင် မြတ်ကောင်းခန့်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၂၁ မိနစ်တွင်ရရှိသည့် ပယ်နယ်တီကို ပြည့်စုံနိုင်က အမှားအယွင်းမရှိ သွင်းယူခဲ့သည်။ ဂိုးများဆက်တိုက်ပေးလိုက်ရသောကြောင့် ဘရူနိုင်းနောက်တန်း ပြိုဆင်းသွားခဲ့ပြီး ၂၄ မိနစ်တွင် မြတ်ကောင်းခန့်၊ မိနစ် ၄၀ တွင် ပြည့်စုံနိုင်၊ ၄၃ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာ ယူ- ၁၉ အသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး အနိုင်ဂိုးများကို ၅၈ မိနစ်တွင် ဝင်းနိုင်ထွန်း၊ ၈၁ မိနစ်တွင် လွှမ်းမိုးဦးတို့က သွင်းယူခဲ့သည်။ ဘရူနိုင်းအသင်းအတွက် ချေပဂိုးကို ၈၇ မိနစ်တွင် ရာဟီမင်က သွင်းယူခဲ့သည်။

အုပ်စု (ခ) အခြားပွဲတွင် မလေးရှားနှင့် တီမောအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၅*

## မြန်မာအမျိုးသမီးအသင်း အုပ်စုပထမနေရာအတွက် ဗီယက်နမ်နှင့် ယနေ့ကစားမည်

စာ- ၁၂

## ကလေးမြို့စစ်ဆေးရေးဂိတ်၌ လေသေနတ်လေးလက်နှင့် တရားမဝင်ဆေးဝါးများ ဖမ်းဆီးရမိ

စာ- ၁၃

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယကုန်းတွင်း ဝင်ရောက်ကာ အားလျော့သွားပြီဖြစ်

**နေပြည်တော် ဇူလိုင် ၈**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ကာ အားလျော့သွားပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ကန်တော်ကြီးဥယျာဉ်အတွင်း သစ်သားတံတား ကျိုးကျမှုဖြစ်

**ရန်ကုန် ဇူလိုင် ၈**

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ အများပြည်သူများ အပန်းဖြေလျှောက်လှမ်းနိုင်ရန်အတွက် တည်ဆောက်ထားသော သစ်သားတံတားပတ်လမ်းတစ်နေရာတွင် ဇူလိုင် ၈ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ရုတ်တရက်ကျိုးကျမှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ ကန်တော်ကြီးအတွင်း ခေမာဒီပကျွန်းနှင့် ပုဂံကျွန်းသို့ ဆက်သွယ်ထားသော သစ်သားတံတားရှိ သုခိတာရာမဇရပ် ပေ ၅၀× ၄၀ ၏ ဝဲဘက်အခြမ်းရှိ အောက်ခံရက်မတန်း ဆွေးနေမှုကြောင့် ကျိုးကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တံတားရုတ်တရက်ကျိုးကျမှုကြောင့် အားကစားလေ့ကျင့်ခန်းပြုလုပ်ပြီး ပြန်လာကြသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးလေးဦးတို့ ရေထဲပြုတ်ကျခဲ့သည်။ ဖြစ်ပွားရာသို့ အနီးရှိ ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်းများက အမြန်ဆုံးရောက်ရှိလာပြီး ကယ်ဆယ်မှုများပြုလုပ်ပေးခဲ့ကြသည်။ ရေထဲသို့ပြုတ်ကျသူ ငါးဦးစလုံး တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ယင်းကန်တော်ကြီးအတွင်းရှိ ပတ်လမ်းမှာ အရှည်ပေ ၇၀၀၀ ရှိပြီး ကြံ့ခိုင်မှုအားနည်းလာသည့်အတွက် သံကူကွန်ကရစ် တံတားတည်ဆောက်ရန် စီစဉ်မှုများပြုလုပ်ခဲ့ရာ ပြီးခဲ့သောနှစ်က ပေ ၁၂၅၀ ပြီးစီးခဲ့ပြီး ယခုနှစ်တွင် ပေ ၂၀၀၀ ပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။

ထို့အပြင် ကျန်ရှိသော တံတားအစိတ်အပိုင်းများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိဖြစ်စဉ်အရ ကြံ့ခိုင်မှုအားနည်းသောအပိုင်းများကို စစ်ဆေး၍ ဖြတ်သန်းခွင့်ကန့်သတ်ပြီး အန္တရာယ်ရှိသောနေရာများအဖြစ် အများပြည်သူတို့ သိရှိနိုင်ရန် ဆိုင်းဘုတ်များ ထင်ရှားစွာ ချိတ်ဆွဲပေးထားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

